# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်    ၂၀၁၆ ခုနှစ်၊ မတ် ၁ ရက်၊ အင်္ဂါနေ့၊    အတွဲ [၅၅]၊ အမှတ် [၁၅၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်  မတ်  ၁**

၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံသမ္မတ ဦးသျှောင်အဖွဲ့အကြီးအကဲ မစ္စတာ ဒရက်ဂမ် ကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# စက်မှုစီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား ဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ-၃



# ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ တပ်မဟာ (၆) တိုးချဲ့ဖွဲ့စည်းခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေး

စာမျက်နှာ-၅



# မိတ္ထီလာကန်ကူးတံတားသစ်ကြီး တည်ဆောက်မှု မတ်လတွင်ပြီးစီးမည်

**တင်လှိုင်(မိတ္ထီလာ)**

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၉**

မိတ္ထီလာမြို့သည် ခရိုင်မြို့ကြီးဖြစ်သည်။ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီးသွားကားလမ်း ငါးလမ်းဆုံသည့်မြို့ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့၌ ခရီးသည်တင်ကား၊ ကုန်တင်ကား၊ ကုမ္ပဏီကား၊ ၁၀ ဘီးကား၊ ၁၂ ဘီးကား၊ တွဲကားများနှင့်ဘုရားဖူးကားများ၊ ကိုယ်ပိုင်ကားများ နေ့စဉ်ဖြတ်သန်းသွားလာနေကြသည်။ ယခုအခါ ကားစီးရေတိုးလာသဖြင့် နေ့စဉ်ကားလမ်းငါးလမ်းတွင် ကားများအဆက်မပြတ်ဖြတ်သန်းနေသည်။

မိတ္ထီလာမြို့ မြို့မလေးရပ်ကွက်နှင့်နန်းတော်ကုန်းရပ်ကွက်သို့ ဆက်သွယ်ထားသော မိတ္ထီလာ၊ ကျောက်ပန်းတောင်းသို့သွားသည့် ကန်ကူးတံတားရှိသည်။ ကန်ကူးတံတားသည် ဖဆပလခေတ်က ဘေလီတံတားဖြစ်သည်။ ကန်ကူးတံတားသည် အရှည်ပေ ၂၀၀ ဖြစ်သည်။ အကျယ် ၂၄ ဒသမ ၇ ပေနှင့် နှစ်လမ်းသွားကန်ကူးတံတားကြီး ဖြစ်သည်။ ကန်ကူးတံတားအနောက်ဘက်၌ ချဉ်းကပ်လမ်းမှာ ပေ ၆၆၀ ဖြစ် သည်။

မိတ္ထီလာကန်ကူးတံတား အနောက်ဘက်၌ အထက(၁)ကျောင်းရှိသည်။ အထက(၁)၌ ကျောင်းသားကျောင်းသူ ၄၀၀၀ ကျော်ရှိသည်။ ကျောင်းဆင်းကျောင်းတက်ချိန်တွင်

*စာမျက်နှာ ၁၁ ကော်လံ ၄* ❍




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## လယ်သမားဘဝမြှင့်တင်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြပါသည်။ ကျေးလက်နေပြည်သူများသည် တိုင်းပြည်စားရေရိက္ခာတိုးပွားရေးနှင့် ပြည်ပပို့ကုန် မြှင့်တင်ရေးအတွက် အဓိကကြိုးစားအားထုတ်နေကြသူများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျေးဖူးရှင် တောင်သူဦးကြီးများနှင့် လယ်သမားမိသားစုများသည် ပြည်သူတစ်ရပ်လုံးအတွက် အဓိကသီးနှံဖြစ်သည့် ဆန်စပါးနှင့် ကောက်ပဲသီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ပေးနေသကဲ့သို့ ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျေးဖူးရှင် တောင်သူဦးကြီးများအား ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားပြီး နိုင်ငံတစ်ဝန်း တောင်သူလယ်သမားနေ့အခမ်းအနားများ ကျင်းပလေ့ရှိပါသည်။ ဤသို့ တောင်သူလယ်သမားနေ့အခမ်းအနားများကို အလေးထားကျင်းပပေးနေခြင်းသည် ယနေ့ပြည်သူ တစ်ရပ်လုံး စားသုံးနေသည့် ဆန်စပါးနှင့် ကောက်ပဲသီးနှံများကို ပင်ပန်းကြီးစွာ စိုက်ပျိုးထုတ်လုပ်ပေးနေခြင်းကြောင့် ဖြစ်ပါသည်။ တောင်သူလယ်သမားများမှာ ကျေးလက်ဒေသတွင်နေထိုင်ပြီး ဆင်းရဲနွမ်းပါးသူများဖြစ်၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အမျိုးသားရေးတာဝန်များအဖြစ် ရည်မှန်းချက်ထားကာ လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိရာ တောင်သူဦးကြီးများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ စိုက်ပျိုးစရိတ်အပြင် သီးနှံစရိတ်များကိုလည်း တိုးတက်ထုတ်ချေးပေးလျက်ရှိရာ တောင်သူများ၏ လိုအပ်ချက်ကို နိုင်ငံတော်က တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီနေခြင်းပင်ဖြစ်သည်။

မျက်မှောက်ခေတ် အခြေအနေသည် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြောင့် လယ်လုပ်သူ ရှားပါးသောပြဿနာနှင့် ရင်ဆိုင်နေကြရပါသည်။ လယ်ယာလုပ်ငန်းခွင်မှ မြို့ပြရွှေ့ပြောင်းလုပ်သားများအဖြစ် ပြောင်းလဲလုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများအထိ တိုးပွားလာလျက်ရှိသည်။ ကျွန်ုပ်တို့ပြည်သူများအနေဖြင့် ကျေးဖူးရှင်ဦးကြီးများနှင့် လယ်သမားများ၏ ကျေးဖူးတရားကို အောက်မေ့နေကြရုံမျှဖြင့် မပြီးပေ။ လယ်သမားဘဝမြှင့်တင်ရေးအစီအမံများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်လာသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး ဘက်စုံဝင်ငွေတိုးပွားအောင် လယ်သမားကြီးပွား တိုးတက်ရေးအစီအစဉ်များ စိတ်ကောင်းစေတနာမှန်ဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် လိုအပ်သည်။ ဝင်ငွေကောင်း၍ လယ်တောတွင် ပျော်ပိုက်သောလယ်သမားများဖြစ်အောင် လူမှုဘဝမြှင့်တင်ရေး၊ ကျန်းမာရေး၊ ပညာရေး အဘက်ဘက်မှ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ သို့မှသာ လယ်သမားမိသားစုများအား ကျေးဖူးဆပ်ရာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် လယ်သမားဘဝမြှင့်တင်ရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်ကာ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဟိုတယ်ဆိုင်ရာကျွမ်းကျင်သင်တန်းသား ၆၀၀ ကျော်သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**



မြန်မာနိုင်ငံတွင် လာမည့်နှစ်များအတွင်း ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်ရန်အလားအလာကောင်းများရှိနေ၍ ဟိုတယ်ဆိုင်ရာ ကျွမ်းကျင်မှု အတတ်ပညာရှင်များ လိုအပ်လာမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံလည်း မဟုတ်ဘူး၊ မြို့ပြနိုင်ငံလည်းမဟုတ်ဘူး၊ ကမ္ဘာလှည့်ခရီးသွားတွေ အများအပြား လာရောက်နိုင်တဲ့ လေဆိပ်တွေလည်း ရှိတယ်။ ဆိပ်ကမ်းတွေကလည်းဝင်ရောက်နိုင်တယ်။ ကျယ်ပြန့်တဲ့ မြေဧရိယာလည်းရှိတယ်။ ပြီးတော့ အာဆီယံလိုဒေသအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားတဲ့ နိုင်ငံဖြစ်တယ်။ မြန်မာနိုင်ငံဟာ မြောက်ဖျားကနေ တောင်ဘက်ဖျားအထိ သဘာဝအလှရှုခင်းတွေ၊ တိုင်းရင်းသားလူမျိုးစုတွေ၊ ရှေးဟောင်းအဆောက်အအုံတွေ အများအပြားပိုင်ဆိုင်ထားတယ်။ ပြီးတော့အားလုံးကလည်း ပွင့်လင်းလာပြီဖြစ်လို့ လာမည့်နှစ်တွေမှာ ကမ္ဘာလှည့်ခရီးသွားလာရောက်မှုဟာ ဒီထက်များပြားလာနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်ဟိုတယ်ဆိုင်ရာ ကျွမ်းကျင် အတတ်ပညာရှင်တွေလိုအပ်လာမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် နိုဘိုတယ် ဟိုတယ်၌ ပြုလုပ်သော ဟိုတယ်သင်တန်းဆင်းပွဲအခမ်းအနား၌ ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ အသိအမှတ်ပြုသင်တန်းကျောင်းမှ ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာသင်တန်းသားများ အပါအဝင် သင်တန်းသားသင်တန်းသူ ၆၄၅ ဦးကို သက်ဆိုင်ရာဘာသာရပ်အလိုက်သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သက္က**

# လူငယ်များ မူးယစ်ဆေးသုံးစွဲမှု လျှော့နည်းရေး ပြည်သူများ ပူးပေါင်းပါဝင်ရန်လို

**ကသာ ဖေဖော်ဝါရီ ၂၉**

ကသာမြို့နယ်အတွင်း လူသူအရောက်အပေါက်နည်းသောတောစပ်များ၌ ကျန်းမာရေးလုပ်ငန်းသုံးဆေးထိုးအပ်များ စွန့်ပစ်ထားရှိသည်ကို မကြာခဏတွေ့ရှိနေရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ဆေးထိုးအပ်များကို လူငယ်များ မူးယစ်ဆေးနှင့်ဆက်စပ်သုံးစွဲရာတွင် အသုံးပြုကြောင်း၊ ကျောင်းနေအရွယ်လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့နည်းပပျောက်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ပညာပေးဟောပြောခြင်းများ၊ တားမြစ်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေသော်လည်း မူးယစ်ဆေးသုံးစွဲမှုများရှိနေဆဲဖြစ်ကြောင်း ကျန်းမာရေးသုံးပစ္စည်းများ ရောင်းချသည့်ဆေးဆိုင်များအနေဖြင့် ဆေးထိုးအပ်များကို လူငယ်များအား ရောင်းချခြင်း မပြုပါကလည်း မူးယစ်ဆေးသုံးစွဲမှု တားဆီးရေးကို အထောက်အကူပြုကြောင်း ဒေသခံတစ်ဦးက ၎င်း၏အမြင်ကို အကြံပြုပြောကြားသည်။

ယခုအခါ ကသာမြို့အတွင်း မူးယစ်ဆေးဝါး သုံးစွဲထားရှိဟန်တူသော လူငယ်များသည် ညနေစောင်းချိန်မှညပိုင်းချိန်တွင် အော်ဟစ်ဆူညံဆဲဆိုခြင်း၊ ဆိုင်ကယ်ခွထောက်များဖြင့် ကတ္တရာလမ်းများကို မီးထွက်အောင်ပွတ်တိုက် မောင်းနှင်ခြင်း၊ အုပ်စုဖွဲ့ရမ်းကားခြင်း၊ ဆိုင်ကယ်တိုက်ခြင်းများရှိလာသဖြင့် တာဝန်ရှိရဲတပ်ဖွဲ့ဝင်များ လုပ်ငန်းတာဝန် ပိုမိုလုပ်ဆောင်နေရကြောင်း သိရသည်။

ထို့အပြင် မူးယစ်ဆေးဖြတ်ပေးသောဌာနတွင် မူးယစ်ဆေးဖြတ်သူအရင်ကထက် ပိုများလာပြီး မူးယစ်စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲသူလူငယ်များအကြားတွင် ဆေးပြားအမျိုးစုံလာကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရာတွင် ပြည်သူများကလည်း တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

**ငွေအိုး(ကသာ)**

# ဇီကာပိုးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော

**အလုံ ဖေဖော်ဝါရီ ၂၉**

အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်ပြုလုပ်သည့် ခြင်မှ ဖြစ်ပွားတတ်သည့် ဇီကာပိုး (ZIKA Virus) အကြောင်း သိကောင်းစရာပညာပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၉-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၁.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၆.၉၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၉၆ |
| တရုတ် | တစ်ယွမ် | ၁၈၉.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၂ |

ခင်ရတနာ-စုစည်းသည်။

၂၂-၂-၂၀၁၆ မှ ၂၆-၂-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၂၃ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၃၈၉ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# စက်မှုစီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျူဘိုမီယာ ဇာအိုရာလက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ စွမ်းအင်၊ သတ္တု၊ လယ်ယာစိုက်ပျိုးရေး၊ စားသောက်ကုန် ကဏ္ဍများနှင့် စပ်လျဉ်းသည့် စက်မှုစီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် မြန်မာ့နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာကံဇော်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။ **(သတင်းစဉ်)**

# သာပေါင်း အဆင့်မြင့်စက္ကူစက်ရုံ လုပ်ငန်းဆောင်ရွက်ခွင့်သက်တမ်းတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ထိုင်းနိုင်ငံ Double A(1991) Public Co., Ltd. ၏ Managing Director Mr. Yothin Dumnerncchanvanit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Double A(1991) Public Co., Ltd. အနေဖြင့် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)အား လုပ်ငန်းဆောင်ရွက်ခွင့် သက်တမ်းတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Biomass Power Plant တည်ဆောက်မှုဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Power Purchasing Agreement ချုပ်ဆိုရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဦးနှစ်ဖက် လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်သာလန်အခြေစိုက်ကုမ္ပဏီမှ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ကျောင်းသူနှစ်ဦးအား ပညာသင်ဆုပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဆိပ်ကမ်းအင်ဂျင်နီယာ ဘွဲ့ရ ကျောင်းသူများအား နယ်သာလန်နိုင်ငံအခြေစိုက် Royal Haskoning DHV ကုမ္ပဏီက (Internship Award) ပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

Royal Haskoning DHV သည် မြန်မာနိုင်ငံအတွင်းရှိ ရေဝတီမြစ် ဖွံ့ဖြိုးတိုးတက်ရေး လေ့လာခြင်း၊ မြန်မာနိုင်ငံရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲရေး မဟာဗျူဟာလေ့လာရာတွင် ဦးဆောင်ခြင်း၊ အင်ဂျင်နီယာ နည်းပညာဆိုင်ရာ ကဏ္ဍများတွင် အကြံပေးခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းတင်ဒါများ ရေးဆွဲခြင်း၊ တင်ဒါများ စိစစ်နှိုင်းယှဉ်တင်ပြခြင်း၊ စီမံကိန်း လုပ်ဆောင်နေစဉ် တစ်လျှောက် အရည်အသွေးစစ်ဆေး ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

Royal Haskoning DHV ကုမ္ပဏီအနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ် ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူများအနက် နှစ်ဦးစီတို့ကို Internship Award ဆုပေးအပ်ချီးမြှင့်ခဲ့ရာ ယခုအခါ တတိယအကြိမ် ရှိပြီဖြစ်သည်။ အဆိုပါဆုသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ Royal Haskoning DHV ရုံး၏ Maritime and Waterway Department (ဆိပ်ကမ်းနှင့် ရေလမ်းဌာန) တွင် အလုပ်သင် အင်ဂျင်နီယာအဖြစ် ခြောက်လကြာ လေ့လာစေပြီး လုပ်ငန်းခွင်အတွေ့အကြုံများ ရယူနိုင်ရေးအတွက် စီစဉ်ပေးခြင်းဖြစ်သည်။ ယခုနှစ်တွင်လည်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ရှိခဲ့သော ကျောင်းသူများဖြစ်သည့် မကျော့ကေခိုင်နှင့် မနှင်းဦးဝေ တို့နှစ်ဦးအား Internship Award ဆုများ ထပ်မံချီးမြှင့်ပေးခြင်း ဖြစ်သည်။

Royal Haskoning DHV ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး ကာလတွင် အဓိကလိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သင်ဝန်ထမ်းအစီအစဉ် (Internship Program) ကို နှစ်စဉ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ သုံးမိနစ်စာမျှပြတ်တောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နေ၊ ဂြိုဟ်တုနှင့် ကမ္ဘာမြေကြီးတို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်သည်။ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ကမ္ဘာမြေကြီးပေါ်ရှိ Earth Station နှင့် TVRO များမှာ ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိသည်။ Sun Outage ဖြစ်စဉ်သည် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ်၊ နှစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံထုတ်လွှင့်မှုအတွက် အသုံးပြုသည့် Thaicom-6 ဂြိုဟ်တုတွင် ၁၀-၃-၂၀၁၆ ရက်နေ့တွင် မွန်းလွဲ ၁ နာရီ ၃၅ မိနစ် ၄၆ စက္ကန့်မှ ၁ နာရီ ၃၈ မိနစ် ၃၅ စက္ကန့်အထိ ၂ မိနစ် ၄၈ စက္ကန့်အထိလည်းကောင်း၊ ၁၁-၃-၂၀၁၆ ရက်နေ့တွင် မွန်းလွဲ ၁ နာရီ ၃၅ မိနစ် ၄၆ စက္ကန့်မှ ၁ နာရီ ၃၈ မိနစ် ၃ စက္ကန့်အထိ ၂ မိနစ် ၁၅ စက္ကန့်ခန့်အထိ လည်းကောင်း Sun Outage ဖြစ်ပေါ်မည်ဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Thaicom-6 ဂြိုဟ်တုသို့ ပေးပို့ထုတ်လွှင့်သည့် MRTV News၊ MRTV Entertainment ၊ MITV ၊ Hluttaw၊ Farmer ၊ NRC ၊ MRTV-sport ၊ MRTV-4 ၊ Channel-7 ၊ 5-Plus ၊ MNTV ၊ Channel-9၊ For Edu နှင့် Reader ချန်နယ်၊ မြန်မာပိုင်းအစီအစဉ်နှင့် တိုင်းရင်းသား ရေဒီယိုအစီအစဉ်တို့မှာ အဆိုပါ Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံ ထုတ်လွှင့်မှုများ သုံးမိနစ်စာမျှ ပြတ်တောက်မှုဖြစ်စဉ် ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁**

၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ ဝန်ကြီးအဖွဲ့ ဒုတိယအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဂေါ် ကာနက်ဒက်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ရာဇာလင်းမိသားစု ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ပြီး ဆေးတက္ကသိုလ်အသီးသီးတွင် စတင်ပညာသင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများအနက် ပညာသင်ယူရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် (ဦးအေးကျော်)-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော ရာဇာလင်းမိသားစု ဆေးတက္ကသိုလ်ပညာသင်ဆုကို လျှောက်ထားနိုင်ကြောင်း သိရသည်။

ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆုကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုပညာသင်နှစ်တွင်လည်း ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား ပညာဒါနထောက်ပံ့မည်ဖြစ်သည်။ ပညာသင်ဆု လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်နှင့် တောင်ကြီးဆေးတက္ကသိုလ်တို့၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပထမနှစ်သင်တန်း စတင်တက်ရောက်နေသူများဖြစ်ရမည်။ ပညာသင်ဆု ရွေးချယ်ခံရသူ တစ်ဦးလျှင် တစ်လ ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပထမနှစ်မှစ၍ ဘွဲ့ရသည်အထိ လစဉ်ထောက်ပံ့သွားမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်၊ ပညာသင်ဆု လျှောက်ထားရခြင်း ကျိုးကြောင်းဖော်ပြသည့် ကိုယ်တိုင်ရေး မူရင်း လျှောက်လွှာ၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ တက္ကသိုလ်ဝင်အမှတ်စာရင်း မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်ကျောင်းမှ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်၊ တက်ရောက်နေသောဆေးတက္ကသိုလ်မှ မော်ကွန်းထိန်း၏ ထောက်ခံချက်၊ မိမိနှင့် မိဘနှစ်ဦးတို့၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်တို့နှင့်အတူ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဖုန်းနံပါတ်)တို့ကို ဖော်ပြ၍ အမှတ် ၅၀ ကန်ရိပ်သာ ၃ လမ်း Finger Lake F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူ၍ ၂၀၁၆ ခုနှစ် ဧပြီ ၁၀ ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# ၂၀၁၆ အော်စကာဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်ဆုကို လီယိုနာဒို ဒီကာပရီယိုရရှိ


အလီဂျန်ဒရိုအီနာရစ်
လီယိုနာဒိုဒီကာပရီယို

**လော့အိန်ဂျလစ် ဖေဖော်ဝါရီ ၂၉**

တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် (၈၈)ကြိမ်မြောက် အော်စကာဆုပေးပွဲကြီးတွင် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို " Spotlight " အမည်ရှိ ဇာတ်ကားရရှိသည်။

အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို " The Revenant " ဇာတ်ကားဖြင့် မက္ကဆီကိုမှ အလီဂျန်ဒရိုအီနာရစ်သူက ဆွတ်ခူးခဲ့သည်။ ၄င်းသည် ၂၀၁၅ ခုနှစ် ဆုပေးပွဲတွင်လည်း " Birdman " ရုပ်ရှင်ဇာတ်ကားဖြင့် ဆုရရှိခဲ့ဖူးသည်ဖြစ်ရာ နှစ်ပေါင်း ၆၀ကျော် ကာလအတွင်း အကယ်ဒမီထူးချွန်ဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်သည့် ပထမဆုံးသော ရုပ်ရှင်ထုတ်လုပ်သူ ဖြစ်လာခဲ့သည်။

" The Revenant " ရုပ်ရှင်ဇာတ်ကားသည် ရွှေကမ္ဘာလုံးဆုနှင့် BAFTA (ဘတ်ဖ်တာ) ဆုဖလားများ ရရှိခဲ့ပြီးနောက် အကောင်းဆုံးသော ဆန်ခါတင် ရုပ်ရှင်ဇာတ်ကားလေးကားတွင် ပါဝင်ခဲ့သည်။

အဆိုပါ " The Revenant " ဇာတ်ကားဖြင့်ပင် သရုပ်ဆောင်လီယိုနာဒိုဒီကာပရီယိုသည် အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို " Room " ဇာတ်ကားဖြင့် ဘရီလာဆန်က ရရှိခဲ့သည်။

" Spotlight " ရုပ်ရှင်ဇာတ်ကားသည် ၂၀၀၃ ခုနှစ်က ပူလစ်ဇာဆု ရရှိခဲ့သည့် ကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုကို ကက်သလစ် ဘုန်းတော်ကြီးများက စုံစမ်းဖော်ထုတ်ခဲ့မှုအပေါ် အခြေခံ ရိုက်ကူးထားခြင်းဖြစ်သည်။

**(ရိုက်တာ)**

# ဂွမ်တာနာမိုအကျဉ်းစခန်း ပိတ်မည့် အိုဘားမား၏အစီအစဉ် အကြိတ်အနယ်ဆုံးဖြတ်နေရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၉**

အမေရိကန်သမ္မတ ဘားရက် အိုဘားမား တာဝန်မှ အနားမယူခင် နောက်ဆုံးကြိုးစားမှု အနေဖြင့် ကျူးဘား အရှေ့တောင်ဘက် ဂွမ်တာနာမို ပင်လယ်အော်ရှိ အမေရိကန်စစ်အကျဉ်းထောင်ကို ပိတ်မည့် ၄င်း၏ အစီအစဉ်ကို ကွန်ဂရက်မှ ကူညီပေးရန် ယခုအပတ်တွင် ကြေညာခဲ့သည်။



တရားမျှတသော ကြားနာမှုလုပ်ရန် ရီပတ်ပလီကန် အမတ်အများစုရှိသော ကွန်ဂရက်ကို အမေရိကန်သမ္မတ အိုဘားမားက တိုက်တွန်းလိုက်သည်။ နောင်လာမည့် သမ္မတနှင့် အမေရိကကို ဝန်ထုပ်ဝန်ပိုး တစ်ခုရှုမြင်သည့် ယခုကိစ္စကို မျက်ကွယ်မပြုချင်ကြောင်း သမ္မတ အိုဘားမားက ပြောခဲ့သည်။

အမေရိကန် ပြည်ထောင်စုရှိ အကျဉ်းထောင် ၁၃ခုတွင် အကျဉ်းသား ၃၀မှ ၆၀ အထိ ထိန်းသိမ်းမည့် ပင်တဂွန်စီမံကိန်းမူကြမ်းကို အဆိုပြုခဲ့သည်။

သို့သော် ယင်းနေရာများသည် အမေရိကန်ပြည်ထောင်စု၏ မည်သည့်နေရာတွင်ရှိကြောင်း မဖော်ပြထားပေ။ အသစ်တင်သွင်း အဆိုပြုသည့် ယင်းမူကြမ်းသည် အသုံးစရိတ်ကို ပိုမိုသက်သာစေမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။

လွန်ခဲ့သောနှစ်က ကျူးဘား၏ ဂွမ်တာနာမို အကျဉ်းစခန်း အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၄၅၀ ထိရှိပြီး ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို ဖြစ်စေခဲ့သည်။

ထို့ကြောင့် သမ္မတအိုဘားမားက ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်စေချင်ခဲ့သည်။

သမ္မတအိုဘားမားက ယင်းအကျဉ်းစခန်းသည် အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ရာတွင် အကျိုးသက်ရောက်မှုမရှိသော လုပ်ရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းနှင့်ပတ်သက်သော အမေရိကန်သမိုင်းစာမျက်နှာကို ပိတ်သိမ်းကာ အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးကို ပိုမိုကောင်းမွန်စေချင်ကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**

# တရုတ်အရှေ့ဘက်တွင် သင်္ဘောတစ်စင်းနစ်မြုပ်၊ ငါးဦးသေဆုံး

**ချင်တောက် ဖေဖော်ဝါရီ ၂၉**

ငါးဖမ်းသင်္ဘောတစ်စင်း ပင်လယ်ဝါတွင် စနေနေ့က နစ်မြုပ်ပြီးနောက် ကယ်ဆယ်ရေးသမားများက လူသေအလောင်းငါးလောင်းကို ပြန်လည်ဆယ်ယူနိုင်ခဲ့ကာ အခြားပျောက်ဆုံးနေသော ငါးဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်ရေတပ်နှင့် ပင်လယ်ရေကြောင်း အာဏာပိုင်များက ပျောက်ဆုံးသူများကိုရှာဖွေရန် အခင်းဖြစ်နေရာသို့ သင်္ဘောများနှင့် ရေငုပ်သမားများကို စေလွှတ်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုနှင့် လှိုင်းထန်မှုကြောင့် ကြိုးစားမှုမှာအောင်မြင်မှုမရှိခဲ့ကြောင်း ချင်တောက်မြို့တော် အစိုးရက တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

တနင်္ဂနွေနေ့က ရှန်ဒေါင်ပြည်နယ်အရှေ့ဘက် ချင်တောက်မြို့အနီး ချောင်လီယန်ကျွန်း၏ တောင်ဘက်ကမ်းလွန်တွင် ငါးဖမ်းသင်္ဘောနှင့် ကုန်တင်သင်္ဘောတို့ တိုက်မိနစ်မြုပ်ပြီး ၁၀ ဦး ပျောက်ဆုံးသွားခဲ့သည်။

**(ဆင်ဟွာ)**

# ဆီးရီးယားအစိုးရတပ်ဖွဲ့များ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၉**

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် စနေနေ့က တရားဝင်ပြုလုပ်ခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူမှုကို ချိုးဖောက်၍ တိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်နေသည့် ရုပ်သံကို ဆီးရီးယားအတိုက်အခံအုပ်စုက အွန်လိုင်းတွင် လွှင့်တင်ခဲ့သည်။

ဆီးရီးယားရှိ ကုလသမဂ္ဂစောင့်ကြည့်ရေး အဖွဲ့များက နှစ်ဖက်အဖွဲ့များ အနေဖြင့် အပစ်အခတ်ရပ်စဲရေးကို မည်သို့သဘောထားသည်ကို စောင့်ကြည့်လျက်ရှိသည်။

ရုရှားထောက်ခံသော ဆီးရီးယားအစိုးရတပ်ဖွဲ့များက အလက်ပိုမြောက်ဘက်ရှိ အချို့ဒေသများကို လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့်တိုက်ခိုက်မှုများ ပြုလုပ်လာသကဲ့သို့ ဆီးရီးယားအလယ်ပိုင်းရှိ ဟုမ်းနှင့် ဟာမဒေသများကိုလည်း ယင်းသို့ပြုလုပ်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် အတိုက်အခံအုပ်စုများက ပြောခဲ့သည်။

ဆီးရီးယားအမျိုးသား မဟာမိတ်အဖွဲ့ကလည်း အစိုးရတပ်ဖွဲ့များသည် စနေနေ့က သူပုန်ထိန်းချုပ်ဒေသ ၁၅ခုကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သောကြောင့် အရေးယူတုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်ပေးရန် ကုလသမဂ္ဂကို တိုက်တွန်းလိုက်သည်။

အစိုးရတပ်ဖွဲ့များကလည်း အပစ်အခတ်ရပ်စဲရေးကို ဘေးဖယ်ထားသော အကြမ်းဖက်အုပ်စုများကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြောခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပြန်လည်စတင်နေသော အပစ်အခတ်ငြိမ်းချမ်းရေးကို နှောင့်ယှက်မှုများဖြစ်နိုင်သည်။ ကုလသမဂ္ဂအဖွဲ့က အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကို ဆက်လက်ကိုင်ဆွဲထားသရွေ့ စေ့စပ်ညှိနှိုင်းမှုများကို မတ် ၇ ရက်တွင် ပြန်လည်စတင်နိုင်ရန် မျှော်လင့်ထားသည်။

**(အင်န်အိတ်ချ်ကေ)**

# လုပ်သားအင်အား ၁ ဒသမ ၈ သန်းကို တရုတ်လျှော့ချမည်

**ပေကျင်း ဖေဖော်ဝါရီ ၂၉**

တရုတ်နိုင်ငံသည် လုပ်သားအင်အားဖောင်းပွမှုကို လျှော့ချရန် သံမဏိစက်ရုံနှင့် ကျောက်မီးသွေးစက်ရုံများတွင် လုပ်ကိုင်နေသော အလုပ်သမားအရေအတွက် ၁ ဒသမ ၈ သန်းကို လျှော့ချရန်ခန့်မှန်းထားကြောင်း၊ သို့သော် အချိန်ကာလ မသတ်မှတ်ရသေးကြောင်း တနင်္လာနေ့တွင် ပြောသည်။

လုပ်ငန်းပိုင်းဆိုင်ရာ လေလွင့်ဆုံးရှုံးမှုများကို လျော့နည်းစေရန် ဒေသရှိ အစိုးရအဖွဲ့က လုပ်ငန်းလည်ပတ်နေသည့် စက်ရုံများထဲမှ အရှုံးပေါ်နေသော စက်ရုံရာပေါင်းများစွာကို ဖယ်ရှားပြီး ပိုလျှံလုပ်သားပြဿနာကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟု အလေးအနက် ပြောကြားခဲ့သည်။

ကျောက်မီးသွေးထုတ်လုပ်မှု ကဏ္ဍတွင် အလုပ်သမားဦးရေ ၁ ဒသမ ၃ သန်းမှာ အလုပ်ဆုံးရှုံးရမည်ဖြစ်ပြီး သံမဏိစက်ရုံမှ လုပ်သားငါးသိန်းတို့ အလုပ်အကိုင်ဆုံးရှုံးရဖွယ်ရှိကြောင်း လူ့အရင်းအမြစ်နှင့် လူမှုဘဝ လုံခြုံရေးဝန်ကြီး ရင်ဝိန်မင်က သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

တရုတ်နိုင်ငံသည် လုပ်သားအင်အားဖောင်းပွမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်းပြဿနာကို ရင်ဆိုင်နေရသည်ဖြစ်ရာ ယခုကိစ္စသည် အစိုးရ အာဏာပိုင်တစ်ဦးက အလုပ်အကိုင်ဆုံးရှုံးမှုများစွာကို ဖြစ်စေမည့် ပထမဆုံးသော ဆုံးဖြတ်ချက်ချမှုဖြစ်သည်ဟု ၄င်းက ပြောသည်။

**(ရိုက်တာ)**


တရုတ်နိုင်ငံ ယန်ဇီမြစ်အနီးရှိ ကျောက်မီးသွေး စက်ရုံတစ်ရုံ

# ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ တပ်မဟာ(၆) တိုးချဲ့ဖွဲ့စည်းခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်း အသိပေး

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

**သတင်းထုတ်ပြန်ချက် (၁/၂၀၁၆)**

**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့အတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေး ဖော်ဆောင်နေချိန်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အဖွဲ့မှ ရှမ်းပြည်နယ်မြောက်ပိုင်း ယခင်ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပ ထိန်းချုပ်ဒေသဖြစ်သည့် မုန်းဘော်၊ မုန်းကိုးနှင့် ဖောင်းဆိုင်နယ်မြေသုံးခုတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ တပ်မဟာ (၆)ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တရားဝင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ တပ်မဟာ(၆)ကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ခြင်းသည် နိုင်ငံတော်အစိုးရမှ ဖော်ဆောင်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးကို အသိအမှတ်မပြု၊ ဆန့်ကျင်ရာရောက်သည့်အတွက် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ သက်ရောက်စေမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ တပ်မဟာ (၆) တိုးချဲ့ဖွဲ့စည်းခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပြင်းထန်စွာကန့်ကွက်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**

# ရှမ်းပြည်နယ်ကို ရာသီဥတု၊ မြေအနေအထား၊ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်

**တာချီလိတ် ဖေဖော်ဝါရီ ၂၉**

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရှမ်းပြည်နယ်အရှေ့ပိုင်း၌ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအုန်းမြင့်တို့သည် ယမန်နေ့ နံနက် ၉ နာရီတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြု ကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖ ဒေသခံပြည်သူများ၊ တာဝန်ရှိများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်း တီထွင်ကြံဆစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့သည် ပြည်သူများအတွက် တာဝန်ရှိသူ၊ ဝန်ဆောင်မှု ပေးသူများအဖြစ် ခံယူကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ကို ရာသီဥတုကောင်းမွန်ခြင်း၊ မြေအနေအထားကောင်းမွန်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ခြင်းနှင့် နှစ်နိုင်ငံနယ်နိမိတ် ထိစပ်မှုများခြင်းစသည့် သဘာဝအခြေအနေကောင်းများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ပြိုင်နက်ဆောင်ရွက်ခဲ့ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်သူလူထုဗဟိုပြုစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အင်စတီကျူးရှင်းများကို ပြုပြင်ရပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်များကို ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန် အဓိကအားဖြင့် ပညာရည်တိုးတက်မြင့်မားရေးသည် အရေးကြီးပါကြောင်း၊ ပညာရည်မြင့်မားတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ လူ့အဖွဲ့အစည်း တိုးတက်မြင့်မားမည်၊ တီထွင်ကြံဆတတ်မည်၊ ကျန်းမာကြံ့ခိုင်သည့် မိသားစုဘဝများတည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးအသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာမှ ပိုမိုတိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း၊ အခြေခံပညာစာသင်ကျောင်းများ၊ ပညာရေးကောလိပ်၊ တက္ကသိုလ်များ၊ ဆရာ ဆရာမများကို ထပ်မံတည်ဆောက်ခန့်ထားခဲ့ပါကြောင်း၊ အခမဲ့ပညာရေးစနစ်ကို အခြေခံပညာမူလတန်းမှ အခြေခံပညာအထက်တန်း အဆင့်အထိ ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ထူးချွန်သူများကို စကောလားရှစ်၊ စတိုင်ပင်များဖြင့် လုံလောက်အောင် ထောက်ပံ့ပေးနိုင်ခဲ့ပြီး နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း အမျိုးသားကျန်းမာရေး ပိုမိုမြင့်မားစေရန် ဘဏ္ဍာငွေများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကာကွယ်ရေး၊ လုံခြုံရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည်တို့ကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍကို တိုတောင်းသည့် အချိန်ကာလအတွင်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းကိစ္စရပ်များ တစ်နေရာတည်းတွင် အပြီးဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ ပြည်သူဗဟိုပြုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် မြို့မိမြို့ဖများ ပါဝင်သည့် ကော်မတီများကိုဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ပထမဆုံးသောခြေလှမ်းသည် လွန်စွာအရေးကြီးပြီး များစွာ သိမ်မွေ့ရန်လိုအပ်ပါကြောင်း၊ တိုင်းပြည် ထာဝရရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ငြိမ်းချမ်းရေး၊ တန်းတူညီမျှဆက်ဆံရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် စဉ်းစားတွေးခေါ်မှုတို့သည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲပြီး ကျေးလက်ဒေသအခြေခံ အဆောက်အအုံများကို တည်ဆောက်ပြုပြင်ခဲ့ပါကြောင်း၊ ကျေးလက်အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် မြစိမ်းရောင်စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းစီမံကိန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ် ၃၄ မြို့နယ်၌ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်း ၃၁ ဖွဲ့ဖြင့် စီမံကိန်း ၃၅ ခုကို နိုင်ငံအဝန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မွေးမြူရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာများ၊ အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှု တိုးတက်ရေးရည်မှန်းချက်များဖြင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ အခမဲ့ဖြန့်ဝေခြင်း၊ အရည်အသွေးမြင့် မျိုးရေခဲချောင်းများကို ပြည်ပမှ တင်သွင်း၍ မြှင့်တင်ခြင်း၊ တိရစ္ဆာန်ဆေးဝါးနှင့် အစာဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကူးစက်ရောဂါထိန်းချုပ်နိုင်ရေးအတွက် လည်းကောင်း၊ မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အနာဂတ် လူငယ်များ ဉာဏ်ရည် မြင့်မားတိုးတက်စေရန်နှင့် ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန် ကျောင်းနေအရွယ်ကလေးများ နို့တိုက်ကျွေးခြင်းကို ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်၍ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့ပါကြောင်း။

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါး၊ ပုစွန်၊ ကဏန်းကန်များတိုးချဲ့မွေးမြူခြင်း၊ ငါးမျိုးများ စိုက်ထည့်ပေးခြင်း၊ ငါးမွေးတောင်သူများကို ငါး၊ ပုစွန်သားပေါက်များ ဖြည့်ဆည်းပေးခြင်း၊ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ငါးမွေးမြူရေးဆိုင်ရာ ဥပဒေနှင့် ပင်လယ်ငါးလုပ်ငန်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာချီလိတ်လေဆိပ်ဧည့်ခန်းမသို့ရောက်ရှိကြရာ မြန်မာအမျိုးသား လေကြောင်းလိုင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်စောလွင်က လေယာဉ်ဆင်းသက်မှုနှင့် ခရီးသည်ဝင်ထွက်မှုအခြေအနေများ၊ လေဆိပ်ဆိုင်ရာအချက်အလက်များ၊ တာချီလိတ်လေဆိပ်နှင့် ကျိုင်းတုံလေဆိပ် အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**

# ဧရာဝတီမြစ်အထက်ပိုင်း မြို့အနီးရှိ မြစ်ရေများ မြင့်တက်နိုင်ကြောင်း သတိပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉** ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ခုနစ်ရက်အတွင်း ကိုးပေခွဲခန့်၊ ဗန်းမော်မြို့တွင် ငါးရက်အတွင်း ခြောက်ပေခန့်နှင့် ကသာမြို့တွင် လေးရက်အတွင်း ငါးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်တစ်ရက်အတွင်းတစ်ပေခန့်၊ မြင်းမူမြို့တွင် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေများသည် နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ခြောက်ပေခွဲခန့်နှင့် ချောက်မြို့တွင် နှစ်ပေခန့်နှင့် တစ်ရက်အတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ပေဝက်ခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ညောင်ဦးမြို့နှင့်ချောက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် နောက်တစ်ရက်မှငါးရက်အတွင်း မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့်မြစ်ရေနည်းစဉ်သဲသောင်ခုံများ၌ စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်သည်။ **(မိုး/ဇလ)**

# ယခုနွေရာသီသည် ယခင်နှစ်များထက်ပိုပူလာပြီး အယ်နီညိုကအားအကောင်းဆုံးဖြစ်တောရောမြို့ပါ မီးကိုအထူးဂရုစိုက်ပြီး ရေကိုဖြုန်းတီးသူမဖြစ်အောင်စောင့်ရှောက်လူထုက သက်ဆိုင်ရာဌာနများမှ ကြေညာချက်များကို လေးစားလိုက်နာရန် အကြံပြု

**အယ်နီညိုဖြစ်စဉ်ဆိုသည်မှာ အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်ပိုမို ပူနွေးခြင်းဖြစ်သည်။ အယ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များလည်း ပေါ်ပေါက်လေ့ရှိပြီး တစ်ကြိမ်ဖြစ်ပေါ်ပါက ၁၂ လမှ ၁၈ လ ခန့်ကြာမြင့်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံတွင် ၁၉၉၇-၁၉၉၈ ခုနှစ်က အားအလွန်ကောင်းသော အယ်နီညိုဖြစ်စဉ်ဖြစ်ပေါ်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင်လည်း အယ်နီညိုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ပြန်ရာ ယခုအယ်နီညိုသည် သမိုင်းတစ်လျှောက် အားအကောင်းဆုံးဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က တွက်ချက်ခန့်မှန်းထားသည်။**

**သတင်း ၊ ဓာတ်ပုံ - ဝင်းဝင်းမော်၊ မြတ်စန္ဒီ**

တစ်ဆက်တည်းမှာပင် အယ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် မုတ်သုံမိုးရွာသွန်းမှုများနည်းခြင်း၊ ဆောင်းရာသီတွင် အအေးပေါ့ခြင်း၊ နွေရာသီတွင် နေပူချိန်မြင့်မားခြင်း စသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်း စသည့် ကဏ္ဍများ၌ သက်ရောက်မှုများဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာပညာရှင်များကလည်း သုံးသပ်ခန့်မှန်းထားကြသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသည့် အယ်နီညိုဖြစ်စဉ်နှင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အယ်နီညိုဖြစ်စဉ်နဲ့ ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုတွေကို သုံးသပ်ပြောကြားပေးပါဦး ဆရာ။**

ဖြေ။ ။ အထူးသဖြင့် ဒီနှစ်ဆိုရင် မီးလောင်တာ အလွန်များတယ်။ နေရာအနှံ့လည်း လောင်နေတယ်။ အဓိပ္ပာယ်က အပူချိန်ကတက်လာတယ်။ မိုးရွာသွန်းမှုကလျော့ကျတယ်။ ဒါဆိုရင် အရာအားလုံးက လောင်စာဖြစ်တာပဲ။ မီးကိုအလွယ်တကူ လောင်စေတာပေါ့။ အယ်နီညိုဟာ မီးလောင်ခြင်းကို အားပေးတယ်လို့ ပြောချင်တယ်။ တကယ်တမ်း ပူပြင်းခြောက်သွေ့တဲ့ရာသီကို မရောက်သေးဘူး။ ဆောင်းရာသီကတည်းက မီးက နွေလိုလောင်နေတယ်။

လာမယ့် မတ်လ၊ ဧပြီလဆို နွေကိုရောက်လာပြီဖြစ်တယ်။ သူ့သဘာဝအရကိုက မြန်မာနိုင်ငံရဲ့နွေရာသီတွေက တစ်နှစ်ထက်တစ်နှစ် ပိုပိုပူနေတယ်။ ဒီအထဲမှာမှ ဒီနှစ်က အယ်နီညိုဖြစ်တယ်။ ဖြစ်တဲ့အယ်နီညိုကလည်း မြန်မာ့သမိုင်းမှာ အားအကောင်းဆုံးဖြစ်တယ်။

ဒါကြောင့် အပူချိန်တွေက သေချာပေါက်မြင့်တက်ပြီးတော့ ပူပြင်းခြောက်သွေ့မယ်။ ပူပြင်းမှုကို အခုကတည်းက တွေ့နေရပြီ။ မြန်မာနိုင်ငံမှာ ဆောင်းရာသီမကုန်သေးတဲ့ ဖေဖော်ဝါရီလထဲမှာကို နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်၊ ၁၀၄ ဒီဂရီဖာရင်ဟိုက်ကျော်တဲ့ ဒေသတွေက အကုန်လုံးနီးပါးပါပဲ။

မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ အောက်ဘက်မှာ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ နောက်ဘက်ဆင်းသွားရင် မွန်၊ ကရင်၊ တနင်္သာရီ နေ့အပူချိန်က ၄၀ ဒီဂရီစင်တီဂရိတ်ကျော်နေပြီ။ နောက်လဆန်းတာနဲ့ အပူချိန်တွေ တဖြည်းဖြည်းတက်တော့မယ်။ နွေရဲ့သဘာဝက နေ့အပူချိန်တွေက တစ်နေ့ထက်တစ်နေ့ ပိုမြင့်လာတာပဲ။ အလယ်ပိုင်းဒေသတွေဆိုရင် ၄၅ ဒီဂရီစင်တီဂရိတ်လောက် တက်သွားမယ်။

ရန်ကုန်ဆိုရင် ၄၀/၄၁ ဒီဂရီစင်တီဂရိတ်လောက်ရှိတော့ မီးလောင်ခြင်းကို အလွန်အားပေးတဲ့အနေအထားကို အယ်နီညိုကြောင့်မို့ ရောက်ရှိနိုင်တဲ့အတွက် ဒါက မီးလောင်ခြင်းကို အယ်နီညိုသည် ဆက်စပ်မှုရှိနိုင်တာကြောင့် တောရောမြို့ပါ မီးကိုအထူးဂရုစိုက်ဖို့ လိုလိမ့်မယ်လို့ ပြောချင်ပါတယ်။

**မေး ။ ။ အယ်နီညိုဖြစ်စဉ်အပေါ် အများပြည်သူတွေ ဘယ်လိုမျိုး ကြိုတင်ပြီးတော့ ကာကွယ်ထားသင့်တယ်ဆိုတာ သိပါရစေဆရာ။**

ဖြေ။ ။ ကာကွယ်ရမှာ တော်တော့်ကိုလုပ်ယူရမယ်။ ဘာကြောင့်လဲဆိုတော့ ကာကွယ်တယ်ဆိုတာ ရယ်၊ အယ်နီညိုက ဘာဖြစ်တတ်လဲဆိုတာရယ်၊ ဘယ်လိုနေရာတွေမှာ ထိခိုက်တတ်လဲဆိုတာရယ် အကြမ်းအားဖြင့် အယ်နီညိုရဲ့ထိခိုက်မှုတွေက ပူပြင်းခြောက်သွေ့တဲ့နွေရာသီကို ကြုံတွေ့ရမယ်။

ဒီလိုနွေရာသီမျိုးကြုံတွေ့ရင် ကျန်းမာရေး၊ စိုက်ပျိုးရေးပြဿနာက ကြီးထွားနိုင်တယ်။ နောက်ပြီးတော့ ပူပြင်းခြောက်သွေ့တယ်ဆိုကတည်းကိုက သေချာပေါက် ရေရှားတော့မယ်။ ဒါကြောင့် ဒုတိယပြဿနာက ရေရှားပါးမှုပြဿနာ၊ ရေပြတ်လပ်မှုပြဿနာကြုံတွေ့ရမယ်။

ပူပြင်းခြောက်သွေ့တဲ့ အနေအထားကြောင့် မိုးနည်းပြီး အပူချိန်မြင့်နေတာကြောင့် စိုက်ပျိုးတဲ့လယ်ကွင်းတွေ၊ သီးနှံကွင်းတွေက အောင်မြင်ဖို့ တော်တော်အခွင့်အရေးနည်းတယ်။ အခြေအနေမကောင်းရင် သေကျေပျက်စီးမှုတောင်ဖြစ်နိုင်တယ်။ ဒါကြောင့် တတိယကတော့ စိုက်ပျိုးရေးပေါ့။

စတုတ္ထကတော့ ကျန်းမာရေးကဏ္ဍပေါ့။ အခုပြောခဲ့သလိုပဲ အယ်နီညိုကြောင့် ပူပြင်းတဲ့ရာသီဥတုဖြစ်တတ်တယ်။ အပူနဲ့ပတ်သက်တဲ့ပြဿနာပေါ့။ ဒါက မြန်မာပြည်မှာ အဖြစ်များတယ်။ ၂၀၁၀ ပြည့်နှစ်တုန်းကလည်း ဒီလိုပူပြင်းတဲ့ နွေရာသီဖြစ်ဖူးတယ်။ မန္တလေးမှာ **Heat Stroke** ရလို့ သေတဲ့လူက ၁၀၀ ကျော်အထက်မှာရှိတယ်။ ဒီနှစ်မှာလည်း ဒါတွေ အလွန်စိုးရိမ်ရပါတယ်။

ဒီထက်ပိုဆိုးနိုင်တာက အလွန်ပူပြင်းတဲ့ရာသီဥတုကြောင့် ဗိုင်းရပ်အသစ်တွေ ပေါ်လာတတ်တာပေါ့။ ဒီနှစ်ဆိုရင် ပူပြင်းခြောက်သွေ့တဲ့ရာသီကို အဆိုးရွားဆုံးခံစားရတဲ့နိုင်ငံဟာ တောင်အမေရိကတိုက်က ဘရာဇီးနိုင်ငံပေါ့။ အဲဒီမှာ ပြီးခဲ့တဲ့နှစ်ကတည်းက ရာသီဥတုဖောက်ပြန်မှုကြောင့် ဗိုင်းရပ်အသစ်တစ်မျိုးဖြစ်ပြီး ကုရာဆေးလည်းမရှိသေးတဲ့ ဇီကာဗိုင်းရပ်ဖြစ်တယ်။

ဒီဗိုင်းရပ်က လူတွေကိုကူးစက်ရင် ယေဘုယျသွင်ပြင်ရောဂါလက္ခဏာအနေနဲ့ တုပ်ကွေးနဲ့တူတယ်။ ဆိုးတာက ကိုယ်ဝန်ဆောင်တဲ့ အမျိုးသမီးတွေကို ကူးစက်လာရင်တော့ မွေးဖွားလာတဲ့ကလေးဟာ ဉာဏ်ရည်မမီတဲ့ ဦးခေါင်းသေးရောဂါရတတ်တယ်။ ဘရာဇီးနိုင်ငံ တစ်ခုတည်းမှာကို ကူးစက်ခံရတဲ့ဦးရေက တစ်သန်းနဲ့ သုံးသိန်းရှိတယ်။ ပိုဆိုးတာက ဒီဗိုင်းရပ်က တခြားနိုင်ငံတွေကို ပျံ့နေပြီ။ ၂၅ နိုင်ငံအထိ ပျံ့နှံ့နေတယ်လို့ သိရတယ်။

အဆိုးဆုံးကတော့ ဒီနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေပါနေတယ်။ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ပါနေတယ်။ ဒီတော့ ဒီလိုကူးစက်ပျံ့နှံ့လာနိုင်မှုက အလားအလာ တအားများတယ်။ ဒီဗိုင်းရပ်က ခြင်က တစ်ဆင့်ကူးတာဖြစ်တဲ့အတွက် ခြင်ပေါက်ပွားမှုများပြားတဲ့ မိုးဦးကျလိုရာသီမှာ ခြင်ကိုက်မခံရဖို့ အရေးကြီးတယ်။

နောက်ပြဿနာကတော့ မီးလောင်တာပဲ။ မီးလောင်တာ တအားများရတဲ့အထဲမှာ အယ်နီညိုကြောင့် ပူပြင်းခြောက်သွေ့နိုင်တဲ့အတွက် မီးလောင်ခြင်းကိုဖြစ်စေတယ်။ ဒီကဏ္ဍအားလုံးက ကိုယ်နဲ့ဆိုင်ရာ ဆောင်ရန် ရှောင်ရန်တွေပေါ့။ ကာကွယ်ကြရမှာပဲဖြစ်တယ်။ ဥပမာအားဖြင့် ပူပြင်းမှုဒဏ်ရောဂါမရဖို့ဆိုရင် အပူအန္တရာယ်အကြောင်း သိဖို့လိုတာပေါ့။ ဒါလည်း ဒီနှစ်အတွက် အားရစရာကောင်းတာက အစိုးရရဲ့ကျန်းမာရေးဌာနက ကြေညာပေးနေတယ်၊ ဒါလေးတွေကို သေချာဖတ်ပါ။ လိုက်နာပါ။ နောက် ရေရှားပါးမှုကျတော့လည်း နှစ်နည်းပေါ့။

ရေကိုရနိုင်သမျှ စုဆောင်းရမယ်။ ဥပမာအားဖြင့် ရွာလာရင် အဲဒီရွာတဲ့မိုးတွေကို အလဟဿအဖြစ်မခံဘဲတတ်နိုင်သမျှ ရေအဖြစ်စုဆောင်းနိုင်အောင်လုပ်ဖို့ လိုတယ်။ ဒီလို ပြောလိုက်လို့ ဒါဟာ အသေးအဖွဲလို့ မထင်ပါနဲ့။ အမေရိကန်လိုနိုင်ငံမျိုးတောင် ဒီလိုပဲလုပ်ရတယ်။ ကယ်လီဖိုးနီးယားပြည်နယ်မှာဆိုရင် မိုးခေါင်နေတာ ငါးနှစ်ရှိပြီ။ ရေက တအားရှားနေတယ်။ ဒီတော့ ဥပဒေသတွေအမျိုးမျိုးထုတ်ပြန်တယ်။ သစ်ပင်တွေ ရေများစွာဖျန်းပက် တာ လျှော့ပါတို့၊ ရေမဖြုန်းပါနဲ့တို့၊ မြင်ရင်အရေးယူမယ်တို့ အစရှိသဖြင့်ပေါ့။ဒီနှစ်က အယ်နီညိုဖြစ်တော့ သူတို့လိုနိုင်ငံတွေမှာတော့ မိုးရွာတဲ့ဓလေ့ရှိတယ်။ ဒီအခါမှာ မိုးရွာတုန်း ရေခံလုပ်နိုင်ကြဖို့အတွက် အစိုးရပိုင်းက လှူ့ဆော်တဲ့အပြင် မိသားစုတစ်စုရှိတဲ့ အိမ်တစ်လုံးချင်းစီကို အစိုးရဦးဆောင်ပြီးတော့ ရေတိုင်ကီ နှစ်လုံးစီ ဝေပေးတယ်။


ဒေါက်တာ ထွန်းလွင်

မိုးရွာရင်ခံဖို့၊ ဒီလိုမျိုးလုပ်ရတဲ့ အစဉ်အလာတွေရှိတယ်။ ဒါကြောင့် ဒီမှာလည်း ဒီနှစ် အယ်နီညိုဟာ မိုးရွာသွန်းနိုင်တဲ့ အခြေအနေလည်းရှိနေတာကြောင့် ရွာတဲ့အချိန်မှာ မိုးရေကို တတ်နိုင်သမျှစုပါ။ နောက်ပြီးတော့ ရေသုံးလျှော့ပါ။ ရေကို မဖြုန်းတီးပါနဲ့။

မကြာခင် သင်္ကြန်ကာလကိုရောက်ရှိတော့မှာမို့လို့ ရေကို ဖုံးပေါလအော မီးသတ်ပိုက်ကြီးတွေနဲ့ပက်တာတွေက ဂါလန်ပေါင်းသိန်းချီပြီး သုံးနေတာတွေကိုတော့ တတ်နိုင်သမျှ လျှော့ချဖို့တာဝန်ရှိတဲ့သူတွေက ကြီးကြပ်စေချင်တယ်။ ဒါက လူထုကလုပ်ရမယ့် အလုပ်တွေဖြစ်ပြီး ကျန်းမာရေးအသိ၊ အပူအန္တရာယ်အသိ၊ ရေရရှိရေးအသိ စတာတွေကို အစိုးရဌာနတွေက ကြေညာပေးတယ်။ ဒီနှစ် ဒါတွေကိုကြည့်ပြီးတော့ အားရတယ်။ ဒီနှစ် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ မီးသတ် အစရှိသဖြင့် ဆောင်ရန် ရှောင်ရန် အလုပ်တွေကို တိုင်းပြည်က ဆောင်ရွက်နေတယ်။

ဒီတော့ လူထုကို ဘာလုပ်ရမလဲလို့ မေးခဲ့တာကို ဖြေရရင် သက်ဆိုင်ရာဌာနများက ကြေညာပေးနေတဲ့ ကြေညာချက်တွေကို သေသေချာချာလိုက်နာပါလို့ အကြံပြုချင်ပါတယ်။

**မေး။ ။ အခုဆိုရင် အယ်နီညိုနဲ့အတူ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းဟာလည်း ဘယ်လိုအခြေအနေရှိသွားမလဲ။ ပြည်သူတွေအနေနဲ့ ဒီအပေါ်မှာ ဘယ်လိုသတိပြုဆင်ခြင်သင့်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတွေ အလွန်မြင့်မားနေတာက မြန်မာနိုင်ငံမှာဖြစ်ပြီး ဒါတွေကို ဆရာတို့လည်း အစောကြီးက မသိခဲ့ဘူး။ ၂၀၀၉ ခုနှစ် အငြိမ်းစားယူပြီး အချိန်တွေရလာတဲ့အခါ ကြည့်လိုက်တော့ သတိထားမိတယ်။ ဘယ်လောက်အထိ မြင့်လဲဆိုတော့ ခရမ်းလွန်ရောင်ခြည်ကို အညွှန်းကိန်းနဲ့ ပြရာမှာ သုညကနေ ၁၁ အဆင့်အထိ ယေဘုယျအားဖြင့် သုံးတယ်။

ခရမ်းလွန်ရောင်ခြည်ရဲ့ သုညအဆင့်ကတော့ ညအခါ နေမထွက်တဲ့အခါမှာရှိတယ်။ နေရောင်ခြည်မြင့်လာတဲ့အချိန်မှာမြင့်လာလေလေ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းက တက်လာလေလေပဲ။ ကမ္ဘာပေါ်မှာ ယေဘုယျအားဖြင့် အညွှန်းကိန်းကို ၁၁ အထိသုံးတယ်။ ၈ ကို ကျော်သွားရင် အန္တရာယ်ရှိတယ်လို့ သတ်မှတ်ထားတယ်။ ၁၁ ကနေ ကျော်သွားရင်တော့ အလွန့်အလွန်မြင့်မားတယ်။ ကမ္ဘာမှာ ၁၁ ထိသုံးရတာ အလွန်နည်းတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းက မနှစ်ကဆိုရင် ၁၅၊ ၁၆ အထိရှိတယ်။ အလွန်အန္တရာယ်ကြီးတယ်။

ဒီနှစ်အနေနဲ့ပြောရရင် လတ်တလောမှာ တရားဝင်နွေရာသီမရောက်သေးပေမယ့် မြန်မာပြည်မှာရှိတဲ့အဆင့်က အလွန်မြင့်နေပြီ။ တချို့ရက်တွေမှာ မြန်မာနိုင်ငံ တောင်ပိုင်းဖြစ်တဲ့ မွန်၊ ကရင်၊ တနင်္သာရီတိုင်းတို့မှာ လွန်ကဲတဲ့အဆင့်တွေရှိနေတယ်။ သူက အန္တရာယ်ပေးနိုင်တာ လေးမျိုးလောက်ရှိတယ်။ အဆင့်လွန် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းအဆင့်ကို အရေပြားပေါ်မှာကြာကြာထိမိရင် ပထမဦးဆုံးစဖြစ်တဲ့ရောဂါက နေလောင်တာဖြစ်တယ်။

ဒီနေလောင်တာက သိပ်ဆိုးသွားရင် အရေပြားကင်ဆာဖြစ်တယ်။ နောက် ခရမ်းလွန်ရောင်ခြည်ဟာ လျှပ်စစ်သံလိုက် လှိုင်းရိုက်ခတ်နှုန်း မြင့်မားလာတဲ့အခါ လူရဲ့မျက်လုံးကို ထိခိုက်စေတယ်။ အားပြင်းပြင်းနဲ့ ကြာကြာထိခိုက်ခံရရင် အမျိုးသား အမျိုးသမီးတွေ သားသမီးမရနိုင်တဲ့ရောဂါရရှိမယ်။ အရင်ဆုံး အများဆုံးကြုံခဲ့တဲ့နေရာက တောင်အာဖရိကဖြစ်ပြီး ခရမ်းလွန်ရောင်ခြည်မြင့်မားမှုကြောင့် ရောဂါရရှိခဲ့တဲ့ အရေအတွက်က သန်း ၂၀ အထက်မှာရှိတယ်။ ဒါကြောင့် ဒီမှာလည်း အထူးသတိထားပါ။ ခြောက်သွေ့တော့ တိမ်တွေမရှိတဲ့အတွက် အကာအကွယ်မဲ့သွားတယ်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းက ပိုပြီးဖြစ်တယ်။ လိုအပ်တဲ့ကာကွယ်မှုတွေကို လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ အဓိကကတော့ ကျန်းမာရေးပြဿနာပါပဲ။

**မေး။ ။ အယ်နီညိုဖြစ်စဉ်နဲ့အတူ ဖြစ်ပေါ်လာမယ့် အပူချိန်အမြင့်ဆုံး အခြေအနေကို ဘယ်ဒေသတွေက ပိုပြီးသတိထားရမလဲ။**

ဖြေ။ ။ အပူချိန်ကတော့ ကျန်းမာရေးနဲ့ စိုက်ပျိုးရေးအတွက် အန္တရာယ်ရှိတဲ့အဆင့်ရောက်တဲ့ နေရာတိုင်းက အပူကိုသတိထားရမှာချည်းပဲ။ ယေဘုယျအားဖြင့် အပူချိန်အမြင့်မားဆုံးဒဏ်ခံရတဲ့ဒေသ မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသတွေဖြစ်တဲ့ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ ကရင်၊ မွန်တို့ဖြစ်တယ်။ ကျန်တဲ့နေရာတွေက အပူဒဏ်နဲ့ပတ်သက်ရင် နည်းနည်းလျော့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ဆိုရင် ဒါတွေက အဓိကကျတယ်။

လောလောဆယ် ရေရှားပါးမှုက တစ်နိုင်ငံလုံးလိုလို ဖြစ်လာပြီ။ အရင်တုန်းကတော့ အလယ်ပိုင်းလောက်ပဲ။ ဒီနှစ်ရေရှားတဲ့နေရာတွေက စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရှမ်းနဲ့ ကယားပြည်နယ်တွေက အဓိကရေရှားပါးမှု အဆိုးဆုံးကြုံနေရတယ်။ နောက်ပိုင်းမှာ ရေရှားပါးမှုဒဏ်ကို ဘယ်နေရာဆက်လာမလဲဆိုတော့ ရန်ကုန်ပါလာမယ်၊ အထူးသဖြင့် ရန်ကုန်တစ်ဖက်ကမ်း ဒလပေါ့။ အနည်းဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ် ခုနစ်ခု၊ ကျေးရွာပေါင်း နှစ်ထောင်လောက်က ရေပြတ်လပ်မှုကို ကြုံတွေ့ရမယ်။ အနည်းဆုံး သုံး-လေးလလောက် ကြုံတွေ့ရမယ်။

**မေး။ ။ ပြီးခဲ့တဲ့ အယ်နီညိုဖြစ်စဉ်နဲ့ ယခုလက်ရှိ အယ်နီညိုဖြစ်စဉ်အပေါ် သုံးသပ်ပေးပါ ဆရာ။**

ဖြေ။ ။ အချိန်ကာလက သိပ်မကွာဘူး၊ အင်အားက ကွာတယ်။ သမိုင်းတစ်လျှောက် ဖြစ်ခဲ့သမျှ အယ်နီညိုအားလုံးထဲမှာ ဒီနှစ်အယ်နီညိုက အားအကောင်းဆုံးပဲ။ ဘယ်နှစ်နဲ့ယှဉ်ယှဉ် ဒီနှစ်က ပိုပြီးပြင်းတယ်။ အယ်နီညိုဖြစ်စဉ်ကာလက ၁၂ လကနေ ၁၈ လအထိကြာတတ်တယ်။

**မေး။ ။ မြစ်ရေကြီးမှုတွေ၊ လျှင်လှုပ်မှုတွေကလည်း အယ်နီညိုဖြစ်စဉ်နဲ့ ဆက်စပ်ပါသလား ဆရာ။**

ဖြေ။ ။ သိပ်တော့ ပြောလို့မရသေးဘူး။ ဒါပေမယ့် သိရသလောက်ပြောရရင် အယ်နီညိုကြောင့် ဒီနှစ် မြန်မာနိုင်ငံမှာ ကြုံတွေ့ရမယ့် ရာသီဥတုက နည်းနည်းပုံစံဆန်းတယ်။ အရင်တုန်းက မိုးနည်းတာပဲ ဆရာတို့ပြောတယ်။ ဒီနှစ်က အဲလိုမခန့်မှန်းထားဘူး။ မြန်မာနိုင်ငံရဲ့ ဒီနှစ်ဖြစ်လာနိုင်တဲ့ ရာသီဥတုပုံစံက မိုးတွင်းမှာ တချို့နေရာက မိုးတွေတအားများတယ်။ တချို့နေရာမှာ မိုးတွေတအားနည်းမယ်။ ဒါမျိုးပုံစံလည်းဖြစ်နိုင်တယ်။ ဒါက ထူးဆန်းတယ်။

*စာမျက်နှာ ၇ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ (ယာပုံ) မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က **မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU)** ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်တို့ အပါအဝင် အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တင်ပြသည်။

ဆက်လက်၍ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်က **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်** ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ-၁ အဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင်၊ ဒုတိယဥက္ကဋ္ဌ-၂ အဖြစ် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေး၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်ထွန်း အပါအဝင် အဖွဲ့ဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တင်ပြသည်။

အလားတူ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေက **အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly)** ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကော်မတီတွင်ဥက္ကဋ္ဌအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း တင်ပြသည်။

ထို့အတူ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးက **နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union)** ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် စမ်းချောင်း မဲဆန္ဒနယ်မှ ဦးဘိုဘိုဦး အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့်ဖွဲ့စည်းရန် လျာထားကြောင်း တင်ပြသည်။

အဆိုပါဖွဲ့စည်းရန် လျာထားသည့် ကော်မတီ၊ ကော်မရှင်တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား မတ် ၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုချက် ရယူသွားမည်ဖြစ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဟု လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အမွေအနှစ် ဟန်လင်းမြို့ဟောင်း၌ ထပ်မံတူးဖော်တွေ့ရှိရသည့် နန်းတော်ရာဝင်ပေါက်ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဖေဖော်ဝါရီ ၂၇ ရက်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းပျူမြို့ဟောင်းသို့ သွားရောက်ပြီး မြို့ဟောင်းအတွင်း ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းထားရှိမှု၊ အများပြည်သူ လေ့လာသိရှိနိုင်စေရန် သတင်းအချက်အလက်ဌာန ဆောင်ရွက်ထားရှိမှု၊ ပြတိုက်ခင်းကျင်းပြသထားမှု၊ ဟန်လင်းမြို့ဟောင်းအတွင်း နန်းမြို့ရိုးနှင့် နန်းတော်ဝင်ပေါက်တူးဖော်ဆောင်ရွက်နေမှု၊ ဧည့်သည်များ လေ့လာနိုင်ရေး၊ ဟန်လင်းရှိကုန်းတွင်း ဆားချက်လုပ်မှုလုပ်ငန်း၊ ရေပူစမ်းရှိရာနေရာများကို ကမ္ဘာ့အမွေအနှစ် ဒေသများဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးသည်။

ခရီးစဉ်အတွင်း ဟန်လင်းမြို့ဟောင်းသို့ လေ့လာရေးရောက်ရှိနေသော မိတ္ထီလာတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဦးဆောင်သည့် လေ့လာရေး ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ ရှေးဟောင်း အဆောက်အအုံများ ပြသထိန်းသိမ်းထားရှိမှုနှင့် တူးဖော်လျက်ရှိသော နေရာများကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ခေတ်ကာလသက်တမ်းတွက်ချက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟန်လင်းဒေသခံများနှင့် တပို့တွဲလ ထမနဲထိုးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ယခုအခါ ဟန်လင်းပျူမြို့ဟောင်းများအပါအဝင် ပျူမြို့ဟောင်းသုံးမြို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာသည်နှင့်အညီ ကမ္ဘာက သိရှိလာပြီဖြစ်သောကြောင့် ပြည်တွင်း ပြည်ပဧည့်သည်ဝင်ရောက်မှုများလာပြီဖြစ်ကြောင်း၊ ဧည့်သည်ဝင်ရောက်မှု များလာခြင်းနှင့်အတူ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်သလို ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများနှင့် ဝတ္ထုပစ္စည်းတို့၏ လုံခြုံရေးကိုလည်း ပိုမိုဂရုစိုက်ရတော့မည်ဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် အချိန်တိုအတွင်း အသိအမှတ်ပြုခံရခြင်းမှာလည်း ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ မိမိတို့ဝန်ထမ်းများ၊ ခရီးသွား ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတို့ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဟန်လင်းဒေသကြီး စနစ်တကျတိုးတက်ဖွံ့ဖြိုးစေရန်နှင့် ဒေသခံများ၏ ယဉ်ကျေးမှုအခြေခံ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပေးပါကြောင်း ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**



## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

*စာမျက်နှာ ၆ မှ*

နောက်တစ်မျိုးက နေရာတစ်နေရာတည်းမှာ တချို့ရက်တွေ မိုးတွေတအားရွာတယ်။ တချို့ရက်တွေမှာ မိုး ရွာကို မရွာဘူး။ ဒါမျိုးလည်းဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သေချာတာက မိုးများတယ်ဆိုတာကလည်း အစွန်းရောက်သွားတာပဲ။ မိုးသိပ်နည်းတယ်ဆိုတာကလည်း အစွန်းရောက်သွားတယ်။ ဒါကို ဆရာတို့က အစွန်းရောက် ရာသီဥတုလို့ခေါ်တယ်။ ဘယ်အရာမဆို အစွန်းရောက်ရင် ပျက်စီးတာပဲ။

မိုးသိပ်များရင်လည်း ပျက်စီးတာပဲ။ မိုးနည်းရင်လည်း ပျက်စီးတာပဲ။ မိုးသိပ်များမယ်ဆိုရင် သေချာပေါက်လိုက်လာတာက ရေကြီးတာပဲ။ ရေကြီးတာနဲ့ ပတ်သက်ပြီး ရေကြီးတဲ့တစ်ချက်ပြောချင်တာက မနှစ်က ရေကြီးမှုအတွေ့အကြုံရ မြန်မာနိုင်ငံအထက်ပိုင်း တောတောင်တွေရှိတဲ့ ချင်း၊ စစ်ကိုင်း၊ ရှမ်း၊ ကချင် စတဲ့ ဒေသတွေမှာ မိုးနည်းနည်းလေး ရွာလိုက်တာနဲ့ ရေကြီးတယ်။

တောင်ကျရေကျတယ်။ အရင်တုန်းက တောင်ကျရေမကျဘူး။ အခု တောင်ကျရေရှိတယ်။ ရေကမြင့်ရာကနေ နိမ့်ရာကိုစီးတယ်။ အရင်တုန်းက စီးတဲ့ရေကို သဘာဝအဟန့်အတားတွေက တားဆီးထားတယ်။ သစ်တောတွေရှိတယ်။ မြေပြင်ပေါ်မှာ ချုံပုတ်တွေ၊ သစ်ပင်တွေရှိတယ်ဆိုတော့ ရွာရင်လည်း မိုးကို သစ်တောကလည်း ဖမ်းထိန်းတယ်၊ အောက်ကရှိတဲ့ မြေကလည်း ထိန်းတယ်။ သစ်ပင်/ဝါးပင်တွေကလည်း ခံထားတော့ ဘယ်တော့မှ တောင်ကျရေဆိုတာ မကျဘူး။ အခု သစ်တောမရှိ၊ တောင်တွေက ကတုံးတွေဖြစ်နေတော့ မိုးကရွာချရင် ရွာသမျှမိုးရေက အမြင့်က အနိမ့်ကို ဆင်းတာပဲ။ တောင်ကျရေများရင် သေချာပေါက် အနိမ့်ပိုင်းမှာ ရေကြီးမှုဖြစ်နိုင်တယ်။ အယ်နီညိုနဲ့ရေကြီးမှု ဒီလိုနည်းနဲ့ ဆက်စပ်နေတယ်။

အယ်နီညိုက မိုးကောင်းတဲ့နေရာတွေဖြစ်ပေါ်နိုင်တယ်။ အဲဒီကောင်းတဲ့နေရာက တောင်ကုန်းတွေဖြစ်နေရင် သစ်တောမရှိတဲ့အတွက် အခြေအနေကဆိုးသွားနိုင်တယ်။ ဒီရေကြီးမှုကို လျှပ်တစ်ပြက်ရေကြီးမှုလို့ခေါ်တယ်။ သိပ်မြန်တယ်။ ခဏလေးနဲ့တက်တယ်။ ဒီလိုလျှပ်တစ်ပြက်ရေကြီးပြီဆိုရင် လူလည်း သေနိုင်တယ်။ ပျက်စီးမှုလည်းများနိုင်တယ်။ ဒီနှစ် ပိုအရေးကြီးတာက ချင်းပြည်နယ်ပဲ။ ချင်းပြည်နယ်ရဲ့မြေသားအနေအထားက တော်တော်လေးယိုယွင်းနေတယ်။ အကယ်၍ မိုးကအားပါပြီး ချင်းပြည်နယ်လို နေရာမှာ သည်းသည်းမည်းမည်းရွာလိုက်ရင် သေချာပေါက် မြေပြိုမှုကို ကြုံတွေ့ရလိမ့်မယ်။ ဒီအယ်နီညိုက တော်တော်သတိထားရမယ့် နှစ်တစ်နှစ်လို့ ပြောချင်ပါတယ်။

**မေး ။ ။ ပြည်သူလူထုကို အသိပေး၊ သတိပေးစကားလေး နည်းနည်းလောက် ပြောပေးပါ။**

ဖြေ ။ ။ သဘာဝဘေးအန္တရာယ်ကိုပဲ ဆွေးနွေးသည်ဖြစ်စေ၊ ရာသီဥတုပြောင်းလဲခြင်းကိုပဲ ဆွေးနွေးသည်ဖြစ်စေ ဒါတွေကို ရင်ဆိုင်တုံ့ပြန်တဲ့နေရာမှာ မဖြစ်မနေ လိုအပ်တာကတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုပဲ။ ပထမဆုံး လိုအပ်တာကတော့ ရာသီဥတုပြောင်းလဲခြင်းနဲ့ ပတ်သက်တဲ့ သဘာဝဘေးတွေအတွက် လူထုသိဖို့၊ ပွင့်လင်းမြင်သာမှုရှိဖို့၊ သတင်းအချက်အလက်တွေကောင်းနေရင် လူထုမှာ အလိုအလျောက် အသိ၊ သတိ ပူးပေါင်းပါဝင်မှုတွေရှိလာမယ်။ ညီညွတ်လာမယ်။

အရင် နာဂစ်မုန်တိုင်း မတိုက်ခင်တုန်းက ကျွန်တော့်အနေနဲ့ လူထုကိုပြောကြားမှုက အခါအားလျော်စွာပဲ ရှိခဲ့တယ်။ အခုတော့ အဆက်မပြတ်ပြောနေတယ်။ ပြောသလောက်လည်း အကျိုးရှိတာတွေ့ရတယ်။ လူထုကြားမှာ စိမ့်ဝင်သွားရင် အရေးပါမှန်းသိလာတယ်။ ဒါ့ကြောင့် လူထုတာဝန်က တတ်နိုင်သလောက် အသိ၊ သတိနဲ့ပူးပေါင်းပါဝင်ကြဖို့ ပြောကြားလိုပါတယ်။

အားလုံးခြုံပြောရင် အယ်နီညိုကြောင့်ကဏ္ဍငါးခုမှာ သတိထားဖို့လိုတယ်။ (၁)ရေရှားမယ်၊ (၂)ပူပြင်းမယ်၊ (၃)လယ်ယာအထွက်လျော့မယ်၊ (၄)ကျန်းမာရေးကူးစက်ရောဂါဖြစ်နိုင်တယ်၊ (၅)သဘာဝဘေးကြုံမယ် အားလုံးက ပြည်သူနဲ့ တစ်နည်းမဟုတ်တော့ တစ်နည်းဆက်စပ်နေတာပဲ။ တချို့အရာတွေက ပြည်သူပါမှရမယ်။ လုပ်ရမယ့်အလုပ်က အခုရေရှားတယ်ဆိုရင် အစိုးရကဘာလုပ်ပါ၊ ညာလုပ်ပါဆိုပြီး ကြေညာပေးရတယ်။ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ ကဏ္ဍအလိုက် သက်ဆိုင်ရာများက ကြေညာပေးနေတယ်။ လူထုရဲ့တာဝန်က ဒီကြေညာချက်တွေကို သေချာလိုက်နာဆောင်ရွက်ပါ။ တစ်ယောက်ချင်းလုပ်ရမှာကတော့ မီးအန္တရာယ်ကို ဝိုင်းဝန်းဆောင်ရွက်ကြပါ။ အထူးမှာချင်တာက လာမယ့်မဟာသင်္ကြန်လိုကာလမှာ မိမိသည် ရေကိုဖြုန်းတီးသူတစ်ယောက် မဖြစ်အောင် စောင့်ရှောက်နေထိုင်ကြပါ။

ယခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျူဘိုမီယာဇာ ဘိုရာလက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ရုရှား-မြန်မာ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ U.K လွှတ်တော်နှင့် မြန်မာလွှတ်တော် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် ကော်မတီဝင်များအား ရန်ကုန်မြို့အခြေစိုက် ရုရှားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Vasily B. Pospelov သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ချင်း အပြန်အလှန်လေ့လာရေးကိစ္စရပ်များ၊ ရုရှား-မြန်မာ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲ ၂ နာရီခွဲတွင် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် ကော်မတီဝင်များအား ရန်ကုန်မြို့ ဗြိတိသျှသံရုံးမှ ပထမအတွင်းဝန် Mr. Wayne Lves လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ချင်း အပြန်အလှန်လည်ပတ်ရေးကိစ္စရပ်များ၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများအား Capacity Building အတွက် သင်တန်းပေးရေးကိစ္စရပ်များ၊ U.K လွှတ်တော်နှင့် မြန်မာလွှတ်တော် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ကော်မတီအတွင်းရေးမှူး ဒေါ်ထုမေ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံလွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် သွားရောက်လေ့လာရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Vasily B. Pospelov အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ဗြိတိသျှသံရုံးမှ ပထမအတွင်းဝန် Mr.Wayne Lves အား ယနေ့ ညနေ ၃ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-5) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်သွားရောက် လေ့လာရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦး၊ အဖွဲ့ဝင်ဦးဇော်သိန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်မှု ၇၄ ရာခိုင်နှုန်း ပြည့်မီခဲ့ဟုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ အချိန်တွင် လိုအပ်သည့် ဥပဒေပြင်ဆင်ချက် ၁၂ ချက်၊ နည်းဥပဒေပြင်ဆင်ချက် ၁၈ ချက်၊ အမိန့်နှင့် ညွှန်ကြားချက် ၉၆ ချက်အထိ ထုတ်ပြန်ကြေညာနိုင်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဟာဗျူဟာစီမံကိန်း ညွှန်ပြချက်များအရ ၇၄ ရာခိုင်နှုန်း ပြည့်မီပြီး အောင်မြင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်သည့် တစ်နိုင်ငံလုံးအဆင့် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အောင်မြင်ပြီးစီးမှုများအကြောင်း ရှင်းပြရာတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**




ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြစ်စေရန်အတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲပြီးသည့်အချိန်တွင် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ဦးမြင့်နိုင်က “ဝေဖန်မှုအမျိုးမျိုး ကြုံတွေ့ခဲ့ရပေမယ့် ရွေးကောက်ပွဲကော်မရှင်အနေနဲ့ မှတ်တမ်းတင်ရမယ့် အောင်မြင်မှုတစ်ရပ်လို့ ပြောချင်ပါတယ်။ အခုလို အခြေခံကျကျ ပြုပြင်ပေးနိုင်လို့ နောင်ပေါ်ပေါက်လာမယ့် ကော်မရှင်ရဲ့ စွမ်းဆောင်ရည်နဲ့ နည်းပညာကို အသုံးပြုပြီး အိမ်ထောင်စုအလိုက် မဲစာရင်းရေးခြင်း၊ အက္ခရာစဉ်လိုက် မဲစာရင်းရေးခြင်းတို့ကို ပြုလုပ်နိုင်ပါမယ်။ ၂၀၁၅ ရွေးကောက်ပွဲ မဲပေးတဲ့နေရာမှာ အမှန်ခြစ် တံဆိပ်တုံး ထုတဲ့စနစ်၊ မဲပေးပြီးပါက လက်သန်းမှာ မင်တို့တဲ့စနစ်၊ မဲရေတွက်ရာမှာ တာလီချိုးတဲ့စနစ်များ ပြင်ဆင်ကျင့်သုံးခဲ့ပြီး ယခုကဲ့သို့ ပြင်ဆင်ကျင့်သုံးနိုင်ခြင်းက ရွေးကောက်ပွဲအား ချောမွေ့အောင်မြင်စေဖို့ အထောက်အကူပြုပါတယ်” ဟု အဆိုပါ အစည်းအဝေးတွင် ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လိုအပ်သည့် ဥပဒေပြင်ဆင်ချက် နည်းဥပဒေ ပြင်ဆင်ချက်များကို ၂၀၁၅ ရွေးကောက်ပွဲမကျင်းပမီ ပြန်လည်ပြင်ဆင်ရေးဆွဲရာတွင် ယာယီသက်သေခံကတ်ကိုင်ဆောင်သူများ ယခင်က ဆန္ဒမဲပေးနိုင်သည်ကို ဆန္ဒမဲပေးပိုင်ခွင့်မရှိဟု ပြင်ဆင်ခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ရာတွင် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများ အနေဖြင့် ပါတီတည်ထောင်ခွင့်နှင့် ပါတီဝင်ခွင့်မရှိကြောင်း ပြင်ဆင်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ် ရပ်/ကျေးကော်မရှင်တွင် အများပြည်သူ ယုံကြည်သူများ ကော်မရှင်တွင် ခန့်ထားနိုင်ရန် ဖွဲ့စည်းပုံနည်းလမ်းနှင့် အများပြည်သူ ယုံကြည်သူများအတွက် လစဉ်ချီးမြှင့်ငွေရရှိရန် ဥပဒေထဲတွင် ပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်း၊ မသန်စွမ်းသူများမဲပေးရာတွင် ရှင်းရှင်းလင်းလင်း သိစေရန် နည်းဥပဒေတွင် ဖော်ပြပြင်ဆင်ခြင်း၊ မသန်စွမ်းသူများ မဲပေးရာတွင် လွယ်ကူချောမွေ့ရေးအတွက် မိဘ၊ ညီအစ်ကိုမောင်နှမများသာမကပဲ အခြားသူတစ်ဦးဦး၏ အကူအညီကိုယူ၍ မဲပေးနိုင်သည်ဟု ပြင်ဆင်ပေးနိုင်ခဲ့ခြင်း၊ မဲစာရင်းအား မဲဆန္ဒရှင်များအနေဖြင့် ကြည့်ရှုရန် တာဝန်ရှိသည်ဟူသော မဲစာရင်းအား မဲဆန္ဒရှင်များ စိတ်ဝင်စားမှုရှိစေရန် ပြဋ္ဌာန်းပေးခဲ့ခြင်း၊ ကြိုတင်မဲပေးသူစာရင်း တိတိကျကျရှိစေရန် ပုံစံ ၁၃၊ ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ပုံစံ ၁-၁၊ တပ်မတော်သားနှင့် အတူနေမိသားစုဝင်များအတွက် ပုံစံ ၁-၂ ၊ အစိုးရတာဝန်ဖြင့် နိုင်ငံခြားရောက် မဲဆန္ဒရှင်များအတွက် ပုံစံ ၁-၃ ဟူ၍ နည်းဥပဒေတွင် ပြင်ဆင်ပေးခဲ့ခြင်းနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ မဲစာရင်းနှင့်ပတ်သက်၍ မဲဆန္ဒရှင် စာရင်းပေါင်း ၃၃ ဒသမ ၅ သန်းနှင့် ပြင်ဆင်ဖြည့်စွက်ချက်ပေါင်း ခုနစ်သန်းကျော်ကို ဒစ်ဂျစ်တယ် မဲစာရင်းအဖြစ် ပြုစုနိုင်ခဲ့ပြီး ရွေးကောက်ပွဲ ပညာပေးကာလအတွင်း လက်ကမ်းစာစောင် ခြောက်သန်းကျော်နှင့် ပိုစတာတစ်သန်းကျော်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထုတ်ဝေနိုင်ခဲ့ပြီး တိုင်းရင်းသားဘာသာစကား ၁၆ မျိုးဖြင့် ပညာပေးဖြန့်ဝေနိုင်ခဲ့သည်။ ဗီဒီယိုခြောက်မျိုးနှင့် အသိပညာပေးစာတမ်းအစီအစဉ်တို့အား ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ပူးပေါင်း၍ ရွေးကောက်ပွဲပညာပေးတေးသီချင်းများ ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင်နိုင်ငံရေးပါတီ ၉၃ ပါတီ မှတ်ပုံတင်ခဲ့ပြီး ကိုယ်စားလှယ်လောင်း ၆၀၇၂ ဦး အမည်စာရင်းတင်သွင်းခဲ့သည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၃၁၀ နှင့် အမျိုးသမီး ကိုယ်စားလှယ် ၈၀၀ ကျော် ဝင်ရောက်ရွေးချယ်ခဲ့သည်။ မဲရုံစုစုပေါင်း ၄၀၁၄၁ ရုံနှင့် မဲရုံအဖွဲ့ဝင်ပေါင်း ၅၇၀၀၈ ဦး အသုံးပြုခဲ့ပြီး ပြည်တွင်းစောင့်ကြည့်လေ့လာသူ ၁၁၃၇၀၊ ပြည်ပစောင့်ကြည့်လေ့လာသူ ၁၁၅၃ ဦး၊ လွှတ်တော် အမတ်လောင်းဘက်မှ စောင့်ကြည့်သူကိုယ်စားလှယ် ၆၀၀၀ ခန့်နှင့် နိုင်ငံရေးပါတီများမှ စောင့်ကြည့်သူကိုယ်စားလှယ် ၇၅၀၀၀ မှ ၈၀၀၀၀ ကြားအထိ ရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာ အသီးသီးအား ဆွေးနွေးခြင်းကို ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ နှစ်ရက်တာကျင်းပမည်ဖြစ်ပြီး အဖွဲ့အစည်းအသီးသီး၏ ဆွေးနွေးချက်၊ အကြံပြုချက်နှင့် သုံးသပ်ချက်များအား ရွေးကောက်ပွဲကော်မရှင်မှ ထွက်လာမည့် ရွေးကောက်ပွဲဆိုင်ရာ သုံးသပ်ချက် နောက်ဆုံး အစီရင်ခံစာတွင် ထည့်သွင်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

● *ကျောဖုံးမှ*

သွေးကြောတွေလည်း စစ်ဆေးရတယ်။

စစ်ဆေးပြီးရင် ကျန်တဲ့ အထောက်အကူပြုရောဂါရှာဖွေရေးဌာနတွေဖြစ်တဲ့ ဓာတ်ခွဲ၊ ဓာတ်မှန်ဌာနတွေကလည်း ကုသမှုခံယူရမယ့် လူနာတွေရဲ့ ရောဂါအခြေအနေ၊ တစ်နည်းအားဖြင့် အကုန်ညီမျှအောင် စမ်းသပ် စစ်ဆေးမှုပေါင်းများစွာကို လုပ်ရပါတယ်။ သွေးဌာနကလည်း လိုအပ်တဲ့ သွေးတွေရရှိဖို့အတွက် ဆောင်ရွက်ပေးရပါတယ်။ အဲ့ဒီလို လုပ်ရတဲ့အတွက် ဆေးကုဌာနပေါင်း မြောက်မြားစွာနဲ့ ဆောင်ရွက်ရတဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ စုပေါင်းပြီးတော့ လုပ်ဆောင်ရတဲ့ အလုပ်တစ်ခုလည်းဖြစ်ပါတယ်။

မေ့ဆေးပညာ ဌာနကလည်း အဓိကအရေးကြီးပါတယ်။ လူနာတွေ မေ့ဆေးဒဏ်ခံနိုင်ဖို့အတွက် အဆင့်ဆင့်စစ်ဆေးမှုတွေကို ပြုလုပ်ရပါတယ်။ လုပ်ငန်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းတဲ့အခါမှာ အစည်းအဝေးတွေ အကြိမ်ကြိမ် ထိုင်ခဲ့ရတယ်။ လိုအပ်တဲ့ပစ္စည်းတွေကိုလည်း ဖြည့်ဆည်းပေးခဲ့ရပါတယ်။

ခွဲစိတ် ကိရိယာပစ္စည်းတွေရရှိဖို့အတွက်လည်း နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနက စက်ပစ္စည်းတွေ၊ ခွဲစိတ်ကိရိယာ၊ ဆေးဝါးနဲ့ လိုအပ်တဲ့ငွေကြေးတွေကို ခွဲဝေချထားပေးခဲ့ပါတယ်။ အရင်က ခွဲစိတ်တဲ့လူနာတွေအတွက် နိုင်ငံတော်ကနေ လူနာတစ်ဦးကို ငွေကျပ်သိန်း ၁၀၀ နှုန်း စိုက်ထုတ်ကုန်ကျခံပြီး အခမဲ့ခွဲစိတ်ကုသပေးခဲ့တာဖြစ်ပါတယ်။

အခုချိန်မှာ ပစ္စည်းကိရိယာတွေ ဖြည့်ဆည်းပေးထားပြီး ဖြစ်တဲ့အတွက် လူနာတွေ ဆေးဖိုး၊ ဓာတ်ခွဲ စမ်းသပ်ခတွေပဲကုန်ကျခဲ့တာဖြစ်ပါတယ်။ အဲ့ဒီအတွက် လူနာတစ်ဦးကိုခွဲမယ်ဆိုရင် ငွေကျပ်သိန်း ၄၀ နဲ့ ၅၀ ကြား ကုန်ကျနေပါသေးတယ်။ ရှေ့ဆက်ပြီး ကျောက်ကပ်ခွဲစိတ်မှု၊ ကျောက်ကပ်အစားထိုးလုပ်ငန်းတွေအပြင် အသည်းအစားထိုးလုပ်ငန်း ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းနေပါတယ်။

၂၀၁၅ ခုနှစ်အတွင်းမှာ လုပ်ပေးလိုက်တဲ့ လူနာတွေအကုန်လုံး ကောင်းကောင်းမွန်မွန်နဲ့ အခုအချိန်အထိ ရောဂါဘယကင်းရှင်းစွာ ရှိတဲ့အတွက် ကျွန်မတို့ရဲ့ ကျောက်ကပ်အစားထိုးတဲ့လုပ်ငန်းဟာ နိုင်ငံတကာအဆင့်အတန်းမီ ရင်ပေါင်တန်းနိုင်တယ်လို့ ကျွန်မမြင်ပါတယ်။

ကျွန်မတို့ ရည်ရွယ်ချက်က ငွေကြေးကုန်ကျစရိတ်တွေ သက်သာစေချင်တာပါပဲ။ ကျွန်မတို့နိုင်ငံမှာလည်း ကုန်ကျမှုအနည်းဆုံးနဲ့ လုပ်ပေးနိုင်တယ်။ နိုင်ငံတကာသွားပြီး ကုသမယ်ဆိုရင် ခရီးစရိတ်၊ တည်းခိုစရိတ်စတဲ့ ငွေကြေးလိုအပ်ပါတယ်။ နောက်ဒုတိယတစ်ချက်က ကျွန်မတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ နွေးထွေးစွာစောင့်ရှောက်ပေးနိုင်တဲ့အချက်တွေဟာ ကိုယ့်နိုင်ငံမှာ ခွဲစိတ်မှုနဲ့ ရရှိတာပေါ့။ လူနာရော၊ လူနာရှင်ရော၊ လှူဒါန်းသူလူနာရော သုံးဦး သုံးဖလှယ် ပျော်ရွှင်ကြည်နူးစွာနဲ့ ဒီအချိန်မှာ ခံစားရတယ်။ လူနာတွေကိုကြည့်ပြီး ဝမ်းမြောက်ပီတိဖြစ်ရတယ်။ ဆက်လက်ပြီးတော့ လစဉ်တစ်လကို နှစ်တွဲ လုပ်ဆောင်ဖို့ ရည်ရွယ်ထားပါတယ်။



ဒေါက်တာ တင်တင်မိုး



ဒေါက်တာခင်မောင်ကျော်



ဒေါက်တာမင်းသူ



ဒေါက်တာသန်းသန်းကြိုင်



ဒေါက်တာခင်မောင်ထွေး

**ဒေါက်တာခင်မောင်ကျော်**
**အထူးကုဆရာဝန်ကြီး**
**(ဆီးနှင့်ကျောက်ကပ်ဆေး အထူးကုဌာန)**

MGH ရဲ့ ပထမဆုံးအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု လုပ်ခဲ့တဲ့အချိန်က စတင်ပြီး MGH မှာ ပါဝင်ထမ်းဆောင်ခဲ့တယ်။ အဲ့ဒီကနေစတင်ပြီးလုပ်ခဲ့တာ ၂၀၀၂ခုနှစ်မှာ နှစ်တွဲ၊ ၂၀၀၄ ခုနှစ်မှာ သုံးတွဲ၊ ၂၀၁၅ခုနှစ်မှာ လေးတွဲနဲ့ ၂၀၁၆ ခုနှစ်မှာ သုံးတွဲ စုစုပေါင်း ၁၄ ယောက် ခွဲစိတ်ကုသမှုပြုလုပ်ပြီးပါပြီ။ အဲ့ဒီ ၁၄ ယောက်စလုံးမှာ ပါဝင်ခဲ့တယ်။

မြန်မာနိုင်ငံမှာ နာတာရှည် ကျောက်ကပ်ပျက်စီးခြင်းလို့ ခေါ်တာပေါ့၊ Chronic လို့ ခေါ်ပါတယ်။ သွေးတိုးရောဂါရှိသူ၊ ဆီးချိုရောဂါရှိတဲ့သူတွေ၊ နောက်တစ်ခုက အခြား ကျောက်ကပ်ရောင် ရောဂါရှိပြီး ကြာလာတဲ့အခါမှာ ကျောက်ကပ်ကိုထိပြီးတော့ ပျက်စီးသွားပါတယ်။ အဲ့ဒီလိုလူမျိုးတွေဟာ ဆက်လက်အသက်ရှင်နိုင်ဖို့အတွက် ကျွန်တော်တို့က ကျောက်ကပ်သွေးသန့်စင်စက်နဲ့ လုပ်ရတယ်။

အဲ့ဒါက တစ်သက်လုံးလုပ်ရပြီး စက်ပေါ်မှာပဲ အသက်ရှင်ရတဲ့ အခြေအနေပါ။ အဲ့ဒီလိုအခြေအနေမျိုးမှာ လူနာတွေကို ကျောက်ကပ်အစားထိုးပေးလိုက်မယ်ဆိုရင် ပုံမှန်လူအတိုင်း သွားလာလှုပ်ရှားသွားလာနိုင်တယ်။ အရင်တုန်းကတော့ ဒီလိုကျောက်ကပ်အစားထိုးမယ်ဆိုရင် အခြားနိုင်ငံသွားပြီး အစားထိုးရတယ်။ အဲ့ဒီအခါမှာ ပိုက်ဆံအကုန်အကျ အလွန်များပြီး ငွေကျပ် သိန်း ၂၀၀ ကျော်လောက် ကုန်ပါမယ်။

လူနာတွေ လာပြတဲ့အခါမှာ ပထမဆုံး ဒီလူနာကျောက်ကပ် အစားထိုးနိုင်မှု ရှိ မရှိ စစ်ဆေးစမ်းသပ်ပြီး ကျောက်ကပ်ပျက်စီးတဲ့ ရောဂါရှင်ရဲ့အမျိုး၊ ဆွေမျိုးထဲက တစ်ယောက်ယူရပါတယ်။ သွေးအမျိုးအစား၊ သွေးအုပ်စုတူဖို့ လိုပါတယ်။ ကျောက်ကပ်လှူဒါန်းမယ့် လူနာဟာ ကျောက်ကပ်လှူနိုင်ခြင်း ရှိ မရှိ၊ ကျောက်ကပ်လူနာရှင်နဲ့ လှူတဲ့အလှူရှင်တို့ဟာ အသားစ HLA တစ်သျှူး တူ/မတူ၊ ကျောက်ကပ် လှူတဲ့သူဟာ နောက်ပိုင်းမှာလည်း သူဟာပုံမှန်အနေအထိုင်အတိုင်းပဲ။ လူတစ်ယောက်လို ပုံမှန် အသက်ဆက်လက် ရှင်သွားနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် နှစ်ယောက်စလုံးကို ကျွန်တော်တို့ စစ်ဆေးတယ်။

ပထမသွေးကို ရောဂါဗေဒဌာနကစစ်ပေးတယ်။ အလှူရှင်ကို Cross made လို့ခေါ်တဲ့ အသားစ တူ/မတူ ကိုလည်း သက်ဆိုင်ရာရောဂါဗေဒဌာန၊ ဓာတ်မှန်ဌာန၊ အဏုမြူရောင်ခြည်ဌာနကလည်း စစ်တယ်၊ အားလုံး စစ်လို့ကောင်းသွားပြီ၊ လှူလို့ရတဲ့အခြေအနေမှာ ကျောက်ကပ်အစားထိုးကုသတဲ့ အဖွဲ့မှာရှိတဲ့ ကျောက်ကပ်အစားထိုး ဆရာဝန်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေ၊ ဓာတ်မှန်ဆရာဝန်ကြီးတွေ၊ အထွေထွေရောဂါပညာရှင်တွေ စုပြီးတော့ လှူနိုင်တယ်ဆိုတဲ့ အတိုင်းအတာ ရပြီဆိုမှ ကျောက်ကပ်အစားထိုး လုပ်ငန်း စတင်ဆောင်ရွက်ပါတယ်။

ခွဲတဲ့အဖွဲ့မှာ အဖွဲ့သုံးဖွဲ့ရှိပါတယ်။ ကျောက်ကပ်အလှူရှင်ဆီက ကျောက်ကပ်ထုတ်တဲ့အဖွဲ့၊ တစ်ဖွဲ့က ကျောက်ကပ်ထုတ်ပြီးတဲ့အခါမှာ ခန္ဓာကိုယ်ထဲမှာ Perfusion လုပ်တဲ့အဖွဲ့ပါ။ ဟိုဘက်မှာကျတော့ ကျောက်ကပ်ထည့်တဲ့အဖွဲ့၊ အဲ့ဒီလို ခွဲပြီးလုပ်ရပါတယ်။ ခွဲစိတ်အဖွဲ့အပါအဝင် လူ ၃၀ လောက်တော့ရှိပါတယ်။

ကျောက်ကပ် အစားထိုးပြီးတဲ့ နောက်ပိုင်းမှာ ပုံမှန်ကြည့်နေရတယ်။ နိုင်ငံခြားမှာ ခွဲစိတ်ကုသပြီး ပြန်လာတဲ့အခါ ဟိုကိုပြန်သွားပြဖို့ အလွန်ခဲယဉ်းပါတယ်။ ဒီမှာကျတော့ တစ်လတစ်ခါ၊ နှစ်လတစ်ခါ၊ တစ်ပတ်တစ်ခါ ပြရတာ အကုန်အကျလည်း နည်းတယ်။ ကျောက်ကပ်အစားထိုးကုသပြီးတဲ့နောက်ပိုင်းမှာ ရောဂါအခြေအနေတိုးတက်မှုကို သိရှိရတဲ့အတွက် အမြဲတမ်းဝမ်းသာပြီး ပျော်ရွှင်နေကြတာ အင်မတန်ကောင်းတယ်။

ကျောက်ကပ်ရောဂါက မဖြစ်ခင် ကြိုတင်ကာကွယ်ရပါတယ်။ အထူးသဖြင့် သွေးတိုးရောဂါရှိသူတွေ၊ ဆီးချိုရောဂါရှိတဲ့သူတွေ၊ ကိုယ့်ရဲ့ မိသားစုအတွင်းမှာ ကျောက်ကပ်ဝေဒနာ ခံစားခဲ့ရသူတွေဆိုရင် စောစောစီးစီး ပုံမှန်စစ်ဆေးဖို့လိုပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက်ကောင်းတယ်။ ရောဂါသည်တွေဟာ ကြိုတင်လာပြထားမယ်ဆိုရင် ဥပမာ-ကျောက်ကပ်ပျက်တာနှစ်နှစ်နဲ့ပျက်မယ်၊ သူဟာပုံမှန်ကုသမှုခံယူရင်း ၁၀ နှစ်၊ ၁၅ နှစ်အထိ သူရဲ့သက်တမ်း အများကြီး ရှည်သွားမှာဖြစ်ပါတယ်။ ပုံမှန်စစ်ဆေးဖို့လိုအပ်တယ်။ ကျွန်တော်တို့ဌာနကို လာပြီးတော့ဆွေးနွေးပါ။

**ဒေါက်တာမင်းသူ**
**ပါမောက္ခ/ဌာနမှူး**
**(ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန)**

ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ထောက်ပံ့ကူညီမှု၊ အထွေထွေရောဂါကုဆေးရုံကြီးရဲ့ ဆေးရုံအုပ်ကြီး၊ အုပ်ချုပ်ရေးအဖွဲ့တွေ ဒီမှာရှိတဲ့ဌာနဆိုင်ရာအားလုံး၊ ဆေးရုံကြီးမှာရှိတဲ့ အခြားထောက်ပံ့တဲ့ ဌာနတွေအားလုံးကြောင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပထမဆုံးခွဲစိတ်မှုမှာ ခွဲစိတ်ဆရာဝန်ကြီး ဆရာဦးတိုးလွင်၊ အထူးကုသမားတော် ပါမောက္ခ ဒေါက်တာခင်မောင်ဌေး၊ မေ့ဆေးပါမောက္ခ ဒေါ်ကြည်ကြည်စန်းတို့ရဲ့ ထောက်ပံ့မှုနဲ့ ခွဲခဲ့ရတယ်။ ပထမဆုံး Case က ခွဲစိတ်ချိန် ၆ နာရီနဲ့ ၇ နာရီလောက် ကြာပါတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်း ခွဲစိတ်မှုကြာလာတာနဲ့အမျှ ခွဲစိတ်ချိန်ကာလ တိုတောင်းလာတယ် စုစုပေါင်းကြာမြင့်ချိန် ငါးနာရီလောက် ကြာပါတယ်။

လတ်တလော ပြဋ္ဌာန်းထားတဲ့ ကိုယ်အင်္ဂါ အစားထိုးခွဲစိတ်ကုသမှုဆိုင်ရာဥပဒေအရ သွေးသားရင်းချာပဲ ပြုလုပ်တဲ့အတွက်ကြောင့် ခွဲစိတ်ကုသမှု ကောင်းပါတယ်။ Tissue Rejection မရှိဘူး။ လှူတဲ့သူရော လက်ခံရယူတဲ့သူပါ ကျန်းမာရေးအခြေအနေ ကောင်းပါတယ်။

ရှေ့ဆက်ပြီးတော့လည်း သွေးရင်းသားရင်းပေါ့။ First Relative ကနေပြီးတော့ Second Relative ထိအောင် တိုးချဲ့ဖို့ရှိပါတယ်။ အဲ့ဒီက တစ်ဆင့်ပြီးတော့မှ သွေးသားမတော်စပ်ဘဲနဲ့ လှူချင်တဲ့သူဆီကနေလည်း လက်ခံရယူဖို့တွေနဲ့ ဒီနှစ်ပိုင်းထဲမှာလုပ်ဖို့ရှိပါတယ်။ ခွဲစိတ်ကုသတဲ့သမိုင်းကို ကြည့်လိုက်ရင် အမေကသားကို လှူတာရှိတယ်။ သားက အဖေ၊ ညီအစ်ကိုမောင်နှမ အချင်းချင်းပေးတာလည်းရှိပါတယ်။ အရင်းအချာတွေပဲ ကျွန်တော်တို့ လုပ်ခဲ့တာပါ။

ကျောက်ကပ် လှူလိုက်ရင် အန္တရာယ်ထိခိုက်မလား၊ ကျန်းမာရေးထိခိုက်မလားဆိုတာလုံးဝမဟုတ်ပါဘူး။ လှူတဲ့သူက သက်တမ်းစေ့နေလို့ရပါတယ်။ တစ်တွဲဆိုရင် လှူတဲ့ ကလေးက ၁၈ နှစ်ပဲရှိပါသေးတယ်။ သူ့ရဲ့အမေကို လှူတာဖြစ်ပါတယ်။ အခုထိလည်း ကျန်းကျန်းမာမာနဲ့ နေထိုင်လျက်ရှိပါတယ်။

**ဒေါက်တာသန်းသန်းကြိုင်**
**ပါမောက္ခ/ဌာနမှူး**
**(နှလုံးဆေးကုဌာန)**

တကယ်တမ်းကတော့ ကျောက်ကပ်အစားထိုးကုသမှုဆိုတာ လွယ်ကူတဲ့ သာမန်ခွဲစိတ်ကုသမှုတော့ မဟုတ်ပါဘူး။ ဒီတော့ ဒီကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှုမပြုခင်မှာ ပွဲမဝင်ခင်ကတည်းက အစစအရာရာ ပြင်ဆင်ရပါတယ်။ လူနာကိုရော ကျောက်ကပ်လှူမယ့်သူကိုပါ ကျန်းမာရေး စစ်ဆေးမှုတွေကို ပြုလုပ်ရပါတယ်။

အထူးသဖြင့် နှလုံးဘက်ဆိုင်ရာ စစ်ဆေးပေးရပါတယ်။ စစ်ဆေးတဲ့အခါမှာ လူနာရဲ့နှလုံးခုန်မှန်ခြင်း၊ မမှန်ခြင်း၊ နှလုံးရဲ့ညှစ်အား၊ အဆို့ရှင်ကောင်းမွန်မှု ရှိ မရှိ အကုန်လုံး အစစအရာရာ စစ်ဆေးပေးပြီးတော့မှ ဆရာဝန်ကြီးတွေအားလုံးက ရွေးချယ်ပါတယ်။ လူနာကို မခွဲခင်ကတည်းက ကျန်းမာရေးကောင်းအောင် လုပ်ဆောင်ပေးရတယ်။

အခု မန္တလေးဆေးရုံကြီးမှာ ကျောက်ကပ် အစားထိုးတာကို စဉ်ဆက်မပြတ် လုပ်လာနိုင်ပြီဖြစ်လို့ နောက်ပိုင်းမှာ ကျောက်ကပ်ရောဂါဝေဒနာရှင်တွေအဖို့ ငွေကုန်ကြေးကျလည်း အင်မတန်နည်းမယ်၊ ကိုယ့်မိသားစုနဲ့လည်း ခွဲစိတ်တဲ့နေရာမှာအတူတကွနေရတဲ့အတွက် စိတ်ရောကိုယ်ပါ ချမ်းသာမယ်လို့ ထင်ပါတယ်။

**ဒေါက်တာ ခင်မောင်ထွေး**
**တွဲဖက်ပါမောက္ခ**
**(နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန)**

သွေးကြောဆက်တဲ့ အပိုင်းမှာ ပါဝင်ပေးပါတယ်။ ကျောက်ကပ်လှူမယ့်သူရဲ့ ကျောက်ကပ်ကို ထုတ်တဲ့အချိန်မှာ ဟိုဘက်ကနေ ဆီးနဲ့ ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီးက ထုတ်ပေးတယ်။ ထုတ်ပေးတဲ့အချိန်မှာ သွေးပြန်ကြောမကြီးနဲ့ သွေးလွှတ်ကြောမကြီးကနေ ကျောက်ကပ်သွေးကြောတွေကို ဖြတ်ထုတ်ယူပါတယ်။ အဲ့ဒီလို ဖြတ်ထုတ်ယူတဲ့နေရာမှာ မထင်မှတ်တဲ့ အန္တရာယ်၊ သွေးထွက်လွန်တာမျိုး၊ ချည်ထားတာ ပြုတ်တာမျိုးလည်း ဖြစ်တတ်ပါတယ်။ နှလုံးနဲ့သွေးကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဝဏ္ဏထွန်းနဲ့တကွ သူနာပြုဆရာမကြီး ဒေါ်လဲ့ဝေသိန်းနဲ့ သူနာပြု ဆရာမ ဒေါ်ဟေမာဝင်းတို့ နှစ်ဦးကို အဲ့ဒီဘက်မှာ တာဝန်ချထားပေးပါတယ်။

နိုင်ငံတော်ကနေ ခွဲစိတ်ခန်းထဲမှာ ဗီဒီယိုကင်မရာပါတဲ့ မီးစလောင်းတွေ တပ်ပေးထားတယ်။ HD ကင်မရာနဲ့ Quality ကောင်းကောင်းနဲ့ ကြည့်လို့ရမယ်။ အဲ့ဒီကနေမှ Monitor TV ကို အပြင်မှာ ထုတ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ Junior တွေ လေ့လာဖို့ အခွင့်အရေးတွေ အများကြီးရပါတယ်။

**ဒေါ်ချို**
**ကျောက်ကပ်ဝေဒနာရှင်**

ဘယ်လိုမှ မခံစားရတော့ပါဘူး။ ကောင်းသွားပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံးဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်မလို ကျောက်ကပ်ဝေဒနာရှင်တွေ ဆေးရုံကြီးမှာ ယုံယုံကြည်ကြည်နဲ့ လာကုကြပါ။ စိတ်ချယုံကြည်ရပါတယ်။

**ဒေါ်မာလာ**
**ကျောက်ကပ်လှူသူ**
**ထန်းတပင်၊ ဇီးကုန်းကျေးရွာ**
**ကန့်ဘလူမြို့နယ်**

အတိုင်းမသိဝမ်းသာပါတယ်။ ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ စီးပွားရေးအနေအထားနဲ့ နိုင်ငံခြားမှာ ဆေးသွားမကုနိုင်ပါဘူး။ ဒီမှာဆရာဝန်ကြီးတွေက စေတနာနဲ့ လုပ်ကိုင်ပေးလို့ ဒီလိုအောင်အောင်မြင်မြင် လုပ်နိုင်တာပါ။ နိုင်ငံတော်ကိုလည်း ဒီလိုဆေးကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အခြား ကျွန်မတို့လို ဝေဒနာရှင်တွေကိုလည်း ဒီထက်မက ထောက်ပံ့ပေးနိုင်ပါစေ။

---

# မြရိပ်ညိုဟိုတယ် မီးလန့်မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၂၀)ရပ်ကွက် ပုလဲလမ်းရှိ မြရိပ်ညိုဟိုတယ်၌ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၁ နာရီ ၂၃ မိနစ်က မီးလန့်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဟိုတယ်၏မြေအောက်ထပ်ရှိ လူနေအခန်းနှင့် စားသောက်ခန်း အကျယ်အဝန်းပေ (၁၀၀×၈၀) တွင် လေအေးပေးစက် အပူလွန်ကဲရာမှ မီးခိုးများထွက်ပြီး မီးလန့်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် မီးသတင်းရရှိချိန်မှာ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဖြစ်ပြီး ကွပ်ကဲမှုယာဉ်တစ်စီးနှင့်အတူ မီးငြိမ်းသတ်ရေးယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က ငြိမ်းသတ်ခဲ့ကြသည်။

လေအေးပေးစက်အပူလွန်ကဲကာ မီးခိုးများထွက်ရှိမှုကို ဟိုတယ်ရိုဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ ၂၆ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**

# ဂုဏ်မြောက်သော အရေးအသား (၅)



မောင်ခင်မင်(ဓနုဖြူ)

"သြော်. . . ပြောရဦးမယ်။ စာရေးရာမှာ အသံကြမ်းတွေနည်းပြီး အသံနုတွေများမယ်၊ ဆိုရရွတ်ရလွယ်မယ်ဆိုရင် သဒ္ဒသုခုမာလတာ ဂုဏ်မြောက်တယ်ဆိုတာ အရင်အပတ်က ပြောပြီးပြီ မဟုတ်လား"

"ပြောတယ်လေ၊ ဦးလေး"

"အဲဒီလိုပဲ စကားကို အနက်အဓိပ္ပာယ်ယဉ်ကျေးအောင်သုံးရင် အတ္ထသုခုမာလတာဂုဏ်မြောက်တယ်လို့ အလင်္ကာကျမ်းမှာဆိုတယ်"

"သုခုမာလတာဂုဏ်နှစ်မျိုးပေါ့နော် ဦးလေး"

"ဟုတ်တယ်။ အဲဒီဂုဏ်ကို ဆရာကြီးဦးဖိုးစိန်က 'စကားယဉ်ဂုဏ်' လို့ခေါ်တယ်။ အထူးသဖြင့် သေတာတို့၊ ဘေးအန္တရာယ်ရှိတာတို့၊ သတ်တာဖြတ်တာတို့လို အကြောင်းအရာမျိုးတွေကို နားမခံသာအောင် တိုက်ရိုက်ကြီးမပြောဘဲ နားခံသာတဲ့စကားမျိုးနဲ့ ယဉ်အောင် လှည့်သုံးတာမျိုးပေါ့"

"သေတာကို ကွယ်လွန်အနိစ္စရောက်တယ်လို့ သုံးတာမျိုးပေါ့နော် ဦးလေး"

"ဟုတ်ပါတယ်။ မင်းစဉ်းစားကြည့်လေ။ တို့မြန်မာစကားမှာ 'သေတယ်' လို့ တိုက်ရိုက်မပြောဘဲ လှည့်သုံးနိုင်တဲ့ အယဉ်သုံးစကားတွေအများကြီးပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဦးလေး။ 'ဘဝတစ်ပါးပြောင်းသွားသည်'၊ 'အနိစ္စရောက်သည်'၊ 'အသက်ဆုံးပါးသွားသည်' တို့လည်းရှိပါတယ်"

"အေး. . . ပုဂ္ဂိုလ်ကိုလိုက်ပြီး 'နတ်ရွာစံတယ်၊ ကံကုန်တယ်၊ ပျံလွန်တော်မူတယ်၊ ဘဝနတ်ထံပျံလွန်တော်မူတယ်၊ ပရိနိဗ္ဗာန်ပြုတယ်' ဆိုတဲ့ စကားတွေ သူ့နေရာနဲ့သူ သုံးတယ်မဟုတ်လား"

"ဘာသာတရားအရလည်း အသုံးကွဲတယ်မဟုတ်လားဦးလေး။ 'ခရစ်တော်၌ အိပ်ပျော်ခြင်း'၊ 'အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း' ဆိုတဲ့ အသုံးမျိုးတွေလေ"

"ဟုတ်တာပေါ့။ သေတဲ့အကြောင်းပြောရာမှာ လေးနက်တဲ့ ယုံကြည်ကိုးကွယ်မှုသဘောတွေ ထင်ဟပ်နေတဲ့ အယဉ်သုံးစကားတွေပါပဲ။ အဲဒီလိုပဲ၊ မြွေကိုက်တာကို 'ပိုးထိတယ်'၊ စိတ်မနှံ့သူကို 'စိတ်ဝေဒနာရှင်'၊ သတ်တာကို 'ကွပ်မျက်တယ်၊ ဖျက်ဆီးပစ်တယ်' စသည်ဖြင့် အယဉ်သုံးစကားတွေ တွင်တွင်ကျယ်ကျယ်သုံးတယ် မဟုတ်လား"

"နားလည်ပါပြီ ဦးလေး"

"ဂုဏ်တွေထဲမှာ ချီးကျူးထိုက်တဲ့ဂုဏ်ကို ချီးကျူးရေးဖွဲ့တာ ဥဒါရတာဂုဏ်တဲ့။ ဘုရားရှင်ရဲ့ဂုဏ်ကို ချီးကျူးရေးဖွဲ့တာမျိုးပေါ့။ အဲဒီလိုပဲ အသက် ၂၄ နှစ်နဲ့ ရန်ကုန်ကောလိပ်မှာ ပါဠိပါမောက္ခဖြစ်တဲ့ ပညာကြီးမားတဲ့ ဆရာကြီးဦးဖေမောင်တင်လို ပုဂ္ဂိုလ်မျိုးရဲ့ ပညာဂုဏ်ကို ချီးကျူးရေးဖွဲ့တာမျိုးလည်း ဥဒါရတာဂုဏ်မြောက်တာပေါ့။ 'နေမင်းကဲ့သို့ ဘုန်းတန်ခိုးထွန်းတောက်သော ဘုရင်မင်းမြတ်'ဆိုတဲ့ အထူးပြုပုံမျိုးလည်း အကျုံးဝင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်ဂုဏ်တစ်ခုက ကန္တိဂုဏ်တဲ့။ လောကမှာဖြစ်သင့်ဖြစ်ထိုက်တဲ့ အကြောင်းတစ်ခုကို အပြောကြီးတယ်၊ ကြွားတယ်လို့မထင်ရအောင် ချီးကျူးတာမျိုးက အဲဒီဂုဏ်မြောက်တယ်။ သူ့ရဲ့ကောင်းရဲ့ဂုဏ်ကို 'တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေညက်ညက်ကြေ' လို့ ချီးကျူးဖွဲ့တာမျိုးပေါ့"

"ဟုတ်ကဲ့ ဦးလေး"

"နောက် အတ္ထဗျတ္တိဂုဏ်ဆိုတာက စကားဖြည့်စရာမလိုဘဲ အနက်အဓိပ္ပာယ်ထင်ရှားတဲ့ အဖွဲ့မျိုးဆိုရင် အဲဒီဂုဏ်မြောက်တယ်လို့ဆိုတယ်။ ဆရာကြီး ဦးဖိုးစိန်က 'အနက်ပြည့်ဂုဏ်'လို့ခေါ်တယ်။ 'လျှပ်စစ်မီးများ ထိန်လင်းနေသည့်အတွက် ရုပ်ပွားတော်မြတ်၏ မျက်နှာတော်သည်ကြည်လင်ဝင်းပလျက်ရှိပါသည်' ဆိုတဲ့အဖွဲ့မှာ စကားဖြည့်စရာမလိုဘဲ ဘုရားမျက်နှာတော်ဝင်းပကြည်လင်ပုံ ပေါ်လွင်တဲ့အတွက် အတ္ထဗျတ္တိဂုဏ်မြောက်တယ်။ အဲဒီလိုပဲ 'စေတီပုထိုးများတွင် ဘုရားဖူးများဖြင့်စည်ကားလျက်ရှိသည်' ဆိုတဲ့အဖွဲ့က ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားတာကို တိုက်ရိုက်မဖော်ပြပေမယ့် အဲဒီအဓိပ္ပာယ် ထင်ရှားတဲ့အတွက် အတ္ထဗျတ္တိဂုဏ်မြောက်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ခုပြောတဲ့ဂုဏ်တွေက သိပ်တော့အသုံးမတွင်ကျယ်ဘူး။ အဲဒီ ဥဒါရတာဂုဏ်၊ ကန္တိဂုဏ်၊ အတ္ထဗျတ္တိဂုဏ်ဆိုတဲ့ ဂုဏ်သုံးမျိုးပေါ့။ သိထားတာတော့ ကောင်းပါတယ်။ နောက်ဆုံးပြောရမယ့် ဂုဏ်ကတော့ တော်တော်အသုံးတွင်ကျယ်တယ်ကွဲ့"

"ဘာဂုဏ်ပါလဲ ဦးလေး"

"ပါဠိလိုတော့ 'သမာဓိဂုဏ်'တဲ့။ မြန်မာလိုတော့ 'တင်စားဂုဏ်'လို့ ဆရာကြီးဦးဖိုးစိန်က နာမည်ပေးထားတယ်"

"ဒါဆိုရင် ဥပစာတင်စားတဲ့အသုံးအနှုန်းတွေက သမာဓိဂုဏ်မြောက်တာပေါ့နော် ဦးလေး"

"ဟုတ်တယ်။ ဥပစာတင်စားတယ်ဆိုတာ မင်းသိပြီးသားပဲ။ အကြောင်းအရာတစ်ခုခုကို ရည်ညွှန်းတဲ့စကားကို အဲဒီအကြောင်းအရာနဲ့တူတဲ့ အကြောင်းအရာ ဒါမှမဟုတ် ဆက်စပ်တဲ့အကြောင်းအရာအတွက် ပြောင်းပြီးသုံးတာကို ဥပစာတင်စားတယ်လို့ ခေါ်တာမဟုတ်လား။ သမာဓိဂုဏ်မြောက်တဲ့ အရေးအသားဆိုတာက အဲဒီလိုတင်စားတဲ့ အရေးအသားတွေပဲပေါ့"

"ဘယ်လိုတင်စားတာတွေလဲ ဦးလေး"

"အေး. . . ပြောပါ့မယ်။ တစ်ခုကြိုသိထားဖို့က တင်စားတယ်ဆိုတာ တကယ် မဟုတ်တာကို ဟုတ်သလိုထင်ရအောင် ပြောတာမျိုးပဲဆိုတာ မှတ်ထားဖို့ပဲ"

**အတ္ထဗျတ္တိဂုဏ်ဆိုတာက စကားဖြည့်စရာမလိုဘဲ အနက်အဓိပ္ပာယ်ထင်ရှားတဲ့ အဖွဲ့မျိုး ဆိုရင် အဲဒီဂုဏ်မြောက်တယ်လို့ဆိုတယ်။ ဆရာကြီး ဦးဖိုးစိန်က 'အနက်ပြည့်ဂုဏ်'လို့ ခေါ်တယ်။ 'လျှပ်စစ်မီးများ ထိန်လင်းနေသည့်အတွက် ရုပ်ပွားတော်မြတ်၏ မျက်နှာတော်သည် ကြည်လင်ဝင်းပလျက်ရှိပါသည်' ဆိုတဲ့အဖွဲ့မှာ စကားဖြည့်စရာမလိုဘဲ ဘုရား မျက်နှာတော် ဝင်းပကြည်လင်ပုံ ပေါ်လွင်တဲ့အတွက် အတ္ထဗျတ္တိဂုဏ်မြောက်တယ်။**

"ဟုတ်ကဲ့ပါ"

"ပထမဆုံးပြောရမယ့် တင်စားပုံက သက်မဲ့ကို သက်ရှိအဖြစ် တင်စားတာ။ အသက်သွင်းတင်စားတယ်လို့လည်း သုံးတယ်"

"ဆရာဇော်ဂျီရဲ့ ပေဒါလမ်းကဗျာတွေထဲက ပေဒါအဖွဲ့မျိုးပေါ့နော်၊ ဦးလေး"

"ဟုတ်ပါတယ်။ ဆရာက ပေဒါကို သက်ရှိအဖြစ် အသက်သွင်းတင်စားပြီး 'အယက်အကန်ခံလို့ ပေဒါပျံအံကိုခဲ ပန်းပန်လျက်ပဲ'လို့ ဖွဲ့တာမျိုးပေါ့"

" 'ပန်းကလေးများ တေးဆိုနေသည်'ဆိုတဲ့ တင်စားပုံမျိုးလည်းပါတာပေါ့နော်"

"ဟုတ်ပါတယ်။ သက်မဲ့ကို သက်ရှိလို့ထင်ရအောင် အသက်သွင်းတင်စားလိုက်တာပါပဲ။ အနောက်တိုင်းအလင်္ကာနည်းတွေထဲမှာလည်း Personification ဆိုတာရှိတယ်။ ကဗျာတွေထဲမှာ လတို့၊ ကြယ်တို့၊ မိုးတိမ်တို့၊ ရေလှိုင်းတို့၊ ပန်းတို့ကို လူသားတွေအဖြစ် အသက်သွင်းပြီး တင်စားတာမျိုးပေါ့။ 'လူဇာတ်သွင်းခြင်း' လို့ သုံးတယ်။ ကျေးငှက်တိရစ္ဆာန်ကလေးတွေ စကားပြောကြပုံမျိုးဖွဲ့တာလည်း လူဇာတ်သွင်းတာပဲပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တင်စားပုံတစ်မျိုးက ရုပ်ဝတ္ထုအဆင်းသဏ္ဌာန်မရှိတဲ့ ဒြပ်မဲ့သဘောကို ရုပ်ဝတ္ထုအဖြစ်တင်စားတာပဲ။ 'ဆရာ့ပညာရိပ်မှာ ခိုလှုံခွင့်ပြုပါ'ဆိုတဲ့စကားမျိုးပေါ့။ 'ပညာ'ဆိုတာ အဆင်းသဏ္ဌာန်မှမရှိဘဲ။ အဲဒါကိုရှိသလိုတင်စားပြီး ပညာရိပ်လို့ သုံးတာမျိုးပေါ့ကွာ"။ 'လောဘမုန်တိုင်းတို့၊ မာနတံခွန်တို့၊ မေတ္တာပန်း'တို့လို အဆင်းသဏ္ဌာန်မရှိတဲ့ လောဘတို့၊ မာနတို့၊ မေတ္တာတို့လို အဆင်းသဏ္ဌာန်ရှိတဲ့ မုန်တိုင်းတို့၊ တံခွန်တို့၊ ပန်းတို့နဲ့ ထပ်တူပြုတင်စားတာမျိုးလည်း ပါတာပေါ့။

"ဟုတ်ကဲ့ပါ။ နောက်တစ်မျိုးကရော ဦးလေး"

"အရသာမရှိတဲ့ဟာကို ရှိသလိုတင်စားတာလည်း တင်စားပုံတစ်မျိုးပဲ။ 'သူ့အသံကလေးက ချိုနေတာပဲ၊ သူ့စကားကို နားခါးလိုက်တာ'ဆိုတာမျိုးပေါ့။ တကယ်တော့ အသံကလည်းမချိုပါဘူး။ အရသာမှမဟုတ်တာ၊စကားကလည်း မခါးပါဘူး။ ဒါပေမယ့် အရသာရှိတဲ့ဟာလို့ တင်စားထားတာလေ"

"နားလည်ပါပြီ ဦးလေး"

အရည်မဟုတ်တာကိုလည်းဟုတ်သလို တင်စားလေ့ရှိကြတယ်။ 'မေတ္တာဖျန်းမှ လန်းဆန်းမယ်'၊ 'မေတ္တာရေစင် ပက်ဖျန်းလိုက်ပါတယ်' ဆိုတာမျိုး၊ အရည်မဟုတ်တဲ့ မေတ္တာကို အရည်အဖြစ်တင်စားတာပေါ့ကွယ်"

" 'စေတနာတွေ တစိမ့်စိမ့်ယိုဖိတ်လာတယ်'ဆိုတာမျိုးရောပေါ့နော်၊ ဦးလေး"

"ဟုတ်ပ။ မင်းလည်းတော်တော်ဟုတ်လာပြီ။ နောက်တစ်မျိုးကတော့ ပြုလုပ်တတ်သူမဟုတ်တာကို ဟုတ်သလို တင်စားတာမျိုးပဲ။ 'ပန်းကလေးများ တေးဆိုနေကြသည်'ဆိုတာမျိုးပေါ့။ ခုနပြောတဲ့ 'ပေဒါပျံအံကိုခဲ ပန်းပန်လျက်ပဲ' ဆိုတဲ့ အဖွဲ့မျိုးလည်းပါတာပေါ့"

"တင်စားပုံတွေကစုံနေတာပဲနော် ဦးလေး"

"ကျန်သေးတယ်။ အစိုင်အခဲမဟုတ်တာကိုဟုတ်သလိုတင်စားတာ။ 'အသည်းထောင့်မှာ အချစ်ခြောင့်ကလေးတွေစူးနေ' ဆိုတဲ့ အဖွဲ့မျိုး။ အချစ်ကိုဆူးခြောင့်အဖြစ် တင်စားတာလေ။ အစိုင်အခဲဆိုတာ အကောင်အထည်ရှိတဲ့ အရာဝတ္ထုပဲပေါ့။ 'မေတ္တာတောင်ထုချစ်မှုပို့ခဲ့တယ်' ဆိုတဲ့ အဖွဲ့မှာ မေတ္တာကိုတောင်ထုကြီးနဲ့ တင်စားထားတာ။ ကြီးမားတဲ့ အစိုင်အခဲကြီးပေါ့ကွယ်"

"အလင်္ကာကျမ်းမှာ သမာဓိဂုဏ်ခြောက်မျိုးရှိတယ်လို့ တွေ့ပါတယ်။ ဒါဆိုစုံပြီပေါ့"

"မူလကတော့ခြောက်မျိုးပဲ။ နောက်ကျမ်းတွေမှာတော့ အနံ့မရှိတာကို ရှိသလိုတင်စားတဲ့ သမာဓိဂုဏ်ပါထည့်ပြီးပြတယ်။ 'မေတ္တာရနံ့မွှေးပျံ့တယ်' တို့၊ 'မင်းရဲ့ နာမည်ကတော့ မွှေးနေတာပဲ' တို့၊ 'သူ့အကြောင်းက အပုပ်နံ့ထွက်နေပြီ' တို့ပေါ့ကွယ်"

"အဲဒီသမာဓိဂုဏ်တွေတစ်ခုနဲ့တစ်ခု မထပ်နိုင်ဘူးလားဦးလေး"

"ထပ်နိုင်တာပေါ့။ သက်မဲ့ကို သက်ရှိအဖြစ်တင်စားရင် အဲဒီသက်ရှိမှာ ပြုလုပ်တတ်တဲ့ သဘောလည်းရှိမှာပေါ့။ အဆင်းသဏ္ဌာန်အဖြစ် တင်စားရင်လည်း အဆင်းသဏ္ဌာန်ဟာ အရည်လည်းဖြစ်နိုင်တယ်။ အစိုင်အခဲလည်း ဖြစ်နိုင်တာပေါ့။ ထင်ရှားတာကိုယူရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"အခုပြောတဲ့ အထဲမှာမပါတဲ့ တင်စားပုံမျိုးတွေရှိသေးတယ်ကွဲ့။ မိန်းကလေးတစ်ယောက်ကို 'ကြွေရုပ်ကလေး'လို့တင်စားတာ မျိုးဆိုပါတော့။ ဘယ်လိုတင်စားတယ်ခေါ်မလဲ"


"ဟုတ်ကဲ့ ၊ သက်ရှိကိုသက်မဲ့အဖြစ်တင်စားတာပေါ့ ဦးလေး"

"ဟုတ်တယ်။ အဲဒီလိုပဲချောမောတဲ့မိန်းကလေးကို 'နတ်သမီးကလေး' လို့ တင်စားတာမျိုးကျတော့ သက်ရှိအချင်းချင်း တင်စားတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဦးလေး"

"အဲဒီလိုတကယ်မဟုတ်တာကို ဟုတ်သလို၊ တကယ်မရှိတာကို ရှိသလို တင်စားတာဟာ တင်စားသူရဲ့ စိတ်ကူးဉာဏ်အစွမ်းပဲ။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ တစ်မူထူးခြားတဲ့ ဖန်တီးမှုပေါ့ကွဲ့။ ကဲ. . . ဒီနေရာမှာ သဒ္ဒါလင်္ကာရခေါ်တဲ့စကား တန်ဆာဆင်ပြီးရေးဖွဲ့တဲ့၊ ဂုဏ်မြောက်တဲ့အရေးအသား အကြောင်း အဆုံးသတ်ရအောင်"

## ကမ္ဘာ့ဒုတိယအကြီးဆုံးစိန် ဝယ်ယူနိုင်သူရှာဖွေရန် ပြပွဲခင်းကျင်းပြသသွားရန်ရှိ




လက်ရှိအနေဖြင့် ကမ္ဘာပေါ်တွင် တွေ့နိုင်ခဲ့သော ဒုတိယအကြီးဆုံး စိန်ကိုဝယ်နိုင်မည့်သူ ရှာဖွေတွေ့ရှိရန်ပြပွဲခင်းကျင်းသွားမည်ဟု သတင်းတွင် ဖော်ပြထားသည်။

ယင်းစိန်မှာ ကမ္ဘာ့ဒုတိယအကြီးဆုံး အရွယ်အစားစိန်တုံး ဖြစ်လာခဲ့ပြီးနောက် ပြပွဲမကျင်းပမီအချိန်တွင် ဘော့ဆွာနာ ဘာသာစကားအရ Lesedi La Rona ဟု အမည်ပေးခဲ့ကာ Our Light "ကျွန်ုပ်တို့အတွက် အလင်းရောင်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရသည်။

အဆိုပါစိန်၏ အလေးချိန်မှာ ၁၁၀၀ ကရက်ရှိပြီး အရွယ်အစားမှာ တင်းနစ်ဘောလုံးအရွယ်ရှိကာ မကြာမီကာလတွင် ဝယ်ယူနိုင်မည့်သူ ရှာဖွေရန်အတွက် ခင်းကျင်းပြသသွားရန်ရှိသည်ဟု သိရှိရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ယင်းစိန်ကို ဘော့ဆွာနာရှိ ကာရိုဝီ သတ္တုတူးဖော်ရေးမှ လူကာရာ စိန်တူးဖော်ရေးအဖွဲ့က တူးဖော်ရရှိခဲ့သည်ဟု ဆိုထားသည်။

ယခုတူးဖော်ရရှိထားသည့် စိန်ကို ဝယ်ယူနိုင်မည့်သူအား ရှာဖွေနိုင်ရန်အတွက် ပြပွဲပြုလုပ်သွားမည်ဟု ကိတ်တောင်းမြို့ရှိ အာဖရိကသတ္တုတွင်းဆိုင်ရာ ကွန်ဖရင့်တွင် လူကာရာ စိန်တူးဖော်ရေးအဖွဲ့၏ အမှုဆောင်ဥက္ကဋ္ဌဖြစ်သူဝီလီယံလမ့်က ပြောကြားခဲ့သည်။ ပြပွဲ၏ အကြီးဆုံးစိန်ခေါ်မှုတစ်ရပ်အနေဖြင့် စိန်၏အလေးချိန်နှင့် အချိုးအစားအလိုက် တန်ဖိုးမှာ ကမ္ဘာမြေပြင်ပေါ်တွင် ဖြစ်နိုင်ခြေရှိသမျှ တန်ဖိုးအမြင့်ဆုံး ကျောက်မျက်ရတနာပစ္စည်းတစ်ခုအဖြစ် စျေးနှုန်းသတ်မှတ်ခြင်း ခံရမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားသွားခဲ့သည်။

ဘော့ဆွာနာရှိ လူကာရာစိန်သတ္တုတွင်းမှ တင်ပို့ကုန်မှာ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၉ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၄ ဘီလီယံထိ ကျဆင်းခဲ့ကာ စိန်ကျောက်မျက်ထွက်ရှိနှုန်းမှာ ခြောက်နှစ်တာအတွင်း အနိမ့်ဆုံးရှိခဲ့ပြီးနောက် ယခုကဲ့သို့ ဒုတိယအကြီးဆုံးဖြစ် လာမည့် စိန်ကို တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

# ဒို့ကျေးရွာဂျာနယ်ဝတ္ထုတိုပြိုင်ပွဲနှင့် ဒို့ကျေးရွာအလှ ရှုမဝ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် "ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ" နှင့် "ဒို့ကျေးရွာအလှ ရှုမဝ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(ယာပုံ)**



ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ မြင်းမူမောင်နိုင်မိုးနှင့် ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဓာတ်ပုံအကဲဖြတ် အဖွဲ့ဝင်များဖြစ်ကြသော ဓာတ်ပုံပညာရှင် ပန်းချီစိုးမိုးနှင့် ဓာတ်ပုံပညာရှင် ဦးမြင့်သိန်းဖေတို့က ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ဒေါ်ခင်အေးမူ(ခင်လပြည့်ဝန်း)က ကျေးဇူးတင်စကားပြောကြားသည်။

"ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ" တွင် ပထမဆုကို ဦးစံရွှေမင်း (ကျော်ဖြိုးလွင်)၊ ဒုတိယဆုကို ဒေါ်ခင်အေးမူ(ခင်လပြည့်ဝန်း)၊ တတိယဆုကို ဦးစိန်ဝင်း(အိမ်မဲဦးစိန်ဝင်း)၊ အထူးဆု(၁)ကို ဒေါ်ခင်မာကြည် (မလေးခင်-ဟသ်ာရွှေမြေ)၊ အထူးဆု(၂)ကို နော်လယ်မူဖော(ရှို့စ်)၊အထူးဆု(၃)ကို ဒေါ်ဝင်းကြည်(မကျေးဥ)၊ အထူးဆု(၄)ကို ဒေါ်မြင့်မြင့်သန်း(မေကျော်-ပြန်/ဆက်)နှင့် အထူးဆု(၅)ကို ဒေါ်ဟေမာကြည်စိုး (ချစ်ဆုပန်) တို့က ရရှိကြသည်။

"ဒို့ကျေးရွာအလှ ရှုမဝ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ(ဌာနတွင်း)တွင်ပထမဆုကို ဦးဝေဖြိုးအောင်(ချမ်းမြသာစည်မြို့နယ်ရုံး)၊ ဒုတိယဆုကို ဦးဇော်ဝင်းအောင်(ရမည်းသင်းခရိုင်ရုံး)၊ တတိယဆုကို ဦးရဲသူရအောင်(ညောင်ဦးခရိုင်ရုံး)၊ အထူးဆု(၁)ကို ဦးနန်ရှင်းခိုင်(ရုံးချုပ်)၊ အထူးဆု(၂)ကို ဦးကျော်သန်း(ပေါက်တောမြို့နယ်ရုံး)၊ အထူးဆု(၃)ကို ဦးနန်ရှင်းခိုင်(ရုံးချုပ်)၊ အထူးဆု(၄)ကို ဦးသန်းနိုင်ဦး (ငဖဲမြို့နယ်ရုံး)နှင့် အထူးဆု(၅)ကို ဦးရန်နိုင်ထွန်း(ကျွန်းစုမြို့နယ်ရုံး)တို့က ရရှိကြသည်။ **သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# ရေဘေးနှင့် မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ရေဘေးနှင့် မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်(ရုံးချုပ်)၌ ရေဘေးသင့်ပြည်သူများအတွက် ရွှေလီ(၁)ရေအားလျှပ်စစ်ကုမ္ပဏီက ငွေကျပ် ၁၃၁၀၀၅၀၃ ကို လာရောက်လှူဒါန်းသည်။

မီးဘေးသင့်ပြည်သူများအတွက် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၃၁၀၀၀၀၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၁၃၁၀၀၀၀ နှင့် မြင်းခြံမြို့ အလှူရှင်က ငွေကျပ် ၁၀၀၀၀၀၊ ဦးလှမင်း မိသားစု တိုက်ကြီးမြို့က ငွေကျပ် ၃၀၀၀၊ ကျောက်မဲခရိုင် ဦးစီးမှူးရုံး၌ ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီနှင့် အဖွဲ့ဝင်/အရန်အဖွဲ့ဝင်မိသားစုများက ငွေကျပ် ၅၀၀၀၀၀ တို့ကို လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ စုစုပေါင်းငွေကျပ် ၁၆၃၂၃၅၀၃ အနက် မီးဘေးသင့်ပြည်သူများအတွက် ရရှိငွေကျပ် ၃၂၂၃၀၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၂၀၇၉၉၆၂၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပြီး ယင်းရရှိငွေများအနက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ရရှိငွေစုစုပေါင်းငွေကျပ် ၇၈၇၃၂၃၀၀ ကို နမ့်ဆန်မြို့သို့ ငွေကျပ် ၃၅၁၇၀၃၀၀ ကို လည်းကောင်း၊ လပွတ္တာမြို့သို့ ငွေကျပ် ၄၃၅၆၂၀၀၀ ကို လည်းကောင်း ဖေဖော်ဝါရီ ၂၂ ရက်က သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေး ကော်မတီအသီးသီးသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ ယနေ့အထိ ထပ်မံရရှိသည့် လက်ကျန်ငွေကျပ် ၁၂၉၂၆၃၉၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀တို့ကိုလည်းကောင်း ဆက်လက်လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘားအံ-သထုံ ကားလမ်း၌ ဟိုက်ဂျက်ယာဉ်နှင့် ၁၂ ဘီးယာဉ် မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ဘားအံ ဖေဖော်ဝါရီ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု တန် ၉၀၀ ဘိလပ်မြေစက်ရုံ ဘောလုံးကွင်းအနီး ဘားအံ-သထုံ ကားလမ်းပေါ်၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဟိုက်ဂျက်ယာဉ်တစ်စီးနှင့် ၁၂ ဘီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ**(အောက်ပုံ)** ဟိုက်ဂျက်ယာဉ်ပေါ်ပါ သုံးဦးအနက်နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဘားအံ-သထုံကားလမ်းအတိုင်း တန် ၉၀၀ ဘောလုံးကွင်းသို့ ယာဉ်အမောင်းသင်လေ့ကျင့်ရန် ယာဉ်မောင်းကျော်မြိုင်(ခ) လခို (၂၇ နှစ်) ကျောင်းအောက်ကျေးရွာ ဘားအံမြို့နယ် ကရင်ပြည်နယ် နေသူ မောင်းနှင်ပြီး ဘေးတွင်အမောင်းသင်ပေးသူ ယာဉ်ပိုင်ရှင် သန်းနိုင် (၃၃ နှစ်)နှင့် သန်းနိုင်၏သားဖြစ်သူ မောင်ပေါ်ဦး(ငါးနှစ်) တို့လိုက်ပါလာသည့် 2H/--- ဟိုက်ဂျက်ယာဉ်သည် ကလေးလမ်းဆုံဘက်မှမောင်းနှင်လာစဉ် တန် ၉၀၀ ဘိလပ်မြေစက်ရုံ ဘောလုံးကွင်းအနီးအရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားကာ ဘိလပ်မြေတင် ၍ ဘားအံဘက်သို့ ယာဉ်မောင်းဦးစိုးလွင် (၅၃ နှစ်) လှည်းကူးမြို့နယ်နေသူ မောင်းလာသော 2A/--- ၁၂ ဘီးယာဉ်ကိုဝင်တိုက်မိရာ ဟိုက်ဂျက်ယာဉ်မောင်း ကျော်မြိုင်(ခ)လခိုနှင့် မောင်ပေါ်ဦးတို့နှစ်ဦးမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး သန်းနိုင်တွင် ဒဏ်ရာများရရှိ၍ ဘားအံဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဟိုက်ဂျက်ယာဉ်မောင်း ကျော်မြိုင်(ခ)လခိုကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



○ **ရှေ့ဖုံးမှ**

တံတားပေါ်၌ ကျောင်းသား ကျောင်းသူများ စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် ယာဉ်ကြောပိတ်ဆို့နေသည်။ ထို့အပြင် ယာဉ်အန္တရာယ်လည်းဖြစ်နိုင်သည်။ ခေတ်နှင့်အညီ ကားများလည်း တိုးပွားလာသည်။ ကားမျိုးစုံတံတားပေါ်၌ နေ့ရော၊ ညပါ ဖြတ်သန်းနေကြသဖြင့် မိတ္ထီလာလွှတ်တော်ကိုယ်စားလှယ်များက တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် လွှတ်တော်သို့တင်ပြတောင်းဆိုခဲ့သည်။ လွှတ်တော်က ကန်ကူးတံတားသစ်တစ်စင်းဆောက်လုပ်ရန် ခွင့်ပြုခဲ့သည်။

မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို လက်ရှိမူလတံတားတောင်ဘက်၌ တံတားသစ်ကြီး တစ်စင်းတည်ဆောက်ရန် တံတားဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူ၍ မူလတံတားတောင်ဘက်၌ ကပ်လျက် ကန်ကူးတံတားအဟောင်းနှင့် ကန်ကူးတံတားအသစ်တို့ပေါင်းစပ်ပြီး တံတားပေါ်၌ ယာဉ်သွားလမ်းအကျယ် ၄၈ ပေကျယ်ဝန်းပြီး လေးလမ်းသွားအဖြစ် အသုံးပြုနိုင်ကာ တံတားခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီး၏ တံတားအရှည်နှင့်ခန်းပွင့်မှာ အလျားပေ ၈၀၀၊ ပေ ၁၀၀ ခြောက်ခန်း+ ၆၀+၈၀+၆၀ ဖြစ်သည်။ တံတားအကျယ်မှာ ယာဉ်သွားလမ်း ၄၈ ပေ၊ လေးလမ်းသွား (မူလနှစ်လမ်းသွား)လူသွားလမ်းတစ်ဖက် ခြောက်ပေစီဖြစ်သည်။

ကန်ကူးတံတားသစ်ကြီးကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်က စတင်တည်ဆောက်ခဲ့ရာ တံတားအမျိုးအစားမှာ အုတ်မြစ် MINI BORED PILE၊ ကိုယ်ထည်သံကူကွန်ကရစ်တိုင်ပေါ်တွင် RC GIRDER+ PC GIRDER+PLATE GIRDER ဖြစ်သည်။ တံတားခံနိုင်ဝန် AASHTOHS-20 ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ကန်ကူးတံတားသစ်ကြီးကို ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၄)က တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်က ယာဉ်များဖြတ်သန်းအသုံးပြုခဲ့သည်။

မူလကန်ကူးတံတားတောင်ဘက်၌ ကပ်လျက်တည်ဆောက်ခဲ့သော ကန်ကူးတံတားသစ်ကြီးပြီးသည့်နောက် ကန်ကူးတံတားဟောင်းနေရာတွင် ကန်ကူးတံတားသစ်ကြီးကိုလည်း ဆက်လက်ဆောက်နေသည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအထူးအဖွဲ့(၄) မန္တလေးမြို့က တာဝန်ယူတည်ဆောက်နေသည်။ တံတားတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလက စတင်တည်ဆောက်ခဲ့သည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို တံတားအရှည်နှင့်ခန်းဖွင့်များမှာ ပေ ၈၀၀ (၆၀+၈၀+၆၀+၁၀၀×၆) ပေတို့ဖြစ်သည်။

မူလကမိတ္ထီလာကန် အတွင်းလမ်း မြေသားဖို့ခြင်းကို ဖယ်ရှားကာ တံတားအဖြစ် ကန်ရေပြင်တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။

တံတားအကျယ်မှာ ယာဉ်သွားလမ်း ၄၈ ပေ၊ လေးလမ်းသွား(မူလနှစ်လမ်းသွား)လူသွားလမ်းတစ်ဖက်ခြောက်ပေစီဖြစ်သည်။ တံတားအမျိုးအစားမှာ (က) အုတ်မြစ် BORED PILE၊ (ခ)ကိုယ်ထည် သံကူကရစ်တိုင်၊ (ဂ)အပေါ်ထည် PC GIRDER ဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားတိုးချဲ့ခြင်းလုပ်ငန်းတစ်ခုလုံး၏ ကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၂၇၀၀ ဖြစ်သည်။ ကန်ကူးတံတားသစ်ကြီးကို ငါးလအတွင်း အပြီးတည်ဆောက်ခြင်းဖြစ်ပြီး ကန်ကူးတံတားသစ်ကြီး မတ်လအတွင်းပြီးစီးမည်ဖြစ်ကာ ယာဉ်သွားလာမှု အသုံးပြုနိုင်တော့မည်ဖြစ်သည်။

# ဖေဖော်ဝါရီ ၂၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | (ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၅၁၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၄၁၅၀၀ | အသစ် |
| ၃။ | ဧရာ/ ညော့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၆၀၀ မှ ၂၃၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၀၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၀၀၀ | အသစ် |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၅၀၀ | အသစ်/ရှယ် |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၈၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၀၈၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ တောင်တွင်း၊ မင်းလှ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၆၇၅ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၀၀ မှ ၃၄၂၅ | ရှယ် |
| ၁၁။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၀ မှ ၆၅၀ | ဆွဲ,A1,Ok.S1,S2,S3 |
| ၁၂။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၇၀၀ | |
| ၁၃။ | ကွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၅၀၀ | |
| ၁၄။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၅၀ | |
| ၁၅။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀၀ မှ ၁၂၀၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။



# ကလေးမြို့လမ်းဆုံအနီး သုံးထပ်တိုက် အဖီပြိုကျ၊ လူနှစ်ဦး ပိမိသေဆုံး

**ကလေး ဖေဖော်ဝါရီ ၂၉**

ကလေးမြို့ လမ်းဆုံအရှေ့ဘက် ဗိုလ်ချုပ်လမ်းမဘေးရှိ ပေါ်ဦး ဖိနပ်ဆိုင်နှင့် နေခြည်ဦးအထည်၊ ဖိနပ်နှင့် အားကစားပစ္စည်း ရောင်းဝယ်ရေးဆိုင်ကြားရှိ ဆောက်လုပ်ဆဲ သုံးထပ်တိုက် ဇကရီ ဖိနပ်ဆိုင်၏ Steel Structure အဖီထုတ်လသာ ဆောင်ခန့်မှန်းအလျား ပေ ၂၀၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေ သံကူကွန်ကရစ်လောင်းသည့် နေရာသည် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပြိုကျမှုဖြစ်ပွားခဲ့သည်။

ယင်းသုံးထပ်တိုက်၏ အဖီလသာဆောင်ပြိုကျမှုတွင် အိမ်ပိုင်ရှင် ဦးဌေးအောင်နှင့်တူဖြစ်သူ ဦးစည်သူတို့သည် အဖီလသာဆောင်ပြိုကျသည့်နေရာ၌ ပိမိ၍ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးပြုလုပ်ကာ ကလေးမြို့ပြည်သူ့ဆေးရုံသို့ အချိန်မီ ပို့ခဲ့ကြသော်လည်း နှစ်ဦးစလုံးအသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါအဖီလသာဆောင် ပြိုကျမှုဖြစ်ပွားခြင်းတွင် စက်မှုလယ်ယာဦးစီးဌာန၏ မြေကော်စက်နှစ်စီး၊ မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၏ စီမံကွပ်ကဲမှုဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကလေးမြို့လမ်းဆုံတွင် ပြည်သူများသွားလာရေး ပြန်လည် အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနတို့၏ မြေသယ်ယာဉ်များကို အသုံးပြုလျက် အဖီလသာဆောင်ပြိုကျမှုကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အောင်ပန်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်က ပန်ဟုန်း-လားရှိုးသွားလမ်း ကုန်းညောင်ကျေးရွာအဝင် တံတားအနီး၌ ကျောက်ယိုချန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ ဖမ်းဆီးရမိသည်။

အလားတူ ဖေဖော်ဝါရီ ၂၈ ရက်က အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် နယ်မြေ (၅) အမှတ် (၃၆၂)နေ ပန်းစိန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မမိရီအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သီပေါဘူတာရထားလမ်းအနီး ချိန်ကိုက်မိုင်းတွေ့ရှိ

**သီပေါ ဖေဖော်ဝါရီ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မြို့လယ်ရပ်ကွက် နမ့်ပေါ့ချောင်း ရထားသံလမ်း အမှတ်(၃၉၁) မန္တလေးမှလားရှိုးသို့အဝင် သီပေါဘူတာအနီး မိုင်တိုင်အမှတ် ၅၀၉/၁၃-၁၄ တွင် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၈ နာရီကျော်က မြန်မာ့မီးရထားဂိတ်စောင့် ဝန်ထမ်း ဦးအောင်ဝင်းနှင့် ဦးဌေးဝင်းတို့သည် ရထားလမ်းဘေးရှိ ချုံနွယ်နှင့် အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်ရာ မိုင်းဟုယူဆရသော အစိမ်းရောင်ဘူးကို ရထားသံလမ်းနှင့် ငါးပေအကွာ၌ တွေ့ရှိခဲ့သည်။ **(ယာပုံ)**



ထို့ကြောင့် အခင်းဖြစ်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း၊ မြန်မာ့မီးရထား(သီပေါ) ဘူတာရုံပိုင်ကြီး ဦးမောင်မောင်နိုင်၊ မြို့လယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘိုနီနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာနယ်မြေခံတပ်ရင်းသို့ အကြောင်းကြားခဲ့သည်။

အဆိုပါမိုင်းမှာ PVC ပိုက်ရှစ်လက်မ၊ အချင်းရှစ်လက်မ၊ အမြင့် ငါးလက်မခန့်ရှိ ပိုက်အတွင်း သံတိုသံစများရောနှော၍ ဒေသန္တရလယ်မိုင်း အမျိုးအစားဖြင့် ပြုလုပ်ထားပြီး 9 Volt ဘက်ထရီအိုးဖြင့် ဝိုင်ယာကြိုး ဆက်သွယ်ပြုလုပ်ထားသည့် ချိန်ကိုက်မိုင်းဖြစ်ကာ လူနှင့်သံလမ်းမှာ ထိခိုက်ပျက်စီးခြင်းမရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ဖျောက်ဆိတ်ကုန်းကျေးရွာ၌ အိမ်ခြေ ၁၀၀ ကျော် မီးလောင်ဆုံးရှုံး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ညာဂမိုးအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် ဦးမင်းမင်း(၂၉နှစ်)၏ နေအိမ်မီးကြွင်းမီးကျန်မှ စတင်ကာ မီးလောင်ကျွမ်းခဲ့ကြောင်း အဆိုပါမီးလောင်ကျွမ်းရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မီးသတ်ယာဉ် ၂၃ စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး ညနေ ၄ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကြောင့် လူနေအိမ် ၁၀၂ လုံးခန့် ဆုံးရှုံးသွားကြောင်း သိရသည်။ **(ဝ၈၅)**



RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၅၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဖြည့်စွက်ဖတ်ရှုပါရန်
၁၃-၁-၂၀၁၆ မြန်မာ့အလင်းကြော်ငြာစာ မျက်နှာ-၂၆ပါသယ်န်းကျွန်းမြို့နယ်၊ ဒေါ်မိတူး+၃ ပိုင်ဆိုင်ကြောင်းမြေပုံကူးကြော်ငြာတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၏ရှေ့တွင်ဒေါ်မိတူး+၃ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ(အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၁၀၇/၁၅)အရ ဒေါ်ခင်မိုးအေးဦး(၁၂/သဃက(နိုင်) ၁၆၅၁၉၇)ဟုဖြည့်စွက်ဖတ်ရှုပါရန်။

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄ တန်းမှ ၆ တန်းထိ နှင့် ၇၊ ၈၊ ၉၊ ၁၀ တန်းများ
နွေ- March 7,9 စမည် လူကြီး-March 5,7 စမည် Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂ စက်မှု၊ မြေကွက်အမှတ် ၁၃၊ မြေကွက်တည်နေရာ ၁၃၊ အင်ကြင်းမြိုင်လမ်းနှင့် ကနောင်(၂)လမ်းထောင့်၊ (၁)ရပ်ကွက်၊ ရွှေပြည်သာ ဦးရှစ်မိန်ကို(ခ)ဦးမောင်လှ ၁၂/စခန(နိုင်)၀၅၅၉၆၄ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးစိန်ဝင်း(ခ)ဦးတောင်ရိုး ၁၃/လရန(နိုင်)၀၅၇၈၅၁မှ စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်မှုရင်းတွင် အသုံးပြုခွင့်ရသူ၏ ဓာတ်ပုံတင်ပြနိုင်ခြင်း မရှိဘဲ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၂၀၉၂၁၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက ရဲမှူးသက်နောင်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၂၄၄/၂၀၁၁ ဖြင့် ရဲမှူးသက်နောင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ရွှေကြည် ၁၃/မဆတ(နိုင်)၀၃၇၈၀၆ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၀၉၂၃)၊ ဧရိယာ ၀ဒသမ ၁၁၀ဧက ဒေါက်တာလွင်နိုင်ဦးအမည်ပေါက် နှစ်၃၀ အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၃၇၃/၂၀၁၁ ဖြင့် ဒေါက်တာလွင်နိုင်ဦး၏အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ရွှေကြည် ၁၃/မဆတ(နိုင်)၀၃၇၈၀၆ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## တိပိဋကဓရ (ယော) ဆရာတော်ကြီး၏
## တိပိဋကဘွဲ့ရ (၃၁) နှစ်ပြည့် ကုသိုလ်ပွဲ
## ရိပ်သာကျောင်းတိုက်တည် (၁၈) နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ
## ပရိယတ္တိစာသင်တိုက်တည် (၅) နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ
## စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ
## အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီး၏ တိပိဋကဓရဘွဲ့ရ သုံးဆယ့်တစ်နှစ်ပြည့် ကုသိုလ်ပွဲမင်္ဂလာ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်း (၁၈)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ၊ စာသင်တိုက်တည် (၅)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲများကို ကျင်းပပြုလုပ် ကုသိုလ်ရယူပူဇော်ကြရာတွင် ပင့်သံဃာအပါး ၁၀၀ နှင့် သီလရှင်ဆရာလေး အပါး၅၀ တို့အား လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို ၁၃၇၇ ခုနှစ်တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၆-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်ပူဇော်ကြမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါး ဒါယကာ ဒါယိကာမများ ကုသိုလ်စေတနာရှင်များ အတူတကွ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်စိတ်ထား ဂါရဝတရားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့**
**ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်**
**အောင်မြေသာယာလမ်း၊ ကုန်းတလပေါင်းစုံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၀၉၆၀၇၂၊ ၀၉-၇၃၁၅၂၆၄၂**




ပန်းချီကြည်သိန်း
ပန်းချီအခြေခံနှင့် ရိုးရာပန်းချီရေးဆွဲနည်း
ပန်းချီကြည်သိန်း၏ ပန်းချီအခြေခံနှင့် ရိုးရာပန်းချီရေးဆွဲနည်း အပြင် ကလေးတို့အတွက် ပန်းချီလွယ်လွယ် ရေးဆွဲနည်း ပါဝင်သည့်စာအုပ်ကို ဒုတိယအကြိမ်အဖြစ် နဂါးပင်းစာပေမှ ထုတ်ဝေပြီး မျိုးဆက်သစ်စာပေ (၀၉-၄၂၀၀၈၃၆၈၈၊ ၀၉-၄၂၀၂၂၂၉၆၂)မှ ဖြန့်ချိပေးပြီး မြန်မာပြည်တစ်နိုင်ငံလုံးရှိ စာအုပ်အရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်ပါကြောင်း ပန်းချီဝါသနာရှင်များကို အကြောင်းကြားအပ်ပါသည်။

**မြန်မာ့ရုပ်မြင်သံကြား**
**News Channel**

၁-၃-၂၀၁၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ - **ရောင်နီလာလို့အလင်းဖြာ**
8th APCRSHR
၉း၃၅ - ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာများ (ရူပဗေဒဘာသာရပ်)
၁၀း၃၅ - သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၄း၀၀ - ဆိုကြမယ်၊ ပျော်ကြမယ်

**ညပိုင်း**

၁၅း၃၀ - ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဇီဝဗေဒဘာသာရပ်)
၁၆း၃၅ - Football Magazine (ရောဝတီယူနိုက်တက်)
၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၃၅ - ပြည်သူတို့ရဲ့ စကားသံများ
၁၈း၄၅ - **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၁၃)
၂၀း၀၀ - ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ**(အပိုင်း-၂)
- Yes or No Talk Show

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



# အား/ကာ ဥက္ကဋ္ဌဖလား အလွတ်တန်းပိုက်ကျော်ခြင်း ဗိုလ်လုပွဲပြိုင်

**မန္တလေး ဖေဖော်ဝါရီ ၂၉**

၂၀၁၆ ခုနှစ် မန္တလေးပြည်ကြီးတံခွန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ (စ)ရပ်ကွက် မန္တလေးတံခွန်အားကစားကွင်း၌ (ယ) ရပ်ကွက်အသင်းနှင့် သင်ပန်းကုန်းရပ်ကွက်အသင်းတို့ယှဉ်ပြိုင်ကြရာ (ယ) ရပ်ကွက်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် မြို့နယ်အားကစားဦးစီးအရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ(စ)ရပ်ကွက်အသင်းအား ဆုငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုရ သင်ပန်းကုန်းရပ်ကွက်အသင်းက ဆုငွေကျပ် ၇၅၀၀၀ နှင့် ပထမဆုရ(ယ)ရပ်ကွက်အသင်းအား တစ်ဦးချင်းဆုများကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ကြပြီး ပထမဗိုလ်စွဲသည့်(ယ)ရပ်ကွက်အသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက ဆုငွေကျပ် တစ်သိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# နွေရာသီ လူငယ်ဂေါက်သီးရိုက်သင်တန်း ဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

Modern Hantharwaddy Golf Academy and Driving Range က မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်း အမှတ်စဉ်(၁)ကို ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ အဆိုပါဂေါက်သီးအကယ်ဒမီ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မတ် ၇ ရက်မှ ၂၈ ရက်အထိ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် တစ်ပတ်လျှင် သုံးရက်ဖြင့် စုစုပေါင်း သင်တန်းချိန် ၁၀ ချိန် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းချိန်များကို နံနက် ၉ နာရီမှ ၁၀ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီ သတ်မှတ်ထားပြီး နှစ်သက်ရာသင်တန်းချိန်များတွင် တက်ရောက်နိုင်မည်ဖြစ်သည်။ အသက်ခြောက်နှစ်မှ ၁၅ နှစ်အတွင်းရှိ လူငယ်များတက်ရောက်နိုင်သည်။ အသေး စိတ်အချက်အလက်များနှင့် သင်တန်း တက်ရောက်လိုသူများသည် Modern Hantharwaddy Golf Academy Driving Range ဖုန်း-၀၉-၂၅၄၇၂၅၀၈၃၊ ၀၉-၉၆၄၇၄၅၈၅၈ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပြီး မတ် ၆ ရက်နောက်ဆုံး ထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# မြန်မာ့သိုင်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၉**

သိုင်းပညာသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ် ကိုယ်လုံပညာတစ်ခုဖြစ်သကဲ့သို့ ကာယနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် အဓိကထားသော ရိုးရာကိုယ်လုံအတတ်ပညာလည်းဖြစ်သည့် အဆိုပါသိုင်းပညာတိုးတက်ပြန့်ပွားရေးအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မြန်မာ့သိုင်းသင်တန်း (၁/၂၀၁၆)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးကောလိပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မုံရွာပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတေဇာအေးက သိုင်းပညာနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သိုင်းဆပ်ကော်မတီနာယက ဦးကျော်ရင်က ယနေ့ခေတ် လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

❖ *ကျောဖုံးမှ*

ယင်းပွဲစဉ်တွင် လီဗာပူးအသင်းဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်အနက် ရှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ မန်စီးတီးအသင်းသည် ၂၂ ကြိမ်ဂိုးကန်သွင်းခွင့်ရခဲ့ပြီး ၁၂ ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ နည်းပြ ပယ်လီဂရီနီသည် မန်စီးတီးမှမထွက်ခွာမီ အသင်းအတွက် ဖလားတစ်လုံး ရယူပေးခဲ့ခြင်းဖြစ်သည်။

ကက်ပီတယ်ဝမ်းဖလားကို ၁၉၆၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး ဖလားအကြိမ်အများဆုံးပိုင်ဆိုင်ထားသည့်အသင်းမှာ လီဗာပူးဖြစ်ပြီး ရှစ်ကြိမ်အထိ ဗိုလ်စွဲထားသည်။ မန်စီးတီးသည် လေးကြိမ်မြောက်ဖလားရရှိခြင်းဖြစ်ပြီး မန်ယူ၊ စပါး၊ နော်တင်ဟမ်တို့နှင့် အကြိမ်အရေအတွက် တူညီခဲ့သည်။ လီဗာပူးအောက်မှ ဖလားငါးကြိမ်စီရရှိထားသည့်အသင်းမှာ အက်စ်တွန်ဗီလာနှင့် ချယ်လ်ဆီးတို့ဖြစ်သည်။



**မန်စီးတီးဂိုးသမား ကာဘယ်လာရို ပယ်နယ်တီကန်သွင်းမှုကို ကာကွယ်စဉ်။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် SMD Indoor LED Display Board including with Video Processor (Screen Size; 5.5m× 3m, Pitch Size; under 5mm, Screen Pixel; 1144× 624) တစ်ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၆ခုနှစ်၊ မတ်လ၁၀ရက်၊ ၁၅း၃၀နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၅၃တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များထံမှ အဆိုပြုလွှာများကိုသာ လက်ခံပါမည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ခုနှစ်၊ မတ်လ၂ရက် (ဗုဒ္ဓဟူးနေ့) တောင်သူလယ်သမားနေ့သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

televice
တယ်လီဗိုက်စ်
ပြည်တွင်း ပြည်ပ ခရီးသွား သတင်း ဝန်ဆောင်မှု

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးသူ ၅/ပလန(နိုင်) ၀၈၃၁၆၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၂၈၇၅၉၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နိုင်ဝင်း ၁၂/မဂတ(နိုင်) ၀၆၇၉၅၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၂၁၅၁၈၈**

# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကြည်လွင်-ဒေါ်အေးအေးဝင်းတို့၏တူ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးမျိုးဝေ-ဒေါ်မော်မော်သန်းတို့၏တစ်ဦးတည်းသောသား

**ဗိုလ်ကျော်သူဟိန်း**

**M.B.,B.S(D.S.M.A)**

**နှင့်**

နေပြည်တော်နေ ဦးကျော်မြင့်(အတွင်းရေးမှူး-နေပြည်တော်ကောင်စီ)(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ကြူကြူလင်း(အလပြ-ငြိမ်း)(ငြိမ်းချမ်းရက်ကန်းစက်ရုံ၊ ဝမ်းတွင်းမြို့)တို့၏သမီးကြီး၊ ဒေါက်တာနေရဲရင့်ကျော် M.B.,B.S(Ygn)၏ အစ်မ

**မသိမ့်နန္ဒာအောင်**

**LL.B,M.P.A,D.B.L,D.I.R**

**ဒုတိယဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

တို့၏ ၂၇-၂-၂၀၁၆ရက်(စနေနေ့)တွင် MICC-2 နေပြည်တော်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ သီရိပုံချီ ဦးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့်ဇနီး ဒေါ်ခင်ရဲမွန်၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပို့ပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ နှစ်ဖက်သောမိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မရွှေဝတ်ရည်ဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမေမျှူကျော်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မစီစီလွင်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မဇင်ဇင်လွင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်မင်းသီဟဆွေ၊ ဗိုလ်ဘုန်းတင့်အောင်၊ မင်္ဂလာသတို့သမီးအရံ မရတနာမြသန်း၊ ဗိုလ်အင်ကြင်းဆုကျော်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သက်လင်း(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၊ ဧည့်ခံကျွေးမွေး တာဝန်ယူဆောင်ရွက်ပေးပါသော ဘောဂသိဒ္ဓိစားသောက်ဆိုင်နှင့် စားသောက်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ ပန်းအလှပြင်နှင့် ဆံပင်၊ မိတ်ကပ်၊ ကိုဇင်(ပျဉ်းမနား)၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော စမ်းဟေမန်(မန္တလေး)၊ ဓာတ်ပုံနှင့် ဗီဒီယို Forever Photo & Video(Yangon)အဖွဲ့တို့အားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ MICC-2 (နေပြည်တော်)မှ ဝန်ထမ်းများ၊ မင်္ဂလာပွဲအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော မအေးမင်းမင်းသိမ့်နှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကျော်သူဟိန်းနှင့်မသိမ့်နန္ဒာအောင်**

# နမ့်ဆန်နှင့် လပွတ္တာ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ဖေဖော်ဝါရီ ၄ ရက်တွင်ဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တို့မှ မီးဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရန်ကုန်)သို့ ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၂၀၀ ခန့်၊ စိန်ဟုတ်ဘုရားကျောင်း ဂေါပကအဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းက ငွေကျပ်သိန်း ၁၀၀၊ တရုတ်အမျိုးသား ကုသိုလ်ဖြစ်အသင်းက ငွေကျပ်သိန်း ၁၀၀၊ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ ဦးသန်းထိုက်မိသားစုတို့က ငွေကျပ် နှစ်သိန်း၊ တောင်ဥက္ကလာပမြို့နယ် ဦးစံတင် မိသားစုက ငွေကျပ်နှစ်သိန်းတို့ လှူဒါန်းခဲ့ရာ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက်မှ ၂၆ ရက်အထိ လက်ခံရရှိသော လှူဒါန်းငွေစုစုပေါင်းမှာ မြန်မာငွေကျပ် ၈၅၅၅၇၇၀၀၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂၀၀ ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## သောက်သုံးရေအခက်အခဲမရှိစေရေး စက်ရေတွင်းတူးဖော်

**ငါ့သရောက် ဖေဖော်ဝါရီ ၂၉**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် စက်စက်ယိုကျေးရွာနေ ဒေသခံပြည်သူများ နွေရာသီသောက်သုံးရေအခက်အခဲမရှိစေရန်နှင့် ရေရှားပါးမှုအန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ ကမ္ဘောဇအနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမိသားစုက လေးလက်မအဝီစိစက်ရေတွင်းတစ်တွင်း တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

စက်ရေတွင်းတူးဖော်ရန်အတွက် မြေနေရာကိုစက်စက်ယိုကျေးရွာမှ အလှူရှင် ဦးပြတ်-ဒေါ်ငွေရှင် မိသားစုကမြေလှူဒါန်းပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် မကျီးရွှေဂူဆည်ကြီးကိုလည်း အသစ်ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ငါ့သရောက်မြို့နယ် စက်စက်ယို ကျေးရွာသည် အိမ်ထောင်စု ၁၇၄ စု၊ လူဦးရေ ၉၀၀ ကျော်ခန့်ရှိပြီး ကျေးလက်နေပြည်သူများမှာမြေယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးကို အဓိကလုပ်ကိုင်ဆောင်ရွက်နေကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သက်တမ်းလွန်ဆေးဝါး၊ တရားမဝင်ဆေးဝါး၊ စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**မုံရွာ ဖေဖော်ဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စားသောက်ကုန်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ်အတွင်း စားသုံးရန်မသင့်ဟု ထုတ်ပြန်ကြေညာထားသော ခွင့်မပြုဆိုးဆေးနှင့် တားမြစ်ဓာတုပစ္စည်းပါရှိသော စားသောက်ကုန်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ တရားမဝင်ဆေးဝါးများနှင့် ဆေးဝါးအတုများ မီးရှို့ဖျက်ဆီးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က မုံရွာမြို့ ဆားကျင်းသုသာန်အတွင်း ကျင်းပခဲ့သည်။

"အခုဖျက်ဆီးတဲ့ စားသောက်ကုန်နဲ့ ဆေးဝါးတွေကို စစ်ကိုင်းတိုင်းဒေသကြီး စားသောက်ကုန်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းပြီး ဆေးဆိုင်တွေ၊ ဈေးများအတွင်း စားသောက်ကုန်အရောင်းဆိုင်တွေကို လိုက်လံစစ်ဆေးပြီး စားသုံးရန်မသင့်တဲ့ ဆေးဝါးတွေ စားသောက်ကုန်တွေကို မီးရှို့ဖျက်ဆီးတာပါ။ အခုအကြိမ်ကတော့ စားသောက်ကုန်နဲ့ ဆေးဝါးတွေပေါင်းပြီး မီးရှို့ဖျက်ဆီးတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



အဆိုပါ ခွင့်မပြုဆိုးဆေးနှင့် တားမြစ်ဓာတုပစ္စည်းပါရှိသော စားသောက်ကုန်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ တရားမဝင်ဆေးဝါးများနှင့် ဆေးဝါးအတုများ မီးရှို့ဖျက်ဆီးရာတွင် ငွေကျပ် ၄၃၂၁၆၄၆ တန်ဖိုးရှိ အစားအသောက်နှင့် ဆေးဝါး ၃၂၄ မျိုးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ဒက္ခိဏသီရိမြို့နယ်တွင် နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်လူငယ်များ၊ လူမှုရေးအသင်းအဖွဲ့များ ညှိနှိုင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင်နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က နွေရာသီသောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်သင့်သည်များကို မြို့နယ်အဆင့်ဌာနဆိုင်ရာများဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လတ်တလောရေရှည် ဆောင်ရွက်သင့်သည်များ ခွဲခြားစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းအစည်းဝေးအပြီးတွင် ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ကျေးလက်လူငယ် ၅၀ ဖြင့် အဆိုပါခရိုင်ကျေးလက်ရုံး၌ လေးရက်ကြာသင်တန်းပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီနှင့်ရာသီဥတုပူပြင်းသော အချိန်ကာလများတွင် အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှု များပြားကာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်၍ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့်မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍အရိပ်ရအေးမြသောနေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီးချက်ချင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။

(၃) နေပူထဲနှင့်အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်များတွင် ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) နေ့ခင်းအချိန်၊ အမိုးအကာမရှိသောနေရာများတွင် ကာလရှည်ကြာစွာ လုပ်ငန်းဆောင်ရွက်ရသူများနှင့် အပူနှင့်ထိတွေ့ရသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော လုပ်သားများအနေဖြင့် အပူချိန်ပြင်းထန်သောအချိန်တွင် အရိပ်ရအေးမြ သောနေရာများ၌ အနားယူသင့်ပါသည်။

(၅) ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးဂေဟာများနှင့် နေ့ကလေးထိန်းကျောင်းများအနေဖြင့် အဆောက်အအုံများအား လေဝင်လေထွက်ကောင်းအောင် စီစဉ်ဆောင်ရွက်ပါ။ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ကုသနိုင်ရန်အစီအမံများချမှတ်ပါ။

(၆) အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်ကာလတွင် ခရီးသွားခြင်းမှ တတ်နိုင်သမျှရှောင်ကြဉ်ပါ။

(၇) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းတို့ကြောင့် အထူးရှောင်ကြဉ်ပါ။

(၈) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၉) အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၁၀) ခန္ဓာကိုယ်အတွင်း ရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်သောက်သုံးပါ။

(၁၁) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၂) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။ ကိုယ်အပူချိန် အမြန်ကျဆင်းလာစေရန် လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက် စုစုပေါင်း ငါးနေရာတွင် ရေအေးဖတ်ကိုကပ်ပါ။ ရေများများသောက်ခိုင်းပါ။

(၁၃) အပူဒဏ်ကြောင့် နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်းနှင့် သတိလစ်ခြင်းများဖြစ်ပေါ်ပါက အသက်အန္တရာယ်ရှိနိုင်၍ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကုသပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ရမည်းသင်းမြို့နယ် ရွှေကူရပ်မီးဘေးပြည်သူများအား အလှူငွေထောက်ပံ့

**ရမည်းသင်း ဖေဖော်ဝါရီ ၂၉-** ရမည်းသင်းမြို့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့မှ ရွှေကူရပ်မီးဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေကျပ် ၁၁ သိန်းပေးအပ်ပွဲကို ဖေဖော်ဝါရီလ တတိယပတ်က ရမည်းသင်းမြို့နယ် မြို့မရပ်ကွက်ကြီးအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးပြား၊ အတွင်းရေးမှူး ဒေါ်ခင်သန်းအေးနှင့်ကော်မတီဝင်များက မီးဘေးသင့်ပြည်သူများကိုတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် ရွှေကူရပ်တွင် နေအိမ် ၁၁ လုံး၊ အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၉၂ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ကာ တန်ဖိုးငွေကျပ် ၁၁၂၅၀၀၀ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(၀၃၅)

# မြစ်သာမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ကျေးရွာများ သွားလာနိုင်ရန် မြစ်ဖြတ်ကျော်ကြိုးတံတားတည်ဆောက်

**ဂန့်ဂေါ　ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အောက်ပိုင်း မြစ်သာမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ကျေးရွာများ အလွယ်တကူ ကူးသန်းသွားလာနိုင်ရေးအတွက် မြစ်သာမြစ်ဖြတ်ကျော် လက်ပန်ကြိုးတံတားကြီးကို ဇန်နဝါရီ ၂၁ ရက်က စတင်၍ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယခုတည်ဆောက်ဆဲ လက်ပန်ကြိုးတံတားကြီးသည် အလျားပေ ၃၀၀ ရှိ အခန်းသုံးခန်း၊ စုစုပေါင်း အလျားပေ ၉၀၀၊ ကြမ်းခင်းအကျယ် ခြောက်ပေဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ကျပ် ၂၈၈၂ သိန်းကျော် ဖြစ်ကြောင်း သိရသည်။ ကြိုးတံတားတည်ဆောက်ရေးအတွက် မြေသန့်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်တွင် ကျင်းပခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ တံတားတည်ဆောက်ရေး လုပ်ငန်းမှာ ဧပြီ ၁ ရက်တွင် ပြီးမြောက်ရန် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း လက်ပန်ကြိုးတံတားကြီး တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး ဦးညိုဖေက ပြောကြားသည်။

လက်ပန် ကြိုးတံတားကြီးကို လက်ပန်ကျေးရွာနှင့် မောက်ကျေးရွာတို့အကြား မြစ်သာမြစ်ပေါ်တွင် ဖြတ်ကျော်တည်ဆောက်နေခြင်းဖြစ်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားပါက မြစ်သာမြစ် အရှေ့ဘက်အပိုင်းရှိ လက်ပန်၊ သာကောင်း၊ ကန်၊ ကန်သာစသည့် ကျေးရွာများနှင့် မြစ်သာမြစ် အနောက်ဘက်အပိုင်းရှိ မောက်၊ တောင်ယာပြင်၊ ထယ်လှော်၊ မောက်လင်း၊ ကျွန်းဒတ်၊ ကျော်စသည့် ကျေးရွာများ ကူးသန်းသွားလာရေး အဆင်ပြေလာမည်ဖြစ်သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ရမည်းသင်းခရိုင်တွင် ယာဉ်တိုက်မှု ၂၀၁၄ ခုနှစ်ထက် ၂၀၁၅ ခုနှစ်က ပိုမိုများပြား

**ရမည်းသင်း　ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်တွင် ယာဉ်တိုက်မှုများမှာ ၂၀၁၄ ခုနှစ်ထက် ၂၀၁၅ ခုနှစ်က ပိုမိုများပြားလာကြောင်း ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးခင်းဌာနမှ သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ရမည်းသင်းမြို့တွင် ယာဉ်တိုက်မှုပေါင်း ၇၀၊ ဒဏ်ရာရသူ ၁၁၃ ဦး၊ သေဆုံးသူ ၂၃ ဦးတို့ဖြစ်ပြီး ပျော်ဘွယ်မြို့နယ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ယာဉ်တိုက်မှု ၉၂ မှု၊ ဒဏ်ရာရသူ ၉၀၊ သေဆုံးသူ ၁၃ ဦးတို့ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရမည်းသင်းမှ ယာဉ်တိုက်မှု ၅၀၊ ဒဏ်ရာရသူ ၇၇ ဦး၊ သေဆုံးသူ ၁၂ ဦးဖြစ်ပြီး ပျော်ဘွယ်မြို့နယ် ယာဉ်တိုက်မှု ၁၂၇ မှု၊ ဒဏ်ရာရသူ ၂၄၄ ဦး၊ သေဆုံးသူ ၂၃ ဦးတို့ဖြစ်ပြီး ပျော်ဘွယ်မြို့နယ်တွင် ၁၅၁ ဦးတို့အား အမှုဖွင့်အရေးယူထားရှိပြီး ရမည်းသင်းမြို့နယ်ထက် ပျော်ဘွယ်မြို့နယ်တွင် ယာဉ်တိုက်မှု ပိုမိုများပြားလာကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများကို စာသင်ကျောင်းများတွင် သာမက ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ဟောပြောပေးရန် လိုအပ်ကြောင်း သိရသည်။

**(၀၃၅)**

# မြန်မာ့ရိုးရာ နွားလှည်းယာဉ်မောင်းပြိုင်ပွဲတွင် ကျေးရွာ ၁၀ ရွာမှ နွားလှည်းယာဉ် ၂၀ ပါဝင်ယှဉ်ပြိုင်

**မိတ္ထီလာ　ဖေဖော်ဝါရီ ၂၉**

မိတ္ထီလာမြို့နယ် တည်ပင်ကုန်းကျေးရွာ ရွာဦးရွာထိပ်တွင် တည်ထားကိုးကွယ်သည့် အောင်တော်မူမြတ်စွာဘုရား (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာ နွားလှည်းယာဉ်မောင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ယင်းကျေးရွာတွင် ကျင်းပရာ တည်ပင်ကုန်းကျေးရွာအပါအဝင် ကျေးရွာ ၁၀ ရွာမှ နွားလှည်းယာဉ် ၁၀ စီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

"နှစ်စဉ်နှစ်တိုင်း အောင်တော်မူဗုဒ္ဓပူဇနိယပွဲတော်မှာ မြန်မာ့ရိုးရာ နွားလှည်းယာဉ်မောင်းပြိုင်ပွဲကို ထည့်သွင်းကျင်းပပါတယ်။ တောင်သူလုပ်ငန်းနားချိန်လည်းဖြစ်တော့ ဒေသခံတောင်သူတွေ ပျော်ပွဲရွှင်ပွဲအဖြစ် နွားလှည်းယာဉ်မောင်းပြိုင်ပွဲတွေကို ရွာကဘုရားပွဲတွေမှာ ထည့်သွင်းကျင်းပကြတဲ့ အညာကျေးရွာတွေဓလေ့အတိုင်း နှစ်တိုင်းကျင်းပကြတယ်။ မနှစ်ကဆိုပြိုင်ပွဲဝင်လှည်းယာဉ်က ဒီထက်များတယ်။ ဒီနှစ်တော့ ပြိုင်ပွဲဝင်လှည်းယာဉ်အစီး ၂၀ ပဲရှိတယ်။ တည်ပင်ကုန်း၊ ကုန်းသာ၊ ဒီးဒုတ်ကုန်း၊ဒဟတ်တန်း၊ တောင်ဖီလာ၊ လိန်တော၊ ကန်နီ ၊ ချောင်းနား စတဲ့ ကျေးရွာ ၁၀ ရွာက နွားလှည်းယာဉ်မောင်းပြိုင်ပွဲ ဝါသနာရှင်တွေ လာရောက်ပြိုင်ပွဲဝင်ကြတာဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**



# သတင်းတိုများ

## တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းဖြင့် လူမှုဘဝများအဆင်ပြေ

ကချင်ပြည်နယ် မံစီမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် မံသဲကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများမှာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ယခင်ကထက် ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော ငါးမွေးမြူရေးလုပ်ငန်းများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီလတတိယပတ်က သွားရောက်ကြည့်ရှုပြီးလိုအပ်သည်များ အကြံပြုခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဆွမ်းဆန်တော်၊ သင်္ကန်းဒွိစုံနှင့် စာရေးကိရိယာများ စုပေါင်းလှူဒါန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သုခဝတီပရိယတ္တိစာသင်တိုက်ကြီးရှိ စာသင်-စာချသံဃာအပါး ၂၅၀ ကျော်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ သင်္ကန်းနှင့်စာရေးကိရိယာများ ရေစက်ချလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က အဆိုပါစာသင်တိုက်ဓမ္မာရုံကြီး၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဟသ်ာချောင်းအုပ်စု ရေချမ်းအိုးရွာ လောကနန္ဒာဘုရားကြီးကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တ ဉတ္တမသာရာလင်္ကာရ အရှင်သူမြတ်အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဆွမ်းဆန်တော်၊ ဆီ၊ သင်္ကန်းဒွိစုံနှင့် စာရေးကိရိယာများ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၇၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်း

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့ အမှတ်(၂) ရပ်ကွက် ကျောင်းလမ်း(၂)တွင် အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဇော်၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များသည် ဖေဖော်ဝါရီလစတုတ္ထပတ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသွားကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ

ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နေပြည်တော်ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မှူး၊ စခန်းမှူးတို့တက်ရောက်ကာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် ရဲမှူးကြီးက တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး၊ ရပ်ရွာအေးချမ်းသာယာတည်ငြိမ်ရေးတို့အတွက် အဓိကပူးပေါင်းဆောင်ရွက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့အချိန်အခါသည် ဆိုင်ကယ်ခိုးမှုများ များပြားနေသည့်အတွက် အထူးဂရုစိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသွားခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

## မုံရွာအကျဉ်းထောင်တွင် သင်တန်းများဖွင့်လှစ်

မုံရွာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများကို အကျဉ်းဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးဆိုသော ရည်မှန်းချက်အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်က အီလက်ထရွန်နစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၆)နှင့် အကျဉ်းသူများကို စက်ချုပ်နှင့် လက်ချုပ်သင်တန်းအမှတ်စဉ်(၁/၂၀၁၆) သင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အီလက်ထရွန်နစ်သင်တန်းသို့ အကျဉ်းသားသင်တန်းသား ၁၀ ဦး၊ စက်ချုပ်နှင့်လက်ချုပ်သင်တန်းသို့ အကျဉ်းသူ ၁၆ ဦးတို့တက်ရောက်သင်ကြားပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်မှ မေ ၂၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ဩော်. . . စာကြည့်တိုက်

❖ "စာ" ဖတ်စရာ၊ မှတ်စရာ
အားလုံးပါ၏။
❖ "ကြည့်" စရာ၊ ရှုစရာ
အားလုံးပါ၏။
❖ "တိုက်" သိုက်မြိုက်ဝန်းခြံ
အလုံးစုံကို၊ စုပြုံသိမ်းဆည်း
သိုမှီးစရာ၊ အားလုံးပါသော
တိုက်တာဆောက်အုံ၊ အလုံးစုံတည့်။
❖ ဩော်. . . .
"စာကြည့်တိုက် " ကို
စုပေါင်းဆို၍၊ နဂိုအနက်ဆင့်
အဓိပ္ပာယ်ဖွင့်သော်. . .

အဆင့်ဆင့်သောသူ၊ ကမ္ဘာ့လူတို့
သူသူငါငါ၊ ဉာဏ်ပညာနှင့်
တစ်လွှာအစုံ၊ ဗဟုသုတအဝဝနှင့်
သိပ္ပဝိဇ္ဇာ၊ အဖြာဖြာနှင့်
အလိမ္မာတရား၊ ရှိစေငြားဖို့
စိတ်ထားကြည်စွာ၊ တည်ထောင်ကာဖြင့်
တိုင်းရွာပြည်စု၊ ကောင်းကျိုးပြုသော
ကောင်းမှုထွေထွေ၊ စုပေါင်းနေသော
"စာပေမြင်းမိုရ်" ရည်ညွှန်းဆိုသော်
ပိုသည်မရှိ၊ မှန်လှဘိ။ ။

**သူဇာနွယ် (မျှားပုံ)**




၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ တတိယပတ်က ကြည့်မြင်တိုင် အထက(၁) မြဝတ်ရည်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်သန်းက ဂုဏ်ပြု အမှာစကားပြောကြားစဉ်။

ဘော်ဂါသွေး

# မြန်မာ့ဆေးပညာနယ်ပယ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် ဆေးပညာကုထုံး ရေးသားပြုစုနိုင်ပြီ

**ရန်ကုန်  ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံ၏ဆေးပညာနယ်ပယ်တွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မည့် ဆေးပညာကုထုံးကို ရေးသားပြုစုနိုင်ခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ထံမှသိရသည်။

မြန်မာနိုင်ငံ၏ အခြေအနေနှင့်လည်း ကိုက်ညီမှုရှိစေရန် နိုင်ငံအတွင်း အဖြစ်များသည့်ရောဂါများကို အဓိကဦးစားပေးပြီးပါရှိစေရန်၊ နိုင်ငံတကာ စံနှုန်းအနေဖြင့်လည်း ကွာခြားမှုမရှိစေရန်နှင့် ဆရာဝန်များအနေဖြင့်လည်း အလွယ်တကူ ကိုးကားနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

"ဆေးကုထုံးတွေနဲ့ ပတ်သက်ပြီး အခုလို စုစည်းထားတာမရှိဘူး၊ ဘာသာရပ်အလိုက် အဖွဲ့တွေအနေနဲ့ သူ့ဘာသာရပ်အလိုက် လုပ်ထားတာပဲရှိတယ်။ ဆရာဝန်တွေအနေနဲ့ ဆေးကုထုံးလက်စွဲကို မှီငြမ်းပြီး ကုသနိုင်မှာဖြစ်တဲ့အတွက် အမှားအယွင်းနည်းမယ်၊ လူနာအတွက်ရော ဆရာဝန်အတွက်ပါ လုံခြုံမှုရစေတယ်၊ နောက်ဆုံးပေါ် ကုထုံးတွေကို မျက်ခြည်မပြတ်တော့ဘူး၊ နိုင်ငံတကာစံနဲ့လည်း ကုသမှုပေးနိုင်တာပါ"ဟု ဒေါက်တာ မျိုးလွင်ငြိမ်းက ပြောသည်။

ဆေးပညာကုထုံးကို ရေးသားပြုစုနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံဆေးပညာ အဆင့်အတန်း မြင့်မားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ကျေးလက်ဒေသနှင့် မြို့ပြ အခြေခံကုသမှုတွင် ကွာခြားမှုနည်းပါးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ထံမှသိရသည်။

ယင်းစံကုထုံးများကိုအခြေခံ၍ ကုသမှုဆိုင်ရာဌာနများနှင့် ဆေးရုံများတွင် လိုအပ်သောဆေးဝါးများ၊ ပစ္စည်းကိရိယာများဖြည့်ဆည်းရာတွင် အမှန်တကယ် ကုန်ကျမှု၊ တွက်ချက်မှုများကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆေးပညာကုထုံးကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့တို့ပူးပေါင်း၍ ကော်မတီတစ်ရပ်ဖွဲ့ကာ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ ရောဂါအမျိုးအစားအလိုက် တတ်ကျွမ်းနားလည်သူ ပါမောက္ခကြီးများ၊ ပါရဂူဆရာဝန်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများနှင့် ညှိနှိုင်း၍စုပေါင်း ရေးသား ပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ဆေးပညာ ဘာသာရပ်အလိုက် စံကုထုံးများ၊ လက်စွဲကျမ်းများရှိကြပြီး ယင်းကျမ်းများတွင် ပြုစုထားသော ကုထုံးများမှာ သက်ဆိုင်ရာနိုင်ငံ၏ နောက်ခံအခြေအနေနှင့် အသင့်လျော်ဆုံးဖြစ်အောင် ရေးဆွဲထားကြခြင်းဖြစ်ကြောင်း သိရသည်။

ဆေးပညာကုထုံး ပြုစုထုတ်ဝေပြီးသွားသော်လည်း တိုးတက်ပြောင်းလဲနေသည့် ဆေးပညာနှင့်သက်ဆိုင်သည့် နည်းပညာများအပေါ် ကွာဟမှုမရှိစေရန် အဆိုပါဆေးကုထုံးစာအုပ်ကို အခြေခံကာ အချက်အလက်များကို မွမ်းမံပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန် အသင်း ဆေးပညာအဖွဲ့ထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ဆေးကုထုံးမပေါ်ခင်က အနယ်နယ်အရပ်ရပ်ရှိ ဆရာဝန်များသည် နိုင်ငံရပ်ခြားမှ ထုတ်ဝေသော ဆေးကျမ်းများ၊ လက်စွဲကျမ်းများကိုသာ နမူနာထား လက်ကိုင်ပြုကုသခဲ့ကြပြီး နေရာဒေသအပေါ်လိုက်၍ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော စံကိုက်ကုထုံးများကို တစ်ပြေးညီသိရှိရန် အခက်အခဲများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နိုင်ငံရပ်ခြားမှ စံကုထုံးများမှာ ကွာဟချက်ရှိပြီး လူနာများအတွက် အသင့်လျော်ဆုံး ကုထုံးများကိုချိန်ဆရန် ဆရာဝန်ငယ်များအနေဖြင့် အခက်အခဲများရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ထံမှသိရသည်။

**မင်းသစ်**



ရန်ကုန် အနောက်ပိုင်းခရိုင် ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တွင် ဖေဖော်ဝါရီလစတုတ္ထပတ်က စာဖတ်ရှိန် မြှင့်တင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အသုံးပြုတတ်လာစေရန်ရည်ရွယ်၍ ပျော်ရွှင်စရာကလေးတို့ကမ္ဘာ အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးနေစဉ်။
မောင်မောင်

## စာကြည့်တိုက် ဝန်ဆောင်မှုမြှင့်တင်ရေး ဆွေးနွေး

**မာန်အောင်  ဖေဖော်ဝါရီ ၂၉**

စာကြည့်တိုက်များရေရှည်ရှင်သန်ခိုင်မာရေး၊ စာဖတ်သူ၊ စာအုပ်ငှားသူများ တိုးပွားရေးနှင့် ပြည်သူဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်ကကျင်းပရာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်မှူးများနှင့် စာပေစိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

# စလင်းမြို့ဟောင်းရှိ ကုသိနာရုံဘုရား ပူဇော်ပွဲ၌ လှည်းယဉ်ကြော ပြိုင်ပွဲများထည့်သွင်းကျင်းပမည်

**စလင်း  ဖေဖော်ဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ကုသိနာရုံ ရွှေပြည်အေးဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကဆုန်လ၌ ကျင်းပလေ့ရှိသည့် ဗုဒ္ဓပူဇနိယပွဲတွင် ယခင်ကကဲ့သို့ ပုံမှန် လေလံဆွဲသူများကိုမပေးတော့ဘဲ ယခုနှစ်မှစတင်ပြီး တရားမျှတစွာ ဈေးပြိုင်စနစ်ဖြင့် ဇာတ်ပွဲလေလံစတင်ခေါ်ယူသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးဟန်ချိုက ပြောကြားသည်။



အဆိုပါ ကုသိနာရုံခေါ် ရွှေပြည်အေးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့် ကဆုန်လပြည့်နေ့မှစတင်ပြီး တစ်လနီးပါးကြာ ကျင်းပလေ့ရှိသည်။

ယင်းဗုဒ္ဓပူဇနိယပွဲ ကျင်းပရာ နွားအလှပြိုင်ပွဲနှင့် တစ်ကောင်ချင်း လှည်းတပ်ဆင်သော၊ အမြန်ဆုံး နွားပြိုင်ပွဲတွင် ဆုရရှိထားသော၊ စလင်းမြို့နယ်မှ အလှနွားများစွာ ပါဝင်ယှဉ်ပြိုင်သော နွားပြိုင်ပွဲကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်လင်းထက်**

သတင်းတိုများ

## ဗိုလ်အောင်ကျော်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာပေဟောပြော

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ဗိုလ်အောင်ကျော်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာပေဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ဆရာ မောင်ရင့်မာ(ကျောင်းကုန်း)၊ မသီတာ(စမ်းချောင်း)နှင့် ကိုကိုကြီး (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း ခေါင်းဆောင်)တို့က ဟောပြောခဲ့ပြီး စာပေချစ်မြတ်နိုးသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မန်းကျော်(အင်္ဂပူ)**

---

## ချင်းပြည်နယ်အစိုးရအဖွဲ့မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

ချင်းပြည်နယ်အစိုးရအဖွဲ့မှမင်းတပ်မြို့စည်ပင်ဈေးမီးလောင်မှုတွင် မီးဘေးသင့်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က စံပြရပ်ကွက်ကုမ်သီခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်အစိုးရကိုယ်စား ပြည်နယ်စည်ပင်ဝန်ကြီး ဦးနိန်နိုင်းက အိမ်ထောင်စု ၂၈ စု၊ ဆိုင်ခန်း ၄၁ ခန်းအတွက်ငွေကျပ် ၈၂ သိန်းနှင့် ဆန်အိတ် ၈၄ အိတ်ကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

---

## မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေး

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ပြည်သူအများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း ရှိ/မရှိကို ဖေဖော်ဝါရီလတတိယပတ်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းတင့်၊ အမှုဆောင်အရာရှိ ဦးနေမန်း၊ မီးသတ်တပ်ဖွဲ့မှူး ဦးဌေးမော်နှင့် ဈေးအကျိုးတော်ဆောင်များ၊ ဈေးမရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

---

## မတ်ပဲများဖြိုင်ဖြိုင်ပေါ် တောင်သူများဈေးကောင်းရ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူလယ်သမားများသည် မိုးစပါးများရိတ်သိမ်းအပြီး ဆောင်းရာသီစိုက်မတ်ပဲများကိုရာသီအမီ စိုက်ဧက တစ်သိန်းကျော်စိုက်ပျိုးခဲ့ကြပြီး မတ်ပဲစိုက်ခင်းများကိုဖေဖော်ဝါရီလ ပထမပတ်မှစတင်နုတ်သိမ်းခဲ့ကြရာ ယခုအချိန်တွင် မတ်ပဲများဖြိုင်ဖြိုင်ပေါ်ပြီး မတ်ပဲဈေးမှာလည်း ယခုနှစ်တွင်ယခင်နှစ်များကနှင့် မတူဘဲ ဈေးနှုန်းမြင့်မားစွာဖြင့် မတ်ပဲတစ်တင်းကို ငွေကျပ် ၄၇၀၀၀ မှ ၄၉၀၀၀ ဈေးနှင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **ဖြူး-မြင့်ဦး**

---

## လယ်ယာသုံးစက်ကိရိယာ စွမ်းရည်ပြပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ်သမဝါယမဦးစီးဌာနအနီးရှိလယ်ယာမြေတွင်ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် Daedong လယ်ယာသုံးစက်ကိရိယာစွမ်းရည် သရုပ်ပြပွဲနှင့်အရောင်းမြှင့်တင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလစတုတ္ထပတ်က ကျင်းပသည်။

အဆိုပါလယ်ယာသုံးစက်ကိရိယာစွမ်းရည်ပြပွဲသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ Daedong လယ်ယာသုံးစက်ကိရိယာဝယ်ယူထားသော တောင်သူလယ်သမားများနှင့် စိတ်ဝင်စားသူ တောင်သူဦးကြီးများ စုစုပေါင်း ၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

---

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီ ဆောင်ရွက်

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့(လားရှိုး) မှ Town Plan ရေးဆွဲအကောင်အထည်ဖော်ရာတွင် အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မြို့ပတ်လမ်းဖောက်လုပ် တိုင်းတာခြင်း၊ တောင်စွယ် နေရာများ၌ မြေကွက်သစ်များ တိုးချဲ့ရန် နေရာရှာဖွေခြင်း စသည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

---

## အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ သွေးလှူ

မကွေးမြို့ အမှတ် (၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၀၀ သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူခြင်းအပြင် ဆေးရုံ၊ ဆေးခန်းများမှ အရေးပေါ်လိုအပ်ပါကလည်း ၎င်းတို့တပ်ဖွဲ့မှ သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး အောင်ထိန်လင်းက ပြောကြားသည်။

**ခင်မာမာ(မကွေး)**

# မင်းလှနှင့် ကွေ့ချောင်း ခံတပ်

မောင်သာ(ရှေးဟောင်းသုတေသန)

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင်တည်ရှိသော မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်တို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲနှင့်အတူ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် ခုခံရေးအခြေစိုက်စခန်းများ ဖြစ်ကြသည်။ ယင်းခံတပ်နှစ်ခုသည် ဧရာဝတီမြစ်၏ တစ်ဖက်တစ်ချက်စီတွင် တည်ရှိနေကြပြီး ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့က ရတနာပုံနေပြည်တော်အား သိမ်းပိုက်ရန် ချီတက်လာစဉ် မင်းထင်မင်းလှ ရဲခေါင်သူရိန်နှင့် တပ်သား ၅၀၀ ကျော်တို့က မင်းလှခံတပ်ကို ခြေကုပ်ယူလျက် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ယခုအချိန်တွင် မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်တို့သည် သက်တမ်းနှစ် ၁၅၀ ကျော်ခဲ့ပြီဖြစ်ပြီး သမိုင်းဝင် ရှေးဟောင်းခံတပ်များအဖြစ် ထင်ရှားလျက်ရှိပေသည်။

မင်းလှခံတပ်ကို အထက်မင်းလှမြို့အနီး ဧရာဝတီမြစ်ကမ်းထိပ်တွင် မြင်တွေ့ကြရသည်။ မြန်မာနိုင်ငံတွင် မင်းလှမြို့နယ် နှစ်ခုရှိရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တွင် တစ်မြို့နှင့် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တစ်မြို့တည်ရှိသည်။ မင်းလှနှစ်မြို့ကွဲပြားစေရန် သာယာဝတီ မင်းလှကို အောက်မင်းလှဟု ခေါ်ကြပြီး သရက်မင်းလှကို အထက်မင်းလှဟု ခေါ်သည်။ မင်းလှခံတပ်ရှိသော အထက်မင်းလှမြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။

မင်းလှမြို့တည်ရှိရာနေရာသည် ရှေးအခါက ကျွန်းတစ်ခုဖြစ်ခဲ့ပြီး ထိုကျွန်းပေါ်တွင် ရွှေဝနှင့် မမင်းလှ အမည်ရှိ တံငါသည်ဇနီးမောင်နှံ နေထိုင်ခဲ့ကြောင်း၊ အနီးဝန်းကျင်တွင် နေထိုင်ကြသူများက ကျွန်းပေါ်တွင် မမင်းလှတို့ နေထိုင်သည်ကို အကြောင်းပြု၍ မမင်းလှကျွန်းဟု ခေါ်ကြရာမှ စကားရွေ့၍ မင်းလှဖြစ်လာသည်ဟုဆိုကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။ လက်ရှိ မင်းလှမြို့ကို ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ခရစ်နှစ် ၁၈၅၄ ခုနှစ်တွင် အာမေးနီးယန်းလူမျိုး မက္ကတစ်ဆိုသူက တည်ခဲ့ပြီး မက္ကတစ်သည် အင်္ဂလိပ်တို့လက်အောက်တွင် မနေလိုသဖြင့် မျိုးချစ်မြန်မာတစ်စုကို ဦးဆောင်လျက် စွန့်ပစ်ထားသော ရွာဟောင်းနေရာတွင် မင်းလှမြို့ကိုတည်ခဲ့ကာ မင်းလှမြို့ဝန် ဖြစ်လာခဲ့သည်။

တည်ရှိနေသည့်မြို့ကို အစွဲပြုလျက် အမည်တွင်ခဲ့သည့် မင်းလှခံတပ်သည် မြေပေါ်ခံတပ်ဖြစ်ပြီး စတုရန်းပုံရှိသည်။ မြစ်တစ်ဖက်ကမ်းရှိ ကွေ့ချောင်းခံတပ်သည် မြေတွင်းခံတပ်ဖြစ်သည်။ ခံတပ်နှစ်ခုလုံးကို မင်းတုန်းမင်း၏ ညီတော် အိမ်ရှေ့စံ ကနောင်မင်းသား ဦးဆောင်လျက် ပြင်သစ်လူမျိုး အင်ဂျင်နီယာ ကိုမိုတိုပယ်ရီနှင့် အီတလီလူမျိုး အင်ဂျင်နီယာ မိုလီနာရီတို့၏ အကူအညီဖြင့် နိုင်ငံခြားတွင် ပညာသင်ယူခဲ့သည့် မြန်မာအင်ဂျင်နီယာ လူငယ်များ ပူးပေါင်း၍ မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ် (ခရစ်နှစ် ၁၈၆၁ ခုနှစ်)တွင် တည်ဆောက်ခဲ့သည်။ ခံတပ်များဆောက်လုပ်သည့် မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ်ကို "အချောင်ကြံစည်"ဟု မှတ်သားခဲ့ကြသည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား အချောင်ရယူလိုမှုကို ဖော်ညွှန်းထားသည့် ခံတပ်တည်သက္ကရာဇ် မှတ်သားမှုသည် များစွာ အဓိပ္ပာယ်နက်ရှိုင်းလှပေသည်။ မင်းလှနှင့် ကွေ့ချောင်းခံတပ်နှစ်ခု တည်ဆောက်ရာတွင် ဒေါင်းဒင်္ဂါး ကျပ်ပြား ငွေခုနစ်သိန်းကျော် ကုန်ကျခဲ့သည်။

မြန်မာတို့သည် မင်းတုန်းမင်းနန်းတက်လာသည့် အချိန်မှစ၍ အထက်မြန်မာနိုင်ငံကို သိမ်းယူရန်ကြံစည်နေသည့် အင်္ဂလိပ်တို့၏ရန်ကို ကာကွယ်နိုင်ရန် အစီအမံများ ပြုလုပ်ခဲ့သည်။ လူငယ်များကို နိုင်ငံခြားသို့ ပညာသင်စေလွှတ်ခြင်း၊ လက်နက်စက်ရုံများ ထူထောင်ခြင်း၊ ငွေကြေးစနစ် ပြောင်းလဲခြင်း၊ စက်မှုနိုင်ငံတည်ထောင်ရန် အားထုတ်ခြင်း စသည့် အစီအမံများတွင် ခံတပ်များ ဆောက်လုပ်ခြင်းလည်း ပါဝင်ခဲ့ရာ ဆင်ပေါင်ဝဲတွင် စစ်အောင်ခန်းခံတပ်၊ ပန်တော်ပြင်ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှတွင် မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်၊ အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံ ခံတပ်နှင့် သပြေတန်းခံတပ်များကို တည်ဆောက်ခဲ့ကြသည်။

ဧရာဝတီမြစ်ကြောင်းအတိုင်း နေပြည်တော်ရတနာပုံသို့ ဆန်တက်လာမည့် အင်္ဂလိပ်သင်္ဘောများကို အပေါ်စီးမှ တိုက်ခိုက်နိုင်ရန် မင်းလှခံတပ်ကို တည်ဆောက်ခဲ့သည်။ မင်းလှခံတပ်သည် အပြင်အလျား ၁၇၃ ပေ ၇ လက်မ၊ အနံ ၁၃၁ ပေ ၄ လက်မ ရှိပြီး အတွင်းအလျားမှာ ၁၀၈ ပေ ၈ လက်မ၊ အနံ ၈၈ ပေ ၄ လက်မရှိကာ စတုရန်းပုံ တည်ဆောက်ထားသည်။ မြောက်ဘက်နံရံ အုတ်ရိုးအပြင်တွင် ဒုတိယအုတ်ရိုးတစ်ခု ကာရံထားသည်။ ယင်းအုတ်ရိုးနှစ်ခုကြားကို မြေဖို့ထားရာ ထု ၉ ပေ ၁၀ လက်မခန့် ရှိသည်။ မင်းလှခံတပ်၏ နံရံအထူသည် ၁၇ ပေ ၃ လက်မရှိပြီး အုတ်ရိုးအမြင့်သည် အတွင်းဘက်၌ ၂၃ ပေ ၅ လက်မနှင့် အပြင်ဘက်၌ ၂၅ ပေ ၉ လက်မ ရှိသည်။

မင်းလှခံတပ်တွင် တံခါးပေါက် ၁၆ ပေါက်နှင့် လှေကားလေးစင်း ပြုလုပ်ထားသည်။ ခံတပ်အောက်ဘက်တွင် စစ်သည်များနေထိုင်ရန်နှင့် ရိက္ခာများ

**မင်းလှခံတပ်သည် မြေပေါ်ခံတပ်ဖြစ်ပြီး စတုရန်းပုံရှိသည်။ မြစ်တစ်ဖက်ကမ်းရှိ ကွေ့ချောင်းခံတပ်သည် မြေတွင်းခံတပ်ဖြစ်သည်။ ခံတပ်နှစ်ခုလုံးကို မင်းတုန်းမင်း၏ညီတော် အိမ်ရှေ့စံ ကနောင်မင်းသား ဦးဆောင်လျက် ပြင်သစ်လူမျိုး အင်ဂျင်နီယာ ကိုမိုတိုပယ်ရီနှင့် အီတလီလူမျိုး အင်ဂျင်နီယာ မိုလီနာရီတို့၏ အကူအညီဖြင့် နိုင်ငံခြားတွင် ပညာသင်ယူခဲ့သည့် မြန်မာအင်ဂျင်နီယာ လူငယ်များ ပူးပေါင်း၍ မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ် (ခရစ်နှစ် ၁၈၆၁ ခုနှစ်) တွင် တည်ဆောက်ခဲ့သည်။**

သိုလှောင်နိုင်ရန် အခန်းပေါင်း ၂၁ ခန်း တည်ဆောက်ထားရာ ခံတပ်အရှေ့ဘက်တွင် ခုနစ်ခန်း၊ အနောက်ဘက်တွင် လေးခန်း၊ တောင်ဘက်တွင် ခြောက်ခန်းနှင့် မြောက်ဘက်တွင် လေးခန်းရှိသည်။

မင်းလှခံတပ်ကို တည်ဆောက်မည့် အုတ်များကို မင်းလှမြို့၏ တောင်ဘက် အင်းဖျားဒေသနှင့် အနောက်တောင်ဘက်ရှိ လက်လန်ရွာအနီး နေရာများတွင် ဖုတ်ခဲ့သည်။ ထိုစဉ်က အုတ်ဖုတ်ခဲ့သည့်နေရာများသည် ချိုင့်ခွက်ကြီးများဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အင်းကြီးများသဖွယ် ဖြစ်လာခဲ့သည်။ သဲများကို မင်းလှ၏အထက်ပိုင်းရှိ မြင်းကျတောင် ကမ်းပါးမှ သယ်ယူခဲ့ကြသည်။ မင်းလှခံတပ်ကို ဆောက်လုပ်ရာတွင် သုံးစွဲခဲ့သည့်အင်္ဂတေကို ထုံး၊ သဲ၊ ရေ၊ ထန်းလျက်၊ အုံတုံနှင့်ကျွဲကော်တို့ကို မောင်းဆုံတွင် စေးပျစ်လာသည်အထိ ထောင်းပြီး အသုံးပြုခဲ့သည်။ ထိုထောင်းထားသည့် အင်္ဂတေများကို နံရံများဆီသို့ ပစ်ပေါက်ကြည့်ပြီး ကွာမကျမှသာ အင်္ဂတေအဖြစ် သုံးစွဲခဲ့သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားပေသည်။

ခံတပ်အတွင်း၏ မြောက်ဘက်နှင့် တောင်ဘက်နံရံများမှ ခံတပ်အပေါ် စကြံသို့တက်ရန် လှေကားနှစ်ခု ပြုလုပ်ထားသည်။ ယင်းစကြံလမ်းသည် ၂၁ ပေ ၆ လက်မ ကျယ်ဝန်းလျက် ခံတပ်အပေါ်ထောင့် လေးဘက်တွင် စကြံလမ်းမှ စကြံအုတ်ရိုးပေါ်သို့တက်ရန် လှေကားများပြုလုပ်ထားသည်။ ယင်းအုတ်ရိုးပေါ်တွင် ကင်းစောင့်နေရာနှင့် အလံတိုင်နေရာများ ရှိသည်။ ခံတပ်၏ အနောက်ဘက်ဝင်ပေါက် ဝဲယာတွင် ခံတပ်ပေါ်သို့ အမြောက်များ တင်သည့် ဆင်ခြေလျှောလမ်း ပြုလုပ်ထားကာ ထိုဆင်ခြေလျှောလမ်းကို အသုံးပြု၍ ခံတပ်အတွင်းသို့ အဝေးပစ်အမြောက်များ သယ်ဆောင်တပ်ဆင်ထားခဲ့သည်။

မင်းလှခံတပ် ဆောက်လုပ်ပြီးစီးချိန်တွင် ကနောင်မင်းသားကြီးနှင့် ပြင်သစ် စစ်ဘက်အရာရှိများ သင်ကြားပေးထားသည့် တပ်မတော်သားများသည် နယ်ခြားကင်းတပ်ခွဲများအဖြစ် ရောက်ရှိလာခဲ့ကြကာ မင်းလှခံတပ်တွင် တပ်စွဲလျက် တာဝန်များ ထမ်းဆောင်ခဲ့ကြသည်။


၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)တွင် ဗိုလ်ချုပ်ပရင်ဒါဂတ် ဦးစီးသော အင်္ဂလိပ်စစ်သင်္ဘောများသည် ဆင်ပေါင်ဝဲအောက် ၁၂ မိုင်ရှိ ဒဂုံမော်ကျောက်တိုင်ကို ကျော်ဖြတ်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့သည်။ ထိုစဉ်က ဒဂုံမော်သည် အင်္ဂလိပ် မြန်မာနယ်စပ် ဖြစ်သဖြင့် မြန်မာပိုင်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် အင်္ဂလိပ်စစ်တပ်ကို မြန်မာတို့က ဆီးကြို တိုက်ခိုက်ခဲ့ရာ ပြင်းထန်သောတိုက်ပွဲများ ဖြစ်ခဲ့သည်။




အင်္ဂလိပ်စစ်သင်္ဘောများသည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့ပြီး ဆင်ပေါင်ဝဲ၊ စစ်အောင်ခန်းခံတပ်တွင် တပ်စွဲထားသည့် မြန်မာ့တပ်မတော်နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်စစ်သင်္ဘောများသည် ဆင်ပေါင်ဝဲတပ်ကို ဗုံးများ၊ အမြောက်များနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အင်အားမမျှသဖြင့် မြန်မာတပ်များ ဆုတ်ခွာခဲ့ရသည်။ အင်္ဂလိပ်တို့သည် ကမ်းခြေတွင် ဆိုက်ကပ်ထားသောမြန်မာမင်းပိုင် 'တုလွှတ်ယာဉ်ကျော်' သင်္ဘောကို သိမ်းပိုက်၍ သရက်မြို့နယ်သို့ ယူဆောင်သွားခဲ့ကြသည်။ အင်္ဂလိပ်များသည် ဆင်ပေါင်ဝဲတပ်ကို သိမ်းယူပြီးနောက် ထူးပေါက်ကတုတ်၊ မလွန်နယ် ပန်တော်ပြင်တပ်နှင့် မင်းလှခံတပ်တွင် တပ်စွဲထားသည့် မြန်မာတပ်များနှင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

မင်းလှခံတပ်၏ တစ်ဖက်ကမ်းတွင်ရှိသော ကွေ့ချောင်းခံတပ်မှ မြန်မာတပ်များကလည်း အင်္ဂလိပ်စစ်သင်္ဘောများကို ခုခံတိုက်ခိုက်ခဲ့သည်။ ကွေ့ချောင်းခံတပ်သည် မကွေးမြို့နယ် မြင်ကွန်းတိုက်နယ် ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်း၌ တည်ရှိသည်။ မင်းလှခံတပ်နှင့် ဓားလွယ်ခုတ်တည်ရှိပြီး ဧရာဝတီမြစ် ကမ်းနဖူးမှ ၃၅ ပေ အကွာ၊ ရေမျက်နှာပြင်မှ ပေ ၄၅၀ ခန့်မြင့်သော တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။ ခံတပ်တည်ရာကုန်းကို တပ်ကုန်း၊ ကုလီကုန်းဟု ခေါ်သည်။ ကွေ့ချောင်းခံတပ် အနီးတွင် ၂၁၉ ပေမြင့်သည့် တောင်ကုန်းပေါ်၌ စေတီတစ်ဆူရှိပြီး ထိုစေတီနှင့် ခံတပ်သည် အပေါ်စီးမြင်ကွင်းကောင်းသော နေရာများဖြစ်ကြသည်။

ထောင့်မှန်စတုဂံပုံ ကွေ့ချောင်းခံတပ်သည် မြောက်မှတောင်သို့ အလျား ပေ ၂၄၀၊ အနံ ၁၅၅ ပေ ရှိသည်။ ကွေ့ချောင်းခံတပ်သည် မြေတွင်းခံတပ်ပုံစံဖြစ်ပြီး ခံတပ်ကို နှစ်ပိုင်းခွဲထားကာ မြောက်ဘက်ခြမ်းကို တံတိုင်းအလုံ ကာရံထားသည်။ ယင်းတံတိုင်းတွင် မီးပေါက် ၈၆ ပေါက်ရှိပြီး ခံတပ်တောင်ဘက်ပိုင်းတွင် အမြောက်တင် အုတ်ရိုးစင်မြင့်၊ အလံတိုင်စိုက်ထူသည့် စင်မြင့်၊ တပ်မှူးအမိန့်ပေးသည့် စင်မြင့်များ ရှိသည်။ အောက်တည့်တည့်တွင် လိုဏ်ခန်းမကြီးတစ်ခုရှိပြီး အထက်နှင့်အောက်ကို အုတ်လှေကားတစ်ခုစီဖြင့် ဆက်သွယ်ထားသည်။




မြေတွင်း၌ လက်နက်တိုက်ခန်းနှစ်ခု ပြုလုပ်ထားရာ တစ်ခုမှာ လိုဏ်အတွင်း အနောက်ဘက်နံရံမှ ဝင်ရသည်။ ကျန်တစ်ခုသည် အရာရှိများရုံးခန်း၏ အနောက်တည့်တည့်တွင် ရှိသည်။ လက်နက်တိုက်ခန်းများအဝ အုတ်ရိုးတွင် တံခါးနှစ်ခု တပ်ဆင်ထားပြီး အတွင်းဘက်ခန်းမတစ်ခု၌ အခန်းကလေးတစ်ခုကိုငုံ၍ ဆောက်လုပ်ထားသည်။ ထိုအခန်းအတွင်းသို့ အပြင်မှ လေဝင်နိုင်ရန် စီမံဆောက်လုပ်ထားသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် ရန်သူ့လက်သို့ မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်များ ကျခဲ့ရပုံကို "မင်းလှခံမြို့၊ ကွေ့ချောင်းခံမြို့များကို အင်္ဂလိပ်စစ်သည်တို့က ကြည်းအား၊ရေအားချီတက် စစ်နှစ်ဖက်ညှပ်၍ ဗုံးအမြောက်၊ သေနတ်၊ လက်နက်တို့နှင့် ပစ်ခတ်တိုက်ခိုက်ကြရာ ပြည်လုံးအုံ့လှေသင်းဗိုလ်၊ ရွှေးကြီး လှေသင်းဗိုလ်တို့ကလည်း အမြောက်သေနတ်၊ လက်နက်များနှင့် မီးပေါက်မိုးရွာ၏သို့ ခုခံပစ်ခတ်တိုက်ခိုက်သဖြင့် အင်္ဂလိပ်ကြည်းကြောင်းတပ်များ မတက်နိုင်ဘဲ တန့်၍နေပြီးနောက် အထိအခိုက်အရှုံးအနခံ၍ မြို့ခြေရောက်ချဉ်းကပ်လာသည်တွင် စစ်သည်ဗိုလ်ခြေအင်အားချင်းမမျှသောကြောင့် မြန်မာရဲမက်တော် လူ ၇၀၀၊ အမြောက်လုံးရေ ၃၅ နှင့်တကွ မင်းလှခံမြို့ကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက ရလေသည့်အပြင် ကွေ့ချောင်းခံမြို့ကိုလည်း အင်္ဂလိပ်စစ်သည်တို့က ရလေ၏"ဟု ရေးသားမှတ်တမ်းတင်ထားသည်။

လူအင်အား၊ လက်နက်အင်အား ကွာခြားမှုများကြောင့် မင်းလှခံတပ် ကျခဲ့ရကာ မြန်မာဘက်မှ ၁၇၀ ကျဆုံးပြီး ၂၇၆ ဦး အဖမ်းခံခဲ့ရသည်။ အင်္ဂလိပ်တို့ဘက်မှ စစ်ဗိုလ်တစ်ဦး အပါအဝင် စစ်သည်ရှစ်ဦး ကျဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။

သမိုင်းဝင် မင်းလှနှင့် ကွေ့ချောင်းခံတပ်များကို ၁၉၅၇ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသော နေရာများတွင် တစ်ခုအပါအဝင် ဖြစ်လာခဲ့သည်။ တစ်ချိန်သောကာလက မိမိတို့နိုင်ငံကို ကျူးကျော်သူများ၏ရန်ကို အစွမ်းကုန်ကာကွယ်မှုပြုခဲ့သည့် အခြေစိုက်ခံတပ်များသည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် သူ့ကျွန်မခံလိုမှုတို့ကို ဂုဏ်ယူဖွယ် သက်သေဖော်ညွှန်းလျက် ရှိနေပါပေသည်။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**

**(၂) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ဦးမောင်မောင်တင်)**

# တန်းစီဇယားကို ဆက်လက်ဦးဆောင်မယ့် လက်စတာ၊ အိမ်ကွင်းမှာ နိုင်ပွဲရှာဖွေမယ့် မန်ယူ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မတ် ၂ ရက်နဲ့ ၃ ရက်တွေမှာ ပရီမီယာလိဂ် ပွဲစဉ်(၂၈)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေဖြစ်တဲ့ မန်ယူနဲ့ အာဆင်နယ်တို့က အိမ်ကွင်းတွေမှာ လက်ခံကစားရမှာဖြစ်ပြီး လီဗာပူးနဲ့ မန်စီးတီးတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုက ပရိသတ်ရင်ကို လှုပ်ခတ်စေဦးမှာဖြစ်ပါတယ်။ လက်စတာတို့က အိမ်ကွင်းမှာ ဝက်စ်ဘရွန်းကို ဧည့်ခံရမှာမို့ အမှတ်ပြည့်ယူပြီး တန်းစီဇယားကို ဆက်လက်ဦးဆောင်ဦးမှာ သေချာနေပြန်ပါတယ်။

### မန်ယူနှင့် ဝက်ဖို့ဒ်

နိုင်ပွဲ ပြန်ရနေတဲ့ မန်ယူတို့လည်း ပရီမီယာလိဂ်မှာ ရလဒ်ကောင်းအောင် ပြန်လည်ရှာဖွေတော့မှာဖြစ်ပါတယ်။ မန်ယူရဲ့ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားပြီးယူရိုပါလိဂ်မှာ မစ်ဂျယ်လန်အသင်းကို ငါးဂိုးအထိ သွင်းယူခဲ့တဲ့ မန်ယူရဲ့ အားထုတ်မှုတွေက ပြန်လည်ရုန်းထနိုင်မယ့် အနေအထားပါပဲ။ မန်ယူတို့က ဒဏ်ရာရ ကစားသမားတွေ များနေပေမယ့် လူငယ်တိုက်စစ်မှူး ရက်ဖို့ဒ်က ခြေစွမ်းပြ ဂိုးသွင်းနိုင်နေတာမို့ အိုးထရက်ဖို့ဒ်ကွင်းမှာတော့ နိုင်ပွဲရလဒ်ကို မန်ယူတို့ပဲ ဆုပ်ကိုင်အောင်ပွဲခံသွားမှာပါ။

### လီဗာပူးနှင့် မန်စီးတီး

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲရလဒ်ကိုကြည့်ရင်တော့ မန်စီးတီးကွင်းမှာ လီဗာပူးက လေးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသား နိုင်ပွဲရထားပါတယ်။ လီဗာပူးရဲ့ လက်ရှိကစားအားကိုကြည့်ရင် အတက်အကျရှိနေပေမယ့် ပုံစံကောင်းတော့ပြန်ရနေပါတယ်။ မန်စီးတီးတို့က ချယ်လ်ဆီးကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး စပါးကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲပြန်ရှာဖွေပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တဲ့ လီဗာပူးကို ကျော်ဖြတ်ဖို့ဆိုတာ မန်စီးတီးတို့ လွယ်ကူမှာတော့ မဟုတ်ပါဘူး။

### နော့ဝှစ်ချ်နှင့် ချယ်လ်ဆီး

ရလဒ်တွေ ဆိုးရွားနေတဲ့ကြားက ပြန်လည်နိုးထလာတဲ့ ချယ်လ်ဆီးက အခုတလော ရလဒ်ကောင်းတွေကို ပြန်လည်ဆောင်ကြဉ်းနေပါတယ်။ မန်စီးတီးကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့အတွက် ချယ်လ်ဆီးတို့ စိတ်ဓာတ်အမြင့်ဆုံးရောက်ရှိနေတာမို့ ဒီပွဲမှာလည်း နော့ဝှစ်ချ်ကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲရအောင် ဖော်ဆောင်ပါလိမ့်မယ်။ နော့ဝှစ်ချ်တို့ကတော့ လောလောဆယ် သုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ချယ်လ်ဆီးရဲ့ လိုအပ်နေတဲ့ အမှတ်တွေကို ဒီပွဲမှာ သုံးမှတ်အပြည့် စုဆောင်းနိုင်ပါလိမ့်မယ်။

### အာဆင်နယ်နှင့် ဆွမ်ဆီး

ဆွမ်ဆီးတို့က အာဆင်နယ်ကို ကောင်းကောင်းအခက်တွေ့စေနိုင်တဲ့ အသင်းဖြစ်ပြီး အဝေးကွင်းမှာလည်း ခြေစွမ်းပြနိုင်တဲ့ စွမ်းဆောင်ရည်ရှိပါတယ်။ ပွဲကျပ်တွေ ဆက်တိုက်ဆင်နွှဲနေရတဲ့ အာဆင်နယ်တို့ကတော့ အခုပွဲ အိမ်ကွင်းဖြစ်တဲ့အပြင် တန်းစီဇယား ထိပ်ဆုံးကို ပြန်လည်စိုးမိုးရေးအတွက် အမှတ်လိုအပ်နေတာမို့ ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ အာဆင်နယ်တို့က နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာလည်း



အောင်ပွဲခံဦးမှာပါ။

### လက်စတာနှင့် ဝက်စ်ဘရွန်း

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် လက်စတာတို့က အဝေးကွင်းမှာ နိုင်ပွဲရထားပါတယ်။ အာဆင်နယ်နဲ့ လီဗာပူးအသင်းတွေကို ရှုံးခဲ့လို့ တန်းစီဇယားကို ဆက်လက်ဦးဆောင်ရေး အမှတ်လိုအပ်နေတဲ့ လက်စတာတို့ဟာ အိမ်ကွင်းလည်းဖြစ်တာမို့ တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဝက်စ်ဘရွန်းတို့အတွက်တော့ ဒီပွဲဟာ အမှတ်ဗလာနဲ့ အိမ်ပြန်ရမယ့် ကိန်းပါပဲ။

### ဝက်စ်ဟမ်းနှင့် စပါး

ခရစ္စတယ်ပဲလေ့စ်၊ ဖီအိုရင်းတီးနားနဲ့ မန်စီးတီးအသင်းတွေကို ဆက်တိုက်နိုင်ပွဲရယူထားတဲ့ စပါးအသင်းဟာ အခုပွဲ အဝေးကွင်းဆိုပေမယ့် ဝက်စ်ဟမ်းကို အနိုင်ရအောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် ဝက်စ်ဟမ်းရဲ့ အားသာချက်က အသင်းကြီးတွေနဲ့ကစားတိုင်း ရလဒ်ကောင်းကို ရအောင်ယူနိုင်တဲ့ စွမ်းဆောင်ရည်ရှိတာမို့ စပါးတို့ သတိထားရပါလိမ့်မယ်။ ဒီပွဲက လန်ဒန်ဒါဘီဖြစ်လို့ အိမ်ရှင်ဝက်စ်ဟမ်းရဲ့ အားထုတ်မှုဟာ အနိမ့်ဆုံးတစ်မှတ်တော့ ရပါလိမ့်မယ်။

### ဘုန်းမောက်နှင့် ဆောက်သမ်တန်

ပုံမှန်ခြေစွမ်းပြန်ရနေပြီဖြစ်တဲ့ ဆောက်သမ်တန်တို့လည်း ဒီပွဲမှာ အမှတ်ပြည့်ရယူရေး ကြိုးစားပါလိမ့်မယ်။ ခြေစွမ်းကျဆင်းနေတဲ့ ဘုန်းမောက်ကို အဝေးကွင်းဆိုပေမယ့် ဆောက်သမ်တန်တို့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံဖို့ ရှိနေပါတယ်။ ဘုန်းမောက်တို့ မျှော်လင့်ချက်ထားလို့ မရတဲ့ပွဲဖြစ်ပါတယ်။ ။



## ချယ်လ်ဆီးက ပစ်မှတ်ထားလာတဲ့ စကော့ဒန်း

နောက်တန်းကစားသမားလိုအပ်နေတဲ့ ချယ်လ်ဆီးအနေနဲ့ ပြီးခဲ့တဲ့နှစ်က အဲဗာတန်နောက်တန်းလူ ဂျွန်စတုန်းကို ခေါ်ယူဖို့ အကြိတ်အနယ်ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ လက်ရှိအချိန်မှာတော့ အဲဗာတန် နောက်တန်းကစားသမား ဂျွန်စတုန်းကို လာမယ့်ရာသီမှာ မန်စီးတီး နည်းပြဖြစ်လာမယ့် ဂွာဒီယိုလာက ခေါ်ယူဖို့ ရေပန်းအစားဆုံးဖြစ်လာပါတယ်။ ဂွာဒီယိုလာအနေနဲ့ ဂျွန်စတုန်းကို ပေါင် ၄၅ သန်းအထိ ပေးခေါ်ဖွယ်ရှိနေပါတယ်။ ဒီအတောအတွင်းမှာပဲ လာမယ့်နှစ်မှာ ချယ်လ်ဆီးနည်းပြဖြစ်လာဖွယ်ရှိနေတဲ့ ကွန်တေးက ခရစ္စတယ်ပဲလေ့စ် ကစားသမား စကော့ဒန်းကို ပေါင်သန်း ၂၀ ပေးပြီး ခေါ်ယူလိမ့်မယ်လို့ ပရီမီယာလိဂ် ဘောလုံးအသိုင်းအဝိုင်းက ဆိုပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက ငါးနှစ်စာချုပ်သစ် ချုပ်ဆိုထားတဲ့ စကော့ဒန်းကို ပေါင်သန်း ၂၀ ပေးရင် ခရစ္စတယ်ပဲလေ့စ်က ရောင်းချဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီး နည်းပြဖြစ်လာမယ့် အီတလီနိုင်ငံသား အန်တိုနီယို ကွန်တေးဟာ လက်ရှိနည်းပြ ဟစ်ဒင့်နေရာမှာ ဆက်ခံဖို့ရေပန်းစားနေတာဖြစ်ပါတယ်။ အသက် ၂၉ နှစ် အရွယ်ရှိပြီဖြစ်တဲ့ စကော့ဒန်းဟာလည်း ချယ်လ်ဆီးကို ရောက်လာဖွယ်ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## မော်ရင်ဟိုနဲ့ အပြိုင် အကောင်းဆုံးနည်းပြဖြစ်လာမယ့် ဂွာဒီယိုလာ

ဂွာဒီယိုလာဟာ ဒီနှစ်ရာသီကုန်ဆုံးချိန်မှာ မန်စီးတီးရဲ့ နည်းပြဖြစ်လာတော့မှာပါ။ ဂွာဒီယိုလာဟာ မော်ရင်ဟိုနဲ့အပြိုင် ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးနည်းပြဖြစ်လာလိမ့်မယ်လို့ ချယ်လ်ဆီး ကွင်းလယ်ကစားသမားဟောင်း လမ်းပတ်က ဆိုပါတယ်။ ဂွာဒီယိုလာဟာ အသင်းကို ပြုပြင်ပြောင်းလဲရာမှာ အကောင်းဆုံး နည်းပြဖြစ်တယ်လို့ လမ်းပတ်က ယုံကြည်ထားပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ကက်ပီတယ်ဝမ်းဖလားကို ရယူနိုင်မယ်ဆိုရင် ပိုကောင်းလိမ့်မယ်လို့လည်း ဆိုပါတယ်။ ဂွာဒီယိုလာဟာ လာမယ့်ရာသီမှာ သူ့ရဲ့ မန်စီးတီးအသင်းကို အကောင်းဆုံးအသင်းဖြစ်အောင် ပြုပြင်မှုတွေ ပြုလုပ်သွားဖွယ်ရှိနေပါတယ်။ ဒီအတောအတွင်းမှာပဲ မော်ရင်ဟိုဟာလည်း လာမယ့်ရာသီမှာ မန်ယူနည်းပြဖြစ်လာဖို့ သေချာနေပါတယ်။ မော်ရင်ဟိုနဲ့ ဂွာဒီယိုလာတို့ဟာ လာမယ့်ရာသီမှာတော့ ပရီမီယာလိဂ်မှာ အကောင်းဆုံးနည်းပြများအဖြစ် အားပြိုင်ကြဖို့ ရှိနေပါတယ်။ ဂွာဒီယိုလာဟာ လာမယ့်ရာသီမှာ မော်ရင်ဟိုက အဓိကထား ယှဉ်ပြိုင်ရမယ့်အနေအထားရှိပါတယ်။





## ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ဇီဒန်း

ရီးရဲမက်ဒရစ်နည်းပြသစ်ဖြစ်လာတဲ့ ဇီဒန်းအနေနဲ့ ဖိအားပေး စိန်ခေါ်မှုတွေနဲ့ စတင်ရင်ဆိုင်လာရပြီလို့ ဆိုပါတယ်။ ဇီဒန်းရဲ့ ရီးရဲမက်ဒရစ်မှာ နည်းပြဖြစ်လာပြီးတဲ့နောက် ပထမဆုံး ရီးရဲမက်ဒရစ်ဒါဘီပွဲအဖြစ် အက်သလက်တီကိုနဲ့ ကစားတဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ စီရော်နယ်ဒိုရဲ့ အလွတ်တည်ကန်ဘောကနေ ဂိုးရဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ပြင်သစ်တိုက်စစ်မှူး ဂရစ်မန်းက အက်သလက်တီကိုအတွက် နောက်ကျဂိုးနဲ့ အနိုင်ယူခဲ့လို့ ဒါဘီပွဲမှာ ရီးရဲမက်ဒရစ်တို့ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ဘာစီလိုနာက ဆီဗီလာကို အနိုင်ကစားမယ်ဆိုရင် ဘာစီလိုနာအသင်းနောက်မှ ၁၂ မှတ်အကွာနဲ့ လိုက်ရတော့မှာ ဖြစ်ပါတယ်။ အဓိက တိုက်စစ်မှူးဖြစ်တဲ့ စီရော်နယ်ဒိုအနေနဲ့ အကြိတ်အနယ်ကြိုးစားခဲ့ပေမယ့် ဂိုးရအောင် မကြိုးစားနိုင်ခဲ့ပါဘူး။ လက်ရှိအနေအထားအရ နည်းပြ ဇီဒန်းအနေနဲ့ ရီးရဲမက်ဒရစ်မှာ ကြာကြာဆက်နေဖို့ စိန်ခေါ်မှုတွေနဲ့ စတင်ရင်ဆိုင်လာရပြီလို့ ဆိုပါတယ်။

# ဆိုင်ကယ်စီးသူများအတွက် သတိပေးဆိုင်းဘုတ်များ တနင်္သာရီမြို့နယ် နေရာအနှံ့တွင် စိုက်ထူ



**တနင်္သာရီ ဖေဖော်ဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ မော်တော်ဆိုင်ကယ် စီးနှင်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းဝေး ကြစေရန် ရည်ရွယ်၍ သတိပေးဆိုင်းဘုတ်များကို မြို့နယ်အတွင်းနေရာအနှံ့၌ ဖေဖော်ဝါရီ ၂၇ ရက်က စုပေါင်းစိုက်ထူခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီဥက္ကဌ၏ လမ်းညွှန်မှုအရ သတိပေးဆိုင်းဘုတ်များကို တနင်္သာရီမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်နှင့် ကော်မတီအဖွဲ့ဝင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လွင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်လမ်းဦးစီးဌာနမှ ဝန်ထမ်းများက လိုက်လံစိုက်ထူခဲ့ကြခြင်း ဖြစ်သည်။

ဆိုင်းဘုတ်များကို ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ အရှေ့မော်တုန်းကျေးရွာအုပ်စု၊ ဘန်းလမွတ်ကျေးရွာအုပ်စုနှင့် ဇဝဲကျေးရွာအုပ်စုများအတွင်းရှိ လူစည်ကားရာ လမ်းဆုံလမ်းခွများတွင်လည်းကောင်း၊ မြိတ်မြို့နှင့် တနင်္သာရီမြို့နယ်ခြားနေရာတို့၌လည်းကောင်း စိုက်ထူခဲ့ပြီး စုစုပေါင်း ဆိုင်းဘုတ် ၂၂ ခုကို စိုက်ထူခဲ့ကြောင်း သိရသည်။

အဆိုပါ သတိပေးဆိုင်းဘုတ်တွင် 'မော်တော်ဆိုင်ကယ်စီးလျှင် လိုက်နာရန်နှင့်ရှောင်ရန်များ'၊ 'ဆိုင်ကယ်စီးသူတိုင်း ဦးထုပ်ဆောင်းပါ'၊ 'မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ပါ'။ 'နှစ်ဦးထက်ပိုမစီးရနှင့် သင့်ထက်ကျွမ်းကျင်သူများ သချိုင်းကုန်းတွင်ရှိသည်' စသည့် သတိပေးချက်များ ပါရှိကြောင်း သိရသည်။

ဆိုင်းဘုတ်များကို လက်ရှိစိုက်ထူပြီးသည့် ၂၂ နေရာအပြင် တနင်္သာရီမြို့နှင့် ဘုတ်ပြင်းမြို့နယ်ခြား နေရာများတွင်လည်းကောင်း၊ ထိုင်း-မြန်မာနယ်ခြား (မော့တောင်ဒေသ)များအထိလည်းကောင်း ဆက်လက်စိုက်ထူသွားမည်ဖြစ်သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# တောင်ပေါ်ကျေးရွာများမှ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၉**

တိုင်းရင်းဆေးပညာဦးစီးဌာန ကျိုင်းတုံမြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးမြင့်ခိုင်နှင့် ကျိုင်းတုံခရိုင် တိုင်းရင်းဆေးဆရာများ



အဖွဲ့သည် တောင်ပေါ်ကျေးရွာများမှ တိုင်းရင်းသားပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က မိုင်းဇင်းကျေးရွာသို့ သွားရောက်၍ အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ယခုလို ရာသီဥတုအပြောင်းအလဲကာလတွင် ဖြစ်တတ်သည့်ရောဂါများ မဖြစ်ပွားစေရေးနှင့် ကျေးရွာများတွင် အဖြစ်များနေသည့် သွေးတိုးရောဂါ၊ လေငန်းလေဖြတ်ရောဂါ၊ ထုံကျဉ်ရောဂါ၊ နှာစေးချောင်းဆိုးရောဂါ၊ ဒူးနာခါးနာရောဂါ၊ ဆီးချိုရောဂါများကို မြန်မာ့တိုင်းရင်းဆေးနှင့် ကုသခြင်းဖြင့် ရောဂါပျောက်ကင်းနိုင်ကြောင်း စသည်တို့ကို ပညာပေးဟောပြောခဲ့ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူး ဦးမြင့်ခိုင်က ပြောသည်။

ကွင်းဆင်းဆေးကုအဖွဲ့သည် ဖေဖော်ဝါရီလအတွင်း ကျေးရွာများသို့ ခြောက်ကြိမ်ကွင်းဆင်းပြီး လူနာ ၃၃၁ ဦးကို အခမဲ့ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိုင်းရင်းဆေးဖြင့် ကုသပေးသောကြောင့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းကြောင်းလည်း ဒေသခံတိုင်းရင်းသားများထံမှ ကြားသိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲမရှိစေရေး ကြိုတင်ဆောင်ရွက်

**နတ်တလင်း ဖေဖော်ဝါရီ ၂၉**

နွေရာသီတွင် သောက်သုံးရေရှားပါးနိုင်သော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်း ဘုဒလက်ကုန်းရွာ၊ ငှက်ကုန်းရွာ၊ နွယ်ခွေမြောက်ကုန်းရွာ၊ ကြို့ကုန်းရွာစသည့် ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ထွန်းနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၇ ရက်တွင် ကွင်းဆင်းသွားရောက်ပြီး ရေအခက်အခဲမရှိစေရေး ပြင်ဆင်မှုများ ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူးက နွေရာသီတွင် ရေအခက်အခဲမရှိစေရေးအတွက် ရေကို အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရေးနှင့် ရေအခက်အခဲဖြစ်ပေါ်လာမည်ဆိုလျှင် သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားဆက်သွယ်ရန် မှာကြားခဲ့သည်။

ဒေသခံပြည်သူများကလည်း လက်ရှိအချိန်တွင် ရေကန်များတွင် ရေများရှိနေသော်လည်း ရေတွင်းများမှာ ခန်းခြောက်တော့မည်ဖြစ်၍ ပြန်လည်တူးဖော်ရန်နှင့် စက်ရေတွင်းအချို့မှာလည်း မတ်လ နောက်ဆုံးပတ်ခန့်တွင် ရေဆုတ်ယုတ်သွားနိုင်ကြောင်း စသည်တို့ကို တင်ပြဆွေးနွေးခဲ့သည်။ **(ဝ၆၂)**

# ငါ့သရောက်မြို့နယ်မှ လယ်ယာလုပ်ငန်းများတွင် လယ်ထွန်စက်ဝယ်ယူအသုံးပြုမှု များလာ

**ငါ့သရောက် ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်း ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ ယခင်က ကျွဲ၊ နွားများ အသုံးပြုခဲ့ရာမှ ယခုအခါ အချိန်ကုန် လူပင်ပန်းသက်သာပြီး လုပ်ငန်းတွင်ကျယ်စွာ လုပ်ကိုင်နိုင်သည့် လယ်ယာသုံးလယ်ထွန်စက်များကို ဝယ်ယူအသုံးပြုမှု များလာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ယခင်က လယ်ထွန်စက်တွေ အသုံးပြုတဲ့သူ မရှိခဲ့ပါဘူး။ အခုမှ ကျေးလက်ဒေသတွေက တောင်သူတွေဟာ လယ်ထွန်စက်တွေဝယ်ယူပြီး စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာကြတာပါ။ အခုဆိုရင် ကျွန်တော်တို့မြို့နယ်မှာ တစ်ရွာကို လယ်ထွန်စက် နှစ်စီး၊ သုံးစီး ရှိနေပါပြီ။ လယ်ထွန်စက်မရှိတဲ့ရွာတောင် ရှိမယ်မထင်တော့ပါဘူး"ဟု ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

လယ်ထွန်စက်များဖြင့် ယခုလိုနွေရာသီအချိန်များ၌ ထယ်ရေးညက်အောင် ထွန်ယက်လုပ်ကိုင်နိုင်ကြောင်း၊ နွေရာသီအချိန်တွင် နွားဖြင့်ထွန်ယက်ပါက လူပင်ပန်းဆင်းရဲသည့်အပြင် အလုပ်မတွင်ကျယ်ကြောင်း၊ လယ်ထွန်စက်ကို အသုံးပြု၍ ထွန်ယက်ပါက အချိန်မြန်ပြီး လူပင်ပန်းသက်သာသည့်အပြင် လုပ်ငန်းလည်း တွင်ကျယ်ကြောင်း သိရသည်။

"လယ်ထွန်စက်က ကျွန်တော်တို့လိုတောင်သူတွေအတွက် တကယ်လည်း အကျိုးရှိတာပါ။ အခုလိုနွေရာသီအချိန်မှာ မြေယာတွေကို ထယ်ရေးညက်အောင် ထွန်ယက်ဖို့ဆိုတာ မြေကခြောက်သွေ့နေတော့ ကျွဲ၊ နွားနဲ့လုပ်ကိုင်ဖို့ မလွယ်ဘူးလေ။ အခုလို လယ်ထွန်စက်အသုံးပြုပြီး ထွန်ယက်လို့ရတော့ သီးနှံစိုက်ပျိုးတဲ့အခါမှာလည်း တောင်သူတွေအတွက် စိုက်ရပျိုးရတာ အရမ်းကို အဆင်ပြေပါတယ်"ဟု အဆိုပါတောင်သူက ဆက်ပြောသည်။

လယ်ထွန်စက်များအသုံးပြု ထွန်ယက်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသည့်သီးနှံများလည်း အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများအတွက် အမှန်တကယ်လည်း အကျိုးရှိသောကြောင့် ငါ့သရောက်မြို့နယ်အတွင်း ကျေးရွာများတွင် လယ်ထွန်စက်များကို တောင်သူများ ဝယ်ယူအသုံးပြုမှု များလာခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၊ ဗဟန်းမြို့နယ် သာသနာ့နုဂ္ဂဟအသင်းနှင့် ဗဟန်းမြို့နယ် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၆ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်ပွဲကို ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေနန်ယန်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဌ သမားတော်ကြီး ဒေါက်တာဦးကျော်စိန်၊ ရန်ကုန် အနောက်ပိုင်းခရိုင်သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဌ သီဟသုဓမ္မမဏိဇောတဓရ ဦးခင်လှနှင့် ဗဟန်းမြို့နယ်ပညာရေးမှူး ဒေါ်မေယဉ်နွဲ့တို့က အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက ဗဟန်းမြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဌ ဦးကိုကိုလေးထံသို့ အလှူငွေများ ပေးအပ်ခဲ့သည်။

**တင်မောင်ဦး(အလုံ)**

# ကင်းတပ်လက်ဝဲတူးမြောင်းပေါ်တွင် ရေထိန်းညှိတံခါးများတည်ဆောက်လျက်ရှိ

**ရွှေဘို ဖေဖော်ဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက မိုးရွာသွန်းမှုများခဲ့သဖြင့် ကင်းတပ်လက်ဝဲတူးမြောင်းအတွင်းသို့ ချောင်းရေများ အဆမတန် ဝင်ရောက်ခဲ့ပြီး မူလခံနိုင်အားထက် ကျော်လွန်ခဲ့ခြင်းကြောင့် လေးနေရာတွင် ကျိုးပြတ်သွားခဲ့ရာ မိုးများသောနှစ်များတွင် တူးမြောင်း ကျိုးပေါက်မှုမှ ကာကွယ်နိုင်ရန်နှင့် ခင်ဦးမြို့နယ်၊ ရွှေဘိုမြို့နယ်များတွင် ရေကြီး ပျက်စီးမှုများမှ ကာကွယ်နိုင်ရန်အတွက် ရေထိန်းညှိရေတံခါးသုံးခုကို ၂၀၁၅-၂၀၁၆ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည်။

ကင်းတပ်လက်ဝဲတူးမြောင်းပေါ်တွင် အင်တောပေါက်ရေထုတ်ပေါက်နှင့် ရေတံခါးပြုပြင်ခြင်း လုပ်ငန်းကို ငွေကျပ် ၁၀၈ သန်း၊ SSW(6-A) ရေကျော်ပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၇၄ သန်း၊ SSW(2) ရေကျော်ပြုပြင်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၀၈ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေထိန်းညှိရေတံခါးအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးမောင်ထူးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ခံများက ဖေဖော်ဝါရီ ၂၅ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါရေထိန်းညှိရေတံခါး အဆောက်အအုံများ တည်ဆောက်ပြီးစီးသွားပါက တူးမြောင်းပြည့် ရေအမှတ်ထက်ကျော်လွန်သော ရေများကို အင်တောပေါက်ချောင်း၊ သိမ်ရင်ချောင်းနှင့် ထီးတောချောင်းများမှတစ်ဆင့် မူးမြစ်အတွင်းသို့ လိုအပ်သလို ရေတံခါးများဖွင့်၍ ထိန်းညှိထုတ်လွှတ်ပေးသွားနိုင်မည်ဖြစ်ပြီး ရွှေဘိုခရိုင်အတွင်း လယ်ဧက ၇၀၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသော တောင်သူများအားထားရာ ကင်းတပ်လက်ဝဲတူးမြောင်းကြီးအနေဖြင့် အခက်အခဲမရှိ စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



**ခင်ဦးစိုးဝေ**

## သတင်းတိုများ

### ပြည်နယ်နှင့် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးများဖွင့်

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကမြင်ကွက်သစ်၌ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်များဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ငွေက ရုံးသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

### နမ့်ခမ်းမြို့၌ ၄၅ရက်ကြာ အသံမစဲပဋ္ဌာန်းပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မင်္ဂလာရုံကျောင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲမဟာပဋ္ဌာန်းပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ကျင်းပခဲ့ပြီး ဧပြီ ၉ ရက်အထိ ၄၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပဋ္ဌာန်းပွဲကို မင်္ဂလာရုံကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တဝိစိတ္တ၏ ဩဝါဒကို ခံယူလျက် အလှူ့ရှင် ဦးအိုက်စံမိသားစုနှင့် ဦးစိုင်းဖိုးမောင်မိသားစုများ၏ မတည်လှူဒါန်းမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ညဏ်မင်း**

### စာပေဟောပြောပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အရှေ့ဇီးကန်ကျေးရွာမှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ပြောင်းလဲကြစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဘုန်းဇော်မိုး(ဥဿာ)က စာပေနှင့်ဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာလူဦးမင်းက ကျွန်တော်နှင့် ကျွန်တော့်ဇာတ်ကောင်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အကြည်တော်က လမ်းနှစ်သွယ်ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

### ရွှေကြာပင်ဈေး၌ မီးငြိမ်းသတ်မှုများသရုပ်ပြလေ့ကျင့်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ဈေး၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးကာကွယ်ရေး ပညာပေးဟောပြောခြင်းများကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။ ရွှေကြာပင် မီးသတ်စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းသူက ဈေးဆိုင်များတွင် သွယ်တန်းအသုံးပြုလျက်ရှိသည့် ဝိုင်ယာကြိုးများ ကောင်းမွန်ပြီး မီးဘေးလုံခြုံမှုရှိရေး၊ မီးအသုံးပြုသော စားသောက်ဆိုင်များတွင် မီးပေါ့ဆမှုမရှိရေးတို့ကို သတိပေးပြောကြားပြီး မီးလောင်မှုအမျိုးမျိုးအတွက် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ကိုကိုရှပ(နေပြည်တော်)**

### မြန်အောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပြီးစီးမှုများစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ညောင်မြစ်ဆွဲကျေးရွာအုပ်စု၊ ရှားတောကျေးရွာအုပ်စု၊ ကဇွန်းခုံကျေးရွာအုပ်စု၊ ဝက်တိုးကျေးရွာအုပ်စု၊ တောကျွဲလူးကျေးရွာအုပ်စု၊ ညောင်တုံးလဲကျေးရွာအုပ်စု၊ ဒေါင်းကျကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာအုပ်စုနှင့် မြန်အောင် အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၆) ရပ်ကွက်များ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ စက်ရေတွင်းနှင့် ကျောင်းဆောင်ပြင်ဆင်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးရဲစိုးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

### ကျေးရွာမီးလင်းရေးလုပ်ငန်းပြီးစီးသဖြင့် ဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဆူးတပ်ကျေးရွာ၌ မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်လမ်းရွာရေနံမြေ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်လူမှုရေးတာဝန်ယူမှု(CSR)အစီအစဉ်နှင့် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့သော ထရန်စဖော်မာတပ်ဆင်ခြင်းနှင့် မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး(စီမံ)ဦးမြင့်ဇော်နှင့် မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုးတို့က ဖွင့်လှစ်ပေးခဲ့ကာ လမ်းရွာရေနံမြေမှ တာဝန်ရှိသူများက ဆူးတပ်ကျေးရွာ တာဝန်ရှိသူများထံသို့ စကိုင်းနက်ရုပ်သံဖမ်းစက်တစ်စုံနှင့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

### ဂေါ်ဖီမြစ်ဥ... ရေတက်ကောင်းစိုက်ပျိုးမှုများအောင်မြင်၍တောင်သူများအဆင်ပြေ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသခံတောင်သူများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ငရုတ်ကောင်းပင်များမှာ ယခုနှစ်တွင် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ငရုတ်ကောင်းစိုက်တောင်သူများ အနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မိုးအောင်(ကချင်မြေ)**

# ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်ရုပ်ရှင်ရုံ မကြာမီ ပြန်လည်ပြသတော့မည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၉**

တစ်ခေတ်တစ်ခါက လူကြိုက်များစည်ကားခဲ့သော ရုပ်ရှင်ရုံများ ပြင်ဦးလွင်မြို့၌ အများအပြားရှိခဲ့ရာမှ ခေတ်မီရုပ်သံစက်များ အိမ်တိုင်းလူတိုင်း ကြည့်ရှုနိုင်ကြသည့်အခါတွင် တစ်ချိန်က ကျော်ကြားခဲ့သော ရုပ်ရှင်ရုံကြီးများ တစ်ရုံပြီးတစ်ရုံ မှေးမှိန်ပျောက်ကွယ်ခဲ့ကြရသည်။




ပြင်ဦးလွင်မြို့၌ လွတ်လပ်ရေးမရမီအချိန်ကပင် METRO(မြို့လယ်ရုံ)၊ MAJASTIC(နောင်တွင်မင်္ဂလာရုံ)၊ B.T ဘရားသားရုပ်ရှင်ရုံ စသည်တို့ အပြင် နောက်ပိုင်းတွင် မြို့မ၊ သုခ စသည့်ရုပ်ရှင်ရုံတို့ အပြိုင်အဆိုင်ပေါ်ထွက်လာခဲ့ကြသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်ပြီး ရုပ်ရှင်ရုံများကို ပြည်သူပိုင်သိမ်းလိုက်သော်လည်း ရုပ်ရှင်ပြသခြင်းလုပ်ငန်းမှာ ရပ်တန့်မသွားဘဲ ဆက်လက်ထွန်းကားလျက်ရှိနေပြီး အများပြည်သူများ လာရောက်ကြည့်ရှုနိုင်သည့် တပ်နယ်ရုပ်ရှင်ရုံ၊ စိတ္တသုခ(စစ်ဆေးရုံ) စသည့် တပ်မတော်ရုပ်ရှင်ရုံများပါ ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။

တိုးတက်ပြောင်းလဲလာသော ခေတ်ကာလအခြေအနေအရ အဆိုပါရုပ်ရှင်ရုံများအားလုံးသည် ရုပ်ရှင်ပြသခြင်းကို ရပ်ဆိုင်းခဲ့ကြရပြီး အချို့ရုပ်ရှင်ရုံတို့မှာ ဘဏ်အဖြစ်လည်းကောင်း၊ ဆိုင်ခန်းများအဖြစ်လည်းကောင်း၊ ကလေးအားကစားရုံများအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားခဲ့ရကာ အချို့မှာ လုံးဝဖြိုဖျက်လိုက်ခြင်းကိုခံခဲ့ကြရသည်။ သို့သော်လည်း ယခုအခါ ထိုရုပ်ရှင်ရုံများထဲမှ ချယ်ရီလွင်ရုပ်ရှင်ရုံကို ပြန်လည်မွမ်းမံ ပြင်ဆင်ကာ အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် ပြသတော့မည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီလွင်ရုပ်ရှင်ရုံသည် လွတ်လပ်ရေးမရမီကပင် ပြသခဲ့သော ရုပ်ရှင်ရုံများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး B.T ဘရားသားရုပ်ရှင်ရုံအဖြစ်မှ Win(ဝင်း)၊ စိန်မေဝင်း စသည့် နာမည်အဆင့်ဆင့်ကို ပြောင်းလဲမှည့်ခေါ်ခဲ့ရာမှ နောက်ဆုံးတွင် ချယ်ရီလွင်ရုပ်ရှင်ရုံအဖြစ် လူသိများလာခဲ့ရသည်။

ပြင်ဦးလွင်မြို့၌ ရုပ်ရှင်ရုံများ လုံးဝပျောက်ကွယ်သွားချိန်တွင် ချယ်ရီလွင်ရုပ်ရှင်ရုံကို ပြန်လည်ပြင်ဆင်၍ ရုပ်ရှင်ကားများကို ပြသတော့မည်ဖြစ်သဖြင့် မြို့နေပြည်သူလူထုက စိတ်ဝင်စားလျက်ရှိနေကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# မန္တလေးတွင် အယ်နီညိုရိုက်ခတ်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ် ရန်ပုံငွေကျပ် သိန်း ၃၀၀၀ နှင့် အရန်စက်ဆီ ဂါလန် ၈၈၀၀ စုဆောင်းထား

**မန္တလေး ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း အယ်နီညိုရိုက်ခတ်မှုများကြုံတွေ့ပါက ဖြစ်ပေါ်လာမည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ရန်အတွက်လည်း ရန်ပုံငွေကျပ် သိန်း ၃၀၀၀ နှင့် အရန်စက်ဆီ ဂါလန် ၈၈၀၀ ကို စုဆောင်းထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာမည့် အယ်နီညိုရိုက်ခတ်မှုသည် မိုးလေဝသထုတ်ပြန်ချက်များအရ မန္တလေးတိုင်းဒေသကြီးကိုပါ ရိုက်ခတ်မည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ဖြေရှင်းရန်အတွက် ဇန်နဝါရီလမှစ၍ အဖွဲ့များခွဲကာ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုလုံးတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးရွာများ၏ သောက်သုံးရေလိုအပ်ချက်များကိုလည်း ယခုအချိန်မှစ၍ ရေကားများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုလည်း စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေလုံလောက်မှုရှိစေရန်အတွက် ကင်းတားရေလှောင်တမံနှင့် ဆည်တော်ကြီးရေလှောင်တမံများကို စိုက်ပျိုးရေအတွက်သာ အဓိကထား သိုလှောင်ထားကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ရဲရွာရေအားလျှပ်စစ်ကိုသာ အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းတွင် သောက်သုံးရေအတွက် ရေလှောင်ကန်များကို ကြိုတင်ဆောင်ရွက်ထားကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ရေလိုအပ်ချက်များသော သီးနှံများလျှော့ချကာ ရေလိုအပ်ချက်နည်းပါးသော သီးနှံများ အစားထိုးစိုက်ပျိုးရန်အတွက်လည်း ပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တွေ့ကြုံခဲ့ရသော အယ်နီညိုဆိုင်ရာ အတွေ့အကြုံများဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အသင့်အနေထားဖြင့် ပြင်ဆင်ဆောင်ရွက်ထားကြောင်း ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးနိုင်အောင်က ရေလိုအပ်သော ကျေးရွာများအတွက် သောက်သုံးရေကားများဖြင့် ရေဖြန့်ဝေပေးနေမှု၊ အယ်နီညိုရိုက်ခတ်မှု ကြုံတွေ့ပါက သောက်သုံးရေမပြတ်စေရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာများသောက်သုံးရေအတွက် ရေရှည်အစီအမံများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဆန်းက မြစ်ရေတင်လုပ်ငန်းများမှ ရေပေးဝေနိုင်မှုနှင့် စိုက်ပျိုးရေအတွက် စီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဦးက ဆည်များအတွင်း ရေလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးနိုင်မှု အခြေအနေများ၊ ရေလိုအပ်ချက်နည်းပါးသည့် သီးနှံများစိုက်ပျိုးရေးနှင့် ရေလေလွင့်မှုနည်းပါးရေးတို့အတွက် တောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံကာ ပညာပေးဆွေးနွေးနေမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်က နွေသီးနှံစိုက်ပျိုးမည့် လျာထားချက်များနှင့် ရေလိုအပ်ချက်နည်းပါးပြီး တောင်သူများအတွက် ဝင်ငွေအကျိုးရှိစေမည့် နွေသီးနှံများ စိုက်ပျိုးရန် ကွင်းဆင်းဆောင်ရွက်နေမှုများကိုလည်းကောင်း အသေးစိတ်ဆွေးနွေးကြသည်။

အယ်နီညိုရိုက်ခတ်မှု ကြုံတွေ့ပါက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရန်အတွက် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ လိုအပ်သော ဆေးဝါးနှင့် ဓာတ်ဆားများ စုဆောင်းထားရှိမှုများ၊ ဖြစ်ပေါ်လာပါက ကုသရေးအတွက် အသေးစိတ်အဆင့်လိုက် ဆောင်ရွက်ထားရှိမှုများ၊ မန္တလေးဆေးရုံကြီးတွင် ၂၀၁၀ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် Heat Stroke အပေါ် နမူနာယူကာ ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ အယ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအတွက် ကုသရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုများ၊ ပညာပေးရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ ကြိုတင်စီစဉ်ထားရှိမှုများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝင်းနိုင်၊ ဒေါက်တာမြင့်မြင့်သန်း၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးတို့က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့ရသော်လည်း ဆုံးရှုံးပျက်စီးမှု အနည်းဆုံးဖြစ်အောင် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ယခု အယ်နီညိုရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအတွက်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အားလုံးဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများကို မြို့နယ်အဆင့်အထိ အဖွဲ့များဖွဲ့ကာ အယ်နီညိုရိုက်ခတ်မှု ကြုံတွေ့လာပါက လျင်မြန်စွာချက်ချင်း ဆောင်ရွက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းပါက မီးဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် စီစဉ်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သတင်းအမှန်ရရှိရေးနှင့် မှန်ကန်သောသတင်းများ ထုတ်ပြန်နိုင်ရေးသည်လည်း အရေးကြီးကြောင်း၊ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ရန်အတွက်လည်း ရန်ပုံငွေကျပ် သိန်း ၃၀၀၀ နှင့် အရန်စက်ဆီ ဂါလန် ၈၈၀၀ စုဆောင်းထားရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် လူမှုရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အယ်နီညိုရိုက်ခတ်မှုအတွက် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ဆွေးနွေးခဲ့သည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြန်မာ့ရာသီဥတုဆိုင်ရာများ ဟောပြော

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ပေါ်နှင့် ကျေးရွာအသီးသီးမှ လူငယ်များ စုပေါင်းတွေ့ဆုံ၍ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်များ၊ မိမိတို့ဒေသအတွင်း တွေ့ကြုံရသည့် ပြဿနာများနှင့် အခက်အခဲများ အကြောင်း ဆွေးနွေးသည့် လူငယ်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ မြို့နယ်အားကစားခန်းမ၌ ပြုလုပ်လျက်ရှိရာ ဒုတိယနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၂၇ ရက်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာနှင့် ပလတ်စတစ်စွန့်ပစ်အမှိုက်များ လျှော့ချရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် မြန်မာ့ရာသီဥတုအခြေအနေ သုံးသပ်ချက်များ စသည့် အကြောင်းအရာများကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။



ဟောပြောပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်စွန့်ပစ်အမှိုက်များ၏ အန္တရာယ်၊ ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေးနှင့် စွန့်ပစ်အမှိုက်များ ပြန်လည်အသုံးချနိုင်ရေး စုပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ဆွေးနွေးဟောပြောပြီး မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် အာရှဒေသ မုတ်သုန်လျော့နည်းလာမှုအခြေအနေများ၊ မြန်မာ့ရာသီဥတုအခြေအနေနှင့် ကြိုတင်စီမံဆောင်ရွက်ထားသင့်သည်များကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ လူငယ်တွေ့ဆုံပွဲ တက်ရောက်လာကြသည့် ကျေးရွာနှင့် ရပ်ကွက်အသီးအသီးမှ လူငယ်ကိုယ်စားလှယ်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**

# နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်ရေးသင်တန်းဆင်း

**မြင်းမူ ဖေဖော်ဝါရီ ၂၉**

မြင်းမူမြို့ မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ရေးသင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲကို မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း တည်ရှိရာ စွန်းလွန်းကျောင်းတိုက် ရတနာ့ဂုဏ်ရည်ကျောင်းဆောင်၌ ကျင်းပခဲ့ပြီး မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီး၏ ပဓာနနာယက ဆရာတော်က သီလပေးတရားချီးမြှင့်ကာ မြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြတ်သုခအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ထွန်းနှင့် သင်တန်းမှူး ဦးလှထွန်း(မြဝတီ)တို့က အမှာစကားများပြောကြားပြီး အသင်းဥက္ကဋ္ဌက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလွှာများနှင့် သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်က ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ရေးနည်းပညာများကို သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသို့ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ငါန်းဇွန်မြို့နယ်တို့ရှိ လူမှုကူညီရေးအသင်းများမှ သင်တန်းသား သင်တန်းသူ ၁၂၈ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ သင်တန်းတွင် သင်ကြားမှုအပြင် ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုလည်း ဆောင်ရွက်လေ့ကျင့်ခဲ့ကြောင်း၊ မြင်းမူမြို့တွင်း ကမ္ဘောဇဘဏ်ရှေ့ရှိ မုံရွာ-မြင်းမူ-မန္တလေး ကားလမ်းပေါ်တွင် ဆိုင်ကယ်ချင်းတိုက်သည့် ပုံသဏ္ဌာန်နှင့် ကားနှစ်စီးတိုက်မိသည့် ပုံသဏ္ဌာန်များဖြင့် ဒဏ်ရာရသူများကို ကယ်ဆယ်နည်းများကိုလည်း သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **(၀၇၇)**

# ယာဉ်တိုက်မှုဖြစ်ပြီး ယာဉ်မောင်းထွက်ပြေးနေသောကြောင့် ယာဉ်ပေါ်ပါကုန်များအား ဘုတ်အဖွဲ့ဖြင့် စစ်ဆေး

**သထုံ ဖေဖော်ဝါရီ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက်၊ ဦးဖြူလမ်းထိပ်တွင် ဖေဖော်ဝါရီ ၂၆ ရက် ည ၁၀ နာရီခွဲက ရှေ့မှသွားနေသောယာဉ်အား နောက်မှကုန်တင်ယာဉ်က ဝင်ရောက်တိုက်မိခဲ့ပြီး ယာဉ်မောင်းဖြစ်သူမှာ တိမ်းရှောင်သွားရာ အဆိုပါယာဉ်ပေါ်ပါ ကုန်များအား တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်း ကိုလင်းထင် မောင်းနှင်လာသည့် ယာဉ်အမှတ် 6E/---- ဟီးနိုးအပြာရောင် ၁၂ ဘီးယာဉ်သည် သထုံမြို့ ဘင်လှိုင်ရပ်ကွက် ဦးဖြူလမ်းထိပ်၊ သထုံ-ဘားအံကားလမ်းပေါ်တွင် မောင်းနှင်လာစဉ် နောက်မှယာဉ်ကြောတူလိုက်ပါလာသည့် ကိုကုတင်ဘိုင် မောင်းနှင်လာသည့် ယာဉ်အမှတ် KYN-8C/---- နစ်ဆန်း အပြာရောင် ၁၂ ဘီး ကုန်တင်ယာဉ်က ဝင်တိုက်မိခြင်းဖြစ်ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာမှ တိမ်းရှောင်သွားခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

"ယာဉ်တိုက်မှုဖြစ်ပြီး ယာဉ်မောင်းက ထွက်ပြေးသွားတာ ယာဉ်က လမ်းလယ်မှာကန့်လန့်ကြီး နာရီဝက်နီးပါးလောက် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့တယ်။ ရပ်ကွက်ကလူတွေက စုပြီးတွန်းရွှေ့တော့မှ လမ်းပြန်ပွင့်သွားတာ။ လူထိခိုက်တာတော့မရှိဘူး" ဟု ဘင်လှိုင်ရပ်ကွက်မှ မျက်မြင်တွေ့သူတစ်ဦးက ပြောသည်။

အဆိုပါယာဉ်ပေါ်ပါကုန်များကို မြို့နယ်အဆင့် တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးဘုတ်အဖွဲ့ဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က ဖွင့်ဖောက်စစ်ဆေးခဲ့ကြောင်း ယင်းဘုတ်အဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ "ယာဉ်မောင်းက တိမ်းရှောင်နေတာဖြစ်လို့ ဒီကုန်တွေက အကောက်ခွန်မဲ့နဲ့ တရားမဝင်ကုန်တွေဖြစ်နေမှာကို သံသယရှိလို့ ခုလို အများရှေ့မှာ ဖွင့်ဖောက်စစ်တာပါ။ ဒီလိုစစ်ဆေးရာမှာ တရားဝင် ခွင့်ပြုချက်နဲ့ တင်ဆောင်လာတာဖြစ်လို့ ကုန်တွေကိုတော့ ပြန်လည်သယ်ဆောင်ဖို့ ခွင့်ပြုလိုက်ပြီး ထွက်ပြေးနေတဲ့ယာဉ်မောင်းကိုတော့ လိုက်လံရှာဖွေ အရေးယူသွားမှာပါ" ဟု သထုံမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းသိန်းက ပြောသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကုန်တင်ယာဉ်ကိုမောင်းနှင်သူ ကိုကုတင်ဘိုင်အား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ဖျာပုံအကျဉ်းထောင်၌ မီးဘေးကာကွယ်ရေး လေ့ကျင့်

**ဖျာပုံ ဖေဖော်ဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင်၌ မီးဘေးကာကွယ်ရေးအတွက် လေ့ကျင့်မှုများကို အကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၈ ရက်က လေ့ကျင့်ခဲ့ကြောင်း သိရသည်။

လေ့ကျင့်ရာတွင် မီးသတ်ယာဉ်နှစ်စီး အသုံးပြု လေ့ကျင့်ခဲ့သည့်အပြင် ပေါင်ဒါမှုန့် မီးသတ်ဆေးဘူးနှင့် Water Mix Gun တို့ဖြင့် မီးငြိမ်းသတ်ခြင်းများကိုလည်း လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်အများစုမှာ မီးစတင်လောင်ကျွမ်းချိန်တွင် အချိန်မီမငြိမ်းသတ်နိုင်ခြင်း၊ တစ်ဦးတည်းကြိုတ်၍ ငြိမ်းသတ်ခြင်းများကြောင့် မီးအကြီးအကျယ်လောင်ကျွမ်းခြင်းများ ဖြစ်တတ်ရာ စတင်လောင်ကျွမ်းချိန်တွင် ခေတ်မီ မီးသတ်ဆေးဘူးများဖြင့် စနစ်တကျ အချိန်မီ ငြိမ်းသတ်နိုင်ပါက မီးလောင်ဆုံးရှုံးမှုနည်းပါးမည်ဖြစ်သဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို အများပြည်သူ သိရှိစေရန် သရုပ်ပြသင်ကြားပေးနေခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေက ပြောသည်။

**ချမ်းသာ(ဖျာပုံ)**

# သီးကုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့လျက်ရှိ

**ဆော ဖေဖော်ဝါရီ ၂၉**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့သော ပြည်သူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်ပြည်သူများက ကူညီထောက်ပံ့မှုများ ပေးလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၀ စုမှ ပြည်သူ ၄၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရာ အဆိုပါပြည်သူများအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးသည့်အပြင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကလည်း ပုံစံ(၇) ပြန်လည်လုပ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးထားသည်။ ကျန်းမာရေးဦးစီးဌာနကလည်း ဆေးဝါးကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးနေပြီး မြို့နယ်မီးသတ်ဦးစီးဌာနက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း စေတနာရှင်များလှူဒါန်းထားသည့် အလှူပစ္စည်းနှင့် ငွေသားများကို မီးဘေးသင့်အိမ်ထောင်စုများသို့ ပေးအပ်ထောက်ပံ့လျက်ရှိရာ တစ်အိမ်ထောင်လျှင် ကျပ် ၁၅၀၀၀ ခန့်တန်ဖိုးရှိ ပစ္စည်းများ ထောက်ပံ့ထားပြီးဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများထံသို့ မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ရွှေစာရံစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေများပေးအပ်

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ သမိုင်းဝင် ရွှေစာရံစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူရန် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲကို မြို့မ(၃)ရပ်ကွက်ရှိ မြို့မ ဇေယျဝတီကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည်။ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် ရွှေငွေ၊ ကျောက်မျက်ရတနာ လှူဒါန်းသူ ၆၀ နှင့် ငွေကျပ်တစ်သိန်းနှင့် အထက် လှူဒါန်းသူ ၄၃ ဦးရှိပြီး အလှူငွေကျပ် ၃၄၆ သိန်း ရရှိကြောင်း၊ ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူငွေကျပ် ၃၂၄ သိန်း ရရှိထားကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

### လည်ရိုးတော်ဓာတ် စေတီတော် ဌာပနာတော်သွင်းနှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲ ကျင်းပ

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကူတောင်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် လည်ရိုးတော်ဓာတ် စေတီတော် ဌာပနာတော်သွင်းပွဲနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရသေ့တောင်မြို့နယ် ကျွန်းကြီးကျောင်းတိုက်ဆရာတော်ထံမှ ရခိုင်ပြည်နယ်ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဥပါသကာများက စေတီတော် အလယ်ဌာပနာတော်နှင့် အထက်ဌာပနာတော်များကို ထည့်သွင်းပူဇော်ကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို တင်လှူပူဇော်ခဲ့ကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း မီးဘေးကာကွယ်ရေးအတွက် သတိပေးနှိုးဆော်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာစဉ်။**
ကိုကျော်(သုံးခွ)


VIETJET ဖြင့်လည်ပတ်ရန် အချိန်ကျရောက်လို့လာပါပြီ
ရန်ကုန်မြို့ ✈ ဟိုချီမင်းမြို့
၁၉၀၀၀ကျပ် (*) မှစတင်၍
ပရိုမိုးရှင်းကာလ : မနက် ၁၁ နာရီခွဲမှ နေ့လည် ၁ နာရီခွဲထိ
၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၈ရက်နေ့ထိ
www.vietjetair.com
Everyday Promotion
* NEWEST FLEET
* FRIENDLY FLIGHT ATTENDANT
* DELICIOUS MEALS
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
ပိုး ... လာမယ့် နှစ်သစ်ကူးပွဲတော်ကိုဆင်နွဲနိုင်ရန် Vietjetအနေဖြင့်
ရန်ကုန်- ဟိုချီမင်းအပါအဝင် တခြားသောဗီယက်နမ် ဒေသတွင်းခရီးစဉ်များအား နေ့စဉ် မနက် ၁၁:၃၀
မှ နေ့လည် ၁:၃၀ အတွင်း မြန်မာကျပ်ငွေ ၁၉၀၀၀ ကျပ်ဖြင့်ဝယ်ယူ ရရှိနိုင်မည့် တပတ်တာ
ပရိုမိုးရှင်းအစီအစဉ်ကို www.vietjetair.com ၌
စတင်လိုက်ပါသည်။
ခရီးစဉ်ကာလနေဖြင့် ၁၅/၀၃/၂၀၁၆ မှ ၃၁/၁၂/၂၀၁၆ အတွင်း အကျုံးဝင်နိုင်ပါသည်။
အရမ်းအံ့အားသင့်စရာကောင်းတဲ့ ကမ္ဘာ့အကြီးဆုံးလိုဏ်ဂူကြီးဖြစ်တဲ့ Son Doong နှင့်
အရမ်းလှပသည့် Ha Long Bay သို့မဟုတ်
Da Nang, Nha Trang, Phu Quoc ပျော်ရွှင်စရာကမ်းခြေများ
အစရှိသည့် တိုင်းပြည်၏ အမွေအနှစ်တွေကို လေ့လာရှာဖွေရင်း Vietname လူမျိုးများ၏
နွေးထွေးတဲ့ကြိုဆိုမှုများ၊ ရင်းနှီးနွေးထွေးသော အပြုံးများဖြင့် လှပသည့် နိုင်ငံဖြစ်သည့်
သင်၏နှစ်သစ်အား Vietnam ၌ပျော်ရွှင်ကြည်နူးလိုက်ကြပါစို့။
11:30 AM Vietjetရဲ့ အချိန်ကျရောက်လို့လာပါပြီ
သင့် စိတ်ကူးနှင့်ထပ်တူထပ်ကျဖြစ်သော Vietjet လေယာဉ်များသည် လုံခြုံစိတ်အချရဆုံး
နောက်ဆုံးပေါ် လေယာဉ်များ ဖြစ်၍ ခေတ်မီလှသောကြောင့် Vietjet ၏အတွေ့အကြုံများကိုခံစားရင်း
ပျံသန်းကြရအောင်... ပျံသန်းစဉ်ကာလအတွင်း နူးညံ့လှတဲ့ ဖိမ်ခံသားရေထိုင်ခုံမှာထိုင်၍
နွေးထွေးပျူငှာသော လေယာဉ်ဝန်ထမ်းများ၊ လေယာဉ်ပေါ်ကဖျော်ဖြေပေးများနှင့်အတူ
အရသာရှိပြီးပူပူနွေးနွေးအစားအသောက်များကို လည်းမှာယူစားသုံးနိုင်မည်ဖြစ်သည်။
ကျွန်ုပ်တို့၏ အံ့ဩဖွယ်ကောင်းသော နေ့စဉ် ပရိုမိုးရှင်းများအား Vietjet ဖြင့်ပျော်ရွှင်စွာ ပျံသန်းနိုင်ရန်
www.vietjetair.com တွင်ရယူကြရအောင်
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
အခန်း(၁၀၆)၊ ပထမထပ်၊ယုဇနစီးပွားရေးတာဝါ၊ အမှတ် ၂၅၊
ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်၊ မြန်မာ။
Tel : (+95-1) 53 94 84
Fax : (+95-1) 53 94 84
Hotline: (+95-9) 789 323 828
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
* Terms & conditions
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ့ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟနွိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်ကုန်



(၈) ပတ်အတွင်း
ကြီးထွားဖွံ့ဖြိုးမှုကို
သိသိသာသာ
မြင်တွေ့ရမှာပါ*
HEIGHT
WEIGHT
WEEK 2
WEEK 4
WEEK 5
WEEK 8
WEEKS
#1 Paediatrician Recommended Brand in the U.S.**
PediaSure
HEIGHT. WEIGHT. IMMUNITY.
*J Hum Nutr Diet. 2015 Dec; 28(6):623-35.
**Market Research by Rothstein-Tauber,Inc. 2011
ကလေးများအတွက် ကြီးထွားဖွံ့ဖြိုးမှုကာလသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် ထိုကာလအတွင်း မပြည့်စုံသောအာဟာရရရှိပါက ကြီးထွားဖွံ့ဖြိုးမှု ချို့တဲ့နိုင်ပါသည်။ အထူးသဖြင့် သင့်အိမ်တွင် အစားရွေးသောကလေးရှိသည့်အခါတွင် ပို၍သတိထားသင့်ပါသည်။ အရေးကြီးသောအာဟာရ (၂၈)မျိုးပါဝင်သည့် PediaSure သည် သင့်ကလေးငယ်အား ပြည့်စုံမျှတသောအာဟာရပေးစွမ်းပြီး (၈)ပတ်အတွင်း ကြီးထွားဖွံ့ဖြိုးမှုကို သိသိသာသာမြင်တွေ့ရမည်ဖြစ်ပါသည်။
PediaSure®
GROWTH YOU CAN BE SURE OF.
Abbott Nutrition
Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott
PED100116M

## အထူးကုန်စည်ခွန်ကျသင့်ခြင်း၊ ကျသင့်အခွန်ပေးဆောင်ထားခြင်း၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် အထူးကုန်စည်များဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရေးအတွက်

# အသိပေးနှိုးဆော်ခြင်း

❖ **အထူးကုန်စည်အမျိုးအစားများ။** အထူးကုန်စည်ခွန်ဥပဒေအရ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများကို အထူးကုန်စည်များအဖြစ် သတ်မှတ်ထားပါသည်-

| | |
|---|---|
| ❖ စီးကရက်အမျိုးမျိုး | ❖ ဆေးတံသောက်ဆေးများ |
| ❖ ဆေးရွက်ကြီး | ❖ ကွမ်းစားဆေးအမျိုးမျိုး |
| ❖ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး | ❖ အရက်အမျိုးမျိုး |
| ❖ ဆေးပေါ့လိပ် | ❖ ဘီယာအမျိုးမျိုး |
| ❖ ဆေးပြင်းလိပ် | ❖ ဝိုင်အမျိုးမျိုး |

❖ ကျွန်းနှင့်သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့်သစ်မာ သစ်ခွဲသားများ၊
❖ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ၊
❖ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ၊
❖ Double Cab 4 Door Pickup မှအပ ၁၈၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကားများ၊ ကူပေး(Coupe)ကားများ၊
❖ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ၊
❖ သဘာဝဓာတ်ငွေ့

❖ **အခွန်ကျသင့်ခြင်း။** အဆိုပါ ကုန်စည်အမျိုးအစားများနှင့် စပ်လျဉ်း၍ ကျသင့်အထူးကုန်စည်ခွန်ကို တင်သွင်းသူ/တင်ပို့သူ၊ ထုတ်လုပ်ရောင်းချသူက ထမ်းဆောင်ရပါမည်-
❖ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက-
**ကျသင့်အခွန်=** (အကောက်ခွန် စည်းကြပ်တန်ဖိုး+အကောက်ခွန်+ကုန်ချစရိတ်)×အခွန်နှုန်း
❖ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုးနှင့် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် အထူးကုန်စည်ခွန် ကျသင့်ပါမည်။
❖ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက-
**ကျသင့်အခွန်=** FOB Price ×အခွန်နှုန်း

❖ **အခွန်ပေးဆောင်ခြင်း။** ကျသင့်အထူးကုန်စည်ခွန်ကို သတ်မှတ်ရက်များအတွင်း ပေးဆောင်ရပါမည်-
❖ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကိုရွေးယူခြင်းမပြုမီ ကျသင့်အကောက်ခွန်နှင့်အတူ ပေးဆောင်ရပါမည်။
❖ ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းချသည့်လ ကုန်ဆုံးပြီး ၁၀ရက်အတွင်း ပေးဆောင်ရပါမည်။

❖ **သိမ်းဆည်းအရေးယူခြင်း။** ကျသင့်အခွန် ထမ်းဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို လက်ဝယ်တွင် စိစစ်တွေ့ရှိရပါက-
❖ စိစစ်တွေ့ရှိသည့် အထူးကုန်စည်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရပါမည်။
❖ အထူးကုန်စည်တန်ဖိုးကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။
❖ စိစစ်တွေ့ရှိရသည့် ကုန်စည်သည် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်ဖြစ်ပါက အဆိုပါအထူးကုန်စည် ထုတ်လုပ်ရောင်းချသူမှ အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

❖ **ဆုငွေချီးမြှင့်ခြင်း။** ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို ဖမ်းဆီးရရှိပါက-
❖ ဖော်ထုတ်ဖမ်းဆီးသည့်အဖွဲ့အား တပ်ရိုက်၍ ရရှိသည့် ဒဏ်ငွေ၏ ၂၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ် ချီးမြှင့်ပါမည်။
❖ သတင်းပေးပို့သူကို တပ်ရိုက်၍ ရရှိသည့်ဒဏ်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ် ချီးမြှင့်ပါမည်။ သတင်းပေးသူ မည်သူမည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး လျှို့ဝှက်ထားပေးမည် ဖြစ်ပါသည်။

❖ **အထူးသတိပေးခြင်း။** ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်များကို ဝယ်ယူရောင်းချခြင်း၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် စီးကရက်အမျိုးမျိုး၊ အရက်အမျိုးမျိုး၊ ဝိုင်အမျိုးမျိုး အစရှိသည့် အထူးကုန်စည်များကို အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိပါက ဝယ်ယူခြင်း၊ ရောင်းချခြင်း မပြုကြရန် အထူးသတိပြုစေလိုပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန် ကျသင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းအသိပေးခြင်း

\# **ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းနှင့်မကျသင့်ခြင်း။** ၂၀၁၆ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ-
❖ နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် ၄၈သိန်းအထိရရှိသူဖြစ်လျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပါသည်။
❖ ပုဒ်မ ၃၃၊ပုဒ်မခွဲ(ဃ)အရ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်ရရှိသည့် လစာဝင်ငွေဖြစ်လျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပါသည်။
❖ လစာဝင်ငွေကျပ် ၄၈သိန်း အထက်ရရှိသူဖြစ်သော်လည်း တစ်နှစ်စုစုပေါင်း ဝင်ငွေမှ အခြေခံသက်သာခွင့်၊ အတူနေမိဘ၊ အိမ်ထောင်ဖက်၊ သားသမီးသက်သာခွင့်စသည်တို့အား နုတ်ပယ်ပြီး ကျန်ဝင်ငွေသည် ကျပ်သိန်း ၂၀ထက် မကျော်လွန်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။

\# **ဝင်ငွေတွက်ချက်ခြင်း။** လစာခေါင်းစဉ်မှ ဝင်ငွေတွက်ချက်ရာတွင် နှစ်တစ်နှစ်အတွင်းရရှိသည့် လစာဝင်ငွေ၊ လစာဝင်ငွေအပြင် ထပ်ဆောင်းရရှိသည့် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေးစသည့် အကျိုးခံစားခွင့်တို့ကိုလည်း စုစုပေါင်းလစာဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည်။

\# **သက်သာခွင့်များ။** ဝင်ငွေခွန်ဥပဒေပုဒ်မ ၆အရ ဝင်ငွေနှစ်အတွင်း ရရှိမည့် စုစုပေါင်း လစာဝင်ငွေမှ အောက်ပါသက်သာခွင့်များကို ဝင်ငွေခွန် နည်းဥပဒေနှင့်အညီ နုတ်ပယ်ခွင့်ပြုထားပါသည်-
❖ အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%ကျပ်သိန်း ၁၀၀ထက်မပိုစေရ)
❖ အတူနေမိဘ (အတူနေသူ မိဘတစ်ဦးလျှင် ကျပ် ၁၀သိန်း)
❖ အိမ်ထောင်ဖက်အတွက် သက်သာခွင့် (အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ် ၁၀သိန်း)
❖ သားသမီးများအတွက် သက်သာခွင့်(သားသမီး တစ်ဦးလျှင် ကျပ် ၅ သိန်း)
❖ ဝန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံချက်အတွက် ပေးရသော ပရီမီယံ၊
❖ ဝန်ထမ်းအနေနှင့် လူမှုဖူလုံရေး ရန်ပုံငွေသို့ ထည့်ဝင်စုဆောင်းငွေ၊

\# **ကျသင့်သည့်အခွန်နှုန်း။** ၁-၄-၂၀၁၆ရက်မှစတင်၍ အကျိုးသက်ရောက်သော ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ စုစုပေါင်းဝင်ငွေမှ အထက်ပါသက်သာခွင့်များ နုတ်ပယ်ပြီး ကျန်အခွန်တွက်ချက်ရန် ဝင်ငွေအပေါ် ဖော်ပြပါဝင်ငွေအလွှာလိုက် အခွန်နှုန်းများဖြင့် တွက်ချက်ရမည်-

| စဉ် | ဝင်ငွေအလွှာ မှ | ဝင်ငွေအလွှာ ထိ | ငွေပမာဏ | နှုန်း | ကျသင့်အခွန် | အဆင့်ဆင့်ပေါင်း |
|---|---|---|---|---|---|---|
| ၁ | ၁ | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ၀% | - | - |
| ၂ | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၃၀၀၀၀၀၀ | ၅% | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| ၃ | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၅၀၀၀၀၀၀ | ၁၀% | ၅၀၀၀၀၀ | ၆၅၀၀၀၀ |
| ၄ | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၁၅% | ၁၅၀၀၀၀၀ | ၂၁၅၀၀၀၀ |
| ၅ | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၂၀% | ၂၀၀၀၀၀၀ | ၄၁၅၀၀၀၀ |
| ၆ | ၃၀၀၀၀၀၀၁နှင့်အထက် | | | ၂၅% | | |

\# **အခွန်တွက်ချက်မှု။** အောက်ပါနမူနာတွက်ချက်မှုများကို ဖော်ပြအပ်ပါသည်-

**နမူနာ (၁)** လစာဝင်ငွေ တစ်လ ကျပ် ၅သိန်း ရရှိသူ မိဘနှစ်ပါးနှင့်အတူနေပြီး အိမ်ထောင်ဖက်နှင့်သားသမီး ၂ ဦးရှိသူ တစ်ဦးဖြစ်ပါက-

လစာဝင်ငွေ စုစုပေါင်း တစ်လ ၅၀၀၀၀၀×၁၂လ = ၆၀၀၀၀၀၀
**(နုတ်) သက်သာခွင့်များ**
အခြေခံသက်သာခွင့် = ၁၂၀၀၀၀၀
(စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်)
အတူနေမိဘ ၂ ဦးအတွက် = ၂၀၀၀၀၀၀
အိမ်ထောင်ဖက်အတွက် = ၁၀၀၀၀၀၀
သားသမီး ၂ဦးအတွက် = ၁၀၀၀၀၀၀
= ၅၂၀၀၀၀၀
**အခွန်စည်းကြပ်ရန် ဝင်ငွေ** = ၈၀၀၀၀၀
၁ ကျပ်မှ ၂၀၀၀၀၀၀ ထိ ပထမ ၈၀၀၀၀၀ အတွက် ၀%ဖြင့် -
**တစ်နှစ်အတွက် စုစုပေါင်းကျသင့်အခွန်** မကျသင့်

**နမူနာ (၂)** လစာဝင်ငွေ တစ်လကျပ် ၅ သိန်းရရှိသူ မိဘနှင့်အတူ မနေသည့်လူပျိုတစ်ဦးဖြစ်ပါက-

လစာဝင်ငွေစုစုပေါင်း တစ်လ ၅၀၀၀၀၀×၁၂လ = ၆၀၀၀၀၀၀
**(နုတ်) သက်သာခွင့်များ**
အခြေခံသက်သာခွင့် = ၁၂၀၀၀၀၀
(စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်)
အတူနေမိဘအတွက် = -
အိမ်ထောင်ဖက်အတွက် = -
သားသမီးအတွက် = -
= ၁၂၀၀၀၀၀
**အခွန်စည်းကြပ်ရန် ဝင်ငွေ** = ၄၈၀၀၀၀၀
၁ ကျပ်မှ ၂၀၀၀၀၀၀ ထိ ပထမ ၂၀၀၀၀၀၀ အတွက် ၀% ဖြင့် -
၂၀၀၀၀၀၁ ကျပ်မှ ၄၈၀၀၀၀၀ ထိ ကျန် ၂၈၀၀၀၀၀ အတွက် ၅% ဖြင့် ၁၄၀၀၀၀
တစ်နှစ်အတွက် စုစုပေါင်းကျသင့်အခွန် ၁၄၀၀၀၀
တစ်လအတွက် နုတ်ယူရမည့်ကျသင့်အခွန် ပျမ်းမျှ ၁၁၆၇ ကျပ်

\# **အခွန်နုတ်ယူပေးသွင်းခြင်း။** လစာထုတ်ပေးရန်တာဝန်ရှိသူသည် တစ်နှစ်လုံးအတွက် ရရှိမည့်လစာအပေါ် ကျသင့်မည့်ဝင်ငွေခွန်မှ တစ်လပျမ်းမျှ ကျသင့်အခွန်ကို ဖြတ်တောက်ခုနှိမ်ထားပြီးမှ လစာထုတ်ပေးရန် ဖြစ်ပါသည်။

\# **လစာနှစ်ချုပ်စာရင်းပေးပို့ခြင်း။** လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာရုံးအကြီးအကဲက ဝင်ငွေနှစ်ကုန်ဆုံးပြီးသုံးလအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### အမည်ပြောင်း

ဦးမျိုးနိုင်၏သား မြိတ်မြို့၊ မြင်းမိုရ် ပုဂ္ဂလိက ပညာသင်ကျောင်း သူငယ်တန်းမှ ကျောင်းဝင်အမှတ် MM -၁၄၀၂၁၀ဖြစ်သူ မောင်ဇွဲမာန်ဟိန်းအား မောင်ဝေယံလွင် ဟုလည်းကောင်း၊ တတိယတန်းမှကျောင်းဝင်အမှတ် MM-၁၄၀၂၂၃ဖြစ်သူ မောင်သူရဟိန်းအား မောင်နိုင်လင်းထက်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝေယံလွင်၊ မောင်နိုင်လင်းထက်**

### အမည်မှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (မန်ခိန်)၊ စတုတ္ထတန်း (က)မှ မရွှန်းလဲ့ဦး၏ အမည်မှန်မှာ မနန်းရွှန်းလဲ့ဦး၊ ပထမတန်း(ခ)မှ မရွှန်းလဲ့ဖောင်း၏ အမည်မှန်မှာ မနန်းရွှန်းလဲ့ဖောင်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးနေအောင် ၁၃/ကမန(နိုင်)၀၉၀၀၈၇ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၅၀၇၂၊ Honda Dream ND 125 M, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအောင် ၆/မမန(နိုင်) ၁၄၅၅၆၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၁၈၀၁၅၄ Honda Dream C100M ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝင်းအောင် ၁၃/ကမန(နိုင်)၀၁၆၈၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)**

### အိုင်အယ်(လ်)အိုရဲ့ ဆက်သွယ်ရန် ဖုန်းနှင့်ဖက်စ်နံပါတ်များ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ယင်း၏အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများကို သုံးစွဲသူပြည်သူများအတွက် အဆင့်မြင့်အပြောင်းအလဲများ လုပ်ထားပါသဖြင့်၊ ရန်ကင်း RSU အိတ်ချိန်းသည်လည်း ယင်း၏စက်မှုပိုင်းဆိုင်ရာကဏ္ဍများကို ပြောင်းလဲမြှင့်တင်ရန်လိုအပ်ကြောင်း အကြံပြုလာပါသည်။ ယင်းကို ခေတ်မီ MSAN Exchange ဖြင့် အဆောတလျင် အစားထိုးသွားမည်ဖြစ်ရာ ILO ရုံး ဖုန်းနံပါတ်များ၏ ပထမဂဏန်းသုံးလုံးကို ပြောင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်အသစ်များမှ တစ်ဆင့် ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးနှင့် ဆက်သွယ်၊သတင်းပေးနိုင်ပါသည်။

**ဆက်သွယ်ညှိနှိုင်းရေးအရာရှိ**
**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့[အိုင်အယ်(လ်)အို]**

ရုံးလိပ်စာ - အမှတ်(၁/က)၊ ကန်ဘဲ့လမ်း(သစ္စာလမ်း) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
တယ်လီဖုန်း - ၀၁-၂၃၃၆၅၃၈၊ ၀၁-၂၃၃၆၅၃၉၊ ၀၁-၅၇၈၉၂၅၊ ၀၁-၅၇၉၉၅၆
ဖက်စ် - ၀၁-၂၃၃၆၅၈၂
စာတိုက်သေတ္တာ - ၆၇၉
အီးမေးလ် - yangon@ilo.org

အိုင်အယ်(လ်)အိုသည် ဤအခွင့်အရေးကို အသုံးပြု၍ ပြည်နယ်/တိုင်းဒေသကြီးအချို့ရှိ ILO နှင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်တို့ကို ပြည်သူများသိစေရန် အသိပေးပါသည်။

**အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားရန် ဖုန်းနံပါတ်များ**

| | |
|---|---|
| မန္တလေးတိုင်းဒေသကြီး | ဖုန်း-၀၉-၄၅၂၆၅၉၃၄၅ |
| မကွေးတိုင်းဒေသကြီး | ဖုန်း-၀၉-၄၄၈၀၅၉၀၃၆ |
| ပဲခူးတိုင်းဒေသကြီး | ဖုန်း-၀၉-၇၃၂၂၀၂၀၆ |
| မွန်ပြည်နယ် | ဖုန်း-၀၉-၄၂၁၁၇၅၅၆၂ |
| ချင်းပြည်နယ် | ဖုန်း-၀၉-၄၅၂၆၅၉၃၄၆ |

၂၄ နာရီ ခုနစ်ရက်လုံး ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်-၀၉-၄၅၂၆၅၉၃၄၄

..........

**ငြိမ်းချမ်းရေးစီမံကိန်း(ရှမ်းပြည်နယ်တောင်ပိုင်း)**

**ရုံးလိပ်စာ** - အမှတ် ၁၄၊ နဝရတ်လမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၂၅၀၇၈၆၄၁၁

### တိုက်ခန်းကျယ်ရောင်းမည်

သုံးထပ်၊ ၁၈ပေ×ပေ၆၀၊ ကိုယ်ပိုင် ရေမီး၊ ကြွေပြား၊ ပါကေးခင်း ပြင်ဆင်ပြီး၊ အိပ်ခန်းနှစ်ခန်း၊ အသင့်နေနိုင်၊ လမ်းသန့်အီဒင်လမ်း (ဗိုလ်တထောင်ဈေးလမ်း)။

**ဖုန်း-၀၉-၄၅၀၀၀၁၈၁၉**

### စက်မှုဝန်ကြီးဌာန အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ စက်ရုံ/အလုပ်ရုံ/စီမံကိန်းများအတွက် Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်နိုင်ရန်ရှိပါသည်။ထို့ပြင် ယာဉ်အောက်သို့ ပစ္စည်းချခြင်း (Unloading) လုပ်ငန်းများလည်း ရှိပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့ကို ရုံးချိန်အတွင်း အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

**တင်ဒါပုံစံစတင်ထုတ်ပေးရက်** - ၁-၃-၂၀၁၆ ရက်
**တင်ဒါပိတ်ရက်** - ၈-၃-၂၀၁၆ ရက် ၁၂:၀၀ နာရီ

**ထုတ်လုပ်ရေးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့ (၃)မိုင် ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ် (၇၈၃) အလျားပေ(၅၀) အနံပေ(၁၀၀)ရှိ ဗိုလ်မှူးတင်မောင်သက် ကြည်း/၂၁၆၄၈ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဒေါ်ဝါဝါသိန်းထွန်း ၁/ဗမန(နိုင်)၀၀၃၀၁၁က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ၎င်းအမည်ဖြင့် မြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ဝါဝါသိန်းထွန်း**
**မင်းကုန်းရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၇၀၁၉၀၆၂**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်စီစီသန်း ၁၂/စခန(နိုင်)၀၃၉၃၀၂(မှ) ဦးတင်လှ ၁၂/စခန(နိုင်)၀၃၉၃၂၁(မှ) | ဒေါ်သီတာလှထွန်း ၁၂/အစန(နိုင်)၀၇၉၀၉၈ ဒေါ်မာမာထွန်း ၁၂/အစန(နိုင်)၀၇၈၉၂၈ | တိုက်အမှတ် ၁၆၊ အခန်းအမှတ်၃၈၊ လေးလွှာ၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့ (၃)မိုင် ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ် (၁၂၄၆)၊ အလျားပေ(၄၀) အနံပေ(၆၀)ရှိ တပ်ကြပ်ကြီးသာချို ၁/ဗမန(နိုင်)၀၈၈၅၃၉ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဒေါ်ဝါဝါသိန်းထွန်း ၁/ဗမန(နိုင်)၀၀၃၀၁၁ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ၎င်းအမည်ဖြင့် မြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ဝါဝါသိန်းထွန်း**
**မင်းကုန်းရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၇၀၁၉၀၆၂**

## ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖိတ်ကြားလွှာ

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၁ရက်မှ လပြည့်ကျော် ၁ရက်အထိ (၂၀၁၆ခုနှစ် မတ် ၁၉ရက်မှ မတ်၂၄ရက်အထိ) ဘုရားတပေါင်းပွဲကျင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တပေါင်းလဆန်း ၁၄ရက် (၂၀၁၆ခုနှစ် မတ် ၂၂ရက်) ဓနုတိုင်းရင်းသားများဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန်နှင့် ဈေးဆိုင်ခန်းများအတွက် လာရောက်ဆက်သွယ်လိုပါက ဓနုဒေသဦးစီးအဖွဲ့ ဖုန်း-၀၈၁- ၆၆၁၆၀၊ ၀၉-၂၅၀၁၃၂၄၃၂၊ ၀၉-၇၉၉၀၉၁၂၁၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

**ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊**
**ပင်းတယမြို့**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၇)၏ (၄၂)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးနေ ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစုဝင်များ၊ ကွယ်လွန်သူ သူငယ်ချင်းများ၏ မိသားစုဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) **ဂေါက်သီးရိုက်ပြိုင်ပွဲ** - ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့) ၁၂း၃၀နာရီ၊ တပ်မတော်ဂေါက်ကွင်း

(၂) **နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း** - ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၀၉း၀၀နာရီမှ ၁၂း၀၀ နာရီထိ မိုးကုတ်ဆွမ်းစားကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးကုန်းမြေ

(၃) **မိတ်ဆုံညစာစားပွဲ** - ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၈း၃၀နာရီ၊ M3 Food Center, Diamond Hall (ဗဟန်းအားကစားဝင်းအတွင်း) အနောက်ရွှေဂုံတိုင်လမ်း၊ အာဇာနည်ကုန်းအနီး၊ ရန်ကုန်မြို့

**မှတ်ချက်။** အဆက်အသွယ်မရရှိသေးသော သေဆုံး/ကျဆုံးအရာရှိများ၏ ဇနီးများမှလည်း တက်ရောက်ပါရန် **[ဆက်သွယ်ရန်-ဒုတိယဗိုလ်မှူးကြီးကျော်တင်(ငြိမ်း) ဖုန်း-၀၉-၃၁၂၂၄၆၆၁]**

## အထက တံတားမြို့၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူများ၏ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

အထက တံတားမြို့၏ အာစရိယပူဇော်ပွဲအခမ်းအနားနှင့် ရပ်နီးရပ်ဝေးမှကျောင်းသား/သူဟောင်းများတွေ့ဆုံပွဲကို ၂၇-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အထက တံတားမြို့၏ သိရိရတနာခန်းမ၌ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**


သာသနာ့အမွေခံယူဖို့

**မြတ်စေတနာ သင်္ကန်းပရိက္ခရာ**

ဝယ်ယူလှူဒါန်းကြပါစို့။
ပင်ရင်း-လောကာနန္ဒာ လမ်းဆုံအနီး၊ စစ်တွေမြို့၊
**ဖုန်း-၀၉-၃၆၁၇၃၄၆၈**

**ရွှေဇိုးဇော် ရွှေစက်တော်/မြတ်မော်တင်စွန်း**
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်)၊ ပခုက္ကူ 65000/- 50% Dis
[အထင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■(အလောင်းတော်ကဿပ+မုံရွာ) / မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ ■မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ Mar 4,11,18,25
■ကျိုက်ထီးရိုး / ချောင်းသာ(ခနှင့်) 373275, 708342, 0949219404

**OD TOUR** Since 1997
Oriental Dragon Travels & Tours Co.,Ltd.
"Mar.18.23,Apr.11.12.13" ထွက်မည့် OD Tour ၏ ပြည်တွင်းခရီးစဉ်များ
§ ပုဂံ(စွယ်တော်လေးဆူ)၊ရွှေစက်တော် § မန္တလေး(ကျောက်စိမ်းဘုရား)၊ပြင်ဦးလွင်(ဒိတ်ရေပြာအိုင်)
§ တောင်ကြီး+လွိုင်ကော် § တောင်ကြီး+မန္တလေး § တောင်ကြီး+ပုဂံ § ပုဂံ+မန္တလေး
§ မန္တလေး၊မုံရွာ၊အလောင်းတော်ကဿပ § မန္တလေး၊ပြင်ဦးလွင်၊မူဆယ်၊ရွှေလီ
§ ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ § တောင်ကြီး၊အင်းလေး၊ပင်းတယ
§ ထားဝယ်(ရှင်ကိုးရှင်/လောင်းလုံဘုတ်ကျွန်း)၊မောင်းမကန်ကမ်းခြေ
No.52,KyunTaw Street.Sanchaung Tsp: Ph: 01-536 855, 504 808, 09-5187045


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/5901, Toyota Corolla, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၉/ညဥန(နိုင်)၁၁၁၂၀၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ ဝန်ထမ်းဟောင်းများနှင့်လုပ်ဖော်ကိုင်ဖက်များအား ဖိတ်ကြားခြင်း

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ ဝန်ထမ်းဟောင်းများနှင့် စက်ရုံတွင် လုပ်ကိုင်ခဲ့ဖူးသော လုပ်ဖော်ကိုင်ဖက်များ(လုပ်သားကိုယ်စားလှယ်များနှင့် ပစ္စည်းပေးသွင်းသူများ) တွေ့ဆုံပွဲအား အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်/အချိန်** - ၆-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

**နေရာ** - My Garden စားသောက်ဆိုင်(အလုံလမ်း)

**မှတ်ချက်။** လိပ်စာစာအုပ်အတွက် ဓာတ်ပုံပေးရန် ကျန်သူများ လိုင်စင်ဓာတ်ပုံ(၂)ပုံ ယူဆောင်လာကြပါရန်။

**ဖြစ်မြောက်ရေးကော်မတီ**


**SUN FAR**
TRAVELS & TOURS CO., LTD.
ကြည့်မြင်တိုင်၊ မြေနီကုန်း၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်မြို့နယ်များရှိ ခရီးသွားများအတွက် အဆင်ပြေဆုံး Location, ကျယ်ဝန်းသော Car Parking
ပြည်တွင်း၊ပြည်ပ ခရီးသွားများအတွက် ဈေးနှုန်းအသက်သာဆုံးနှင့် အဆင်ပြေဆုံးService
SUN FAR (အလုံမြို့နယ်) လေယာဉ်လက်မှတ်အရောင်းဌာန
အခန်း(၁၆)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်စုပေါင်းရုံးဝင်း၊ Tel: 01-2301 999
အောက်ကြည့်မြင်တိုင်လမ်း၊ သခင်မြပန်းခြံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3780, Toyota Landcruiser, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှောင်းခက် ၁၂/မရက(နိုင်)၀၀၂၂၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


**SAMSUNG**

**2016 MARCH SAMSUNG DAY**

**Samsung Smart Phones နှင့် Tablets**

**တွေဝယ်ယူပြီး GIORDANO ကူပွန်လက်ဆောင်တွေ ရယူကြရအောင်....**

**မတ်လ ၁ ရက် မှ ၃ ရက် အထိ**



• ကျပ် ၅ သိန်းနှင့် အထက် ဝယ်ယူ သူတိုင်း ကျပ် ၅ သောင်းတန် ကူပွန်

• ကျပ် ၂ သိန်း မှ ၅ သိန်း အထိ ဝယ်ယူ သူတိုင်း ကျပ် ၃ သောင်းတန် ကူပွန်

• ကျပ် ၂ သိန်းအောက် ဝယ်ယူ သူတိုင်း ကျပ် ၂ သောင်းတန် ကူပွန်



Coupon နှင့်အတူ Samsung Towel (၁) ထည်ရယူပါ

GIORDANO Couponနှင့် နှစ်သက်ရာ ဖက်ရှင်နှင့် အသုံးအဆောင်များဝယ်ယူနိုင်မည်။
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar နှင့် Giordano တို့မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promoter ရှိသော အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

ASA AUNG NAING SCHOOL OF ACCOUNTANCY

ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

LCCI & ACCA

March လ တန်းခွဲသစ်များ

ကျောင်းအပ် လက်ခံပြီ

တက္ကသိုလ်ဝင်တန်း(၁၀ တန်း)ဖြေဆိုထားပြီးသူများ LCCI Level 1,2 မှ စတင်တက်ရောက်နိုင်ပါသည်။
ACCA အတွက် ပထမဆုံးအပ်နှံသူ (၄၀)ဦးကို US$ 115 နှင့်ညီမျှသော Scholarship နှင့် သင်တန်းကြေးသက်သာခွင့်များ ပြန်လည်ပေးအပ်သွားပါမည်။

အမှတ်- ၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060


## အမည်ပြောင်း

ဦးဟန်စိုးလွင်၏သမီး ထားဝယ်မြို့၊ အထက-၃၊ တက္ကသိုလ်ဝင်တန်းမှ မအိအိအောင်အား ယနေ့မှစ၍ မနုနုလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနုနုလွင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၆၇၃၃၉၊ လော်ဂျားယာဉ်လက်ဝယ်ရှိသူ ဦးစောမောင် ၁၃/ဟပန(နိုင်)၀၀၂၃၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀/၃၁၄၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**


ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများ

(၂၀၁၅) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်တွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ ၂၀၁၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို ကရဝိတ်နန်းတော်တွင်(၁၂. ၇. ၂၀၁၅) တနင်္ဂနွေနေ့က ဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။




ဘာသာရပ်အလိုက် အောင်ချက်ရာခိုင်နှုန်း

| | |
|---|---|
| မြန်မာစာ | ၁၀၀. ၀၀% |
| အင်္ဂလိပ် | ၈၁. ၆၇% |
| သင်္ချာ | ၈၁. ၆၇% |
| ဓါတုဗေဒ | ၉၁. ၆၇% |
| ရူပဗေဒ | ၈၅. ၀၀% |
| ဇီဝဗေဒ | ၉၄. ၅၉% |
| ဘောဂဗေဒ | ၇၈. ၂၆% |

ကျောင်း၏အောင်ချက်ရာခိုင်နှုန်း (၈၃. ၃၃%)

၅တန်း မှ ၁၀တန်း အထိ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံပါပြီ

၈၊ ၉၊ ၁၀ တန်းခွဲ(၁)များ March(25)စမည်၊

၅၊ ၆၊ ၇ တန်းခွဲများ May(2)ရက် စမည်၊

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၁ ၈၅၆၂၈၃၀၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၃၁၂၃၃၂၇၅


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၈**

ဒေါ်အိအိစံ — နှင့် — ဒေါ်သန်းအေး
**တရားလို** — **တရားပြိုင်**

မော်လမြိုင်မြို့၊ လမုတန်းရပ်၊ လမုတန်းလမ်း၊ ရွှေမြိုင်သီရိနယ်မြေ၊ အမှတ်(၅၆)နေ တရားပြိုင် ဒေါ်သန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အိအိစံက နေအိမ်နှင့် နေအိမ်တည်ရှိရာမြေကွက်အား ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် မတ် ၁၁ ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နွဲ့နွဲ့)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လယ်ဝေးမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်(၃)**

ဦးသိန်းအောင် — နှင့် — ဦးကျော်ဝင်း
**(တရားလို)** — **(တရားပြိုင်)**

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်နေ တရားပြိုင် ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက အချင်းဖြစ်အိမ်နှင့် အိမ်ဝိုင်းမြေကွက်ကို လက်ရှိဖြစ်သူ တရားလိုပိုင်ဆိုင်ကြောင်း မြွက်ကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၈ ရက် (၁၃၇၇ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တွင် တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်ဝင်း)**
**မြို့နယ်တရားသူကြီး**
**လယ်ဝေးမြို့နယ်တရားရုံး**


ဥယျာဉ်မှူး ရာထူးဝင်ခွင့်သင်တန်းများ

အလယ်တန်းပြဆရာ/ ဆရာမ PGDMA (ဝင်ခွင့်)

တာမွေ၊ ရွှေဗဟိုလ်အထူးကုရှေ့။ 09 5114804, 09 420042800



## လက်ရှိစီးပွားရေးပြုလုပ်နေဆဲဖြစ်သော

"SINGAPORE KITCKEN"စားသောက်ဆိုင်ကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆိုင်နေရာသစ် လုပ်ဆောင်လိုသူများ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၄၂၀၁၈၅၅၃၄**



## စိန်ရတနာ အကယ်ဒမီ (GEM DIAMOND ACADEMY)

စိန်အထူးပြု (၁)လသင်တန်း 8း00 to 10း00Am (5-3-2016 စမည်) (Fri, Sat, Sun,Mon) လစဉ်တန်းခွဲသစ်များ ဖွင့်ပါသည်။

စိန်အတုအစစ် ခွဲခြားခြင်းပညာ

စိန်အရည်အသွေးစစ်တမ်းနှင့် ကမ္ဘာသုံးစနစ်ဖြင့် စိန်တန်ဖိုးဖြတ်ခြင်း ပညာတို့ကို ကောင်းစွာတတ်ကျွမ်းရုံသာမက စိန်ရတနာကို အောင်မြင်စွာ ရောင်းချနိုင်ရန် စိန်အရောင်းပညာ အခြေခံကို ဆရာကြီးပါမောက္ခ ဦးဉာဏ်သင်းကိုယ်တိုင် GIA စနစ်အတိုင်း မိတ်ဆက်သင်ကြားပေးပါမည်။

**ဆက်သွယ်ရန်။ အမှတ်(၃၀)၊ ၄၉လမ်း၊ ပထမထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၀၀၀၅၁၆၁၊ ၀၉-၅၀၀၁၁၉၁၊ ၀၁-၃၉၇၁၉၃**


## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မယ်ဆွမ်မြောက်ရပ်ကွက်၊ ဝမ်ဟုန်းတိုးချဲ့ရပ်ကွက်သစ်၊ မြေကွက်/ဦးပိုင်အမှတ် (၆၊ ၇၊ ၂၇၊ ၂၉၊ ၃၇၊ ၈၅၊ ၉၁၊ ၉၅၊ ၁၀၉၊ ၁၂၅၊ ၁၂၉၊ ၁၃၂၊ ၁၃၄)ရှိ မြေကွက်များနှင့် မယ်ဆတ်ကျေးရွာအုပ်စု၊ ဝိန်းဝိုင်ကျေးရွာအနီးရှိ သီရိမင်္ဂလာတိုးချဲ့ကွက်သစ်၊ မြေကွက်/ဦးပိုင်အမှတ် (၂၄၊ ၈၅၊ ၈၇၊ ၈၈၊ ၉၀၊ ၉၁၊ ၉၂၊ ၉၄)ရှိ မြေကွက်များသည် (၂၀၀၄)ခုနှစ်နှင့် (၂၀၀၇)ခုနှစ်များတွင် မြေနေရာချထားရေးကော်မတီမှ လူနေထိုင်ရန်အတွက် မြေကွက်များဖော်ထုတ်ချထားပေးခဲ့ပြီးဖြစ်သော်လည်း အထက်ဖော်ပြပါမြေကွက်များ၌ မြေနေရာချထားပေးခြင်းခံရသူများမှ ယနေ့အချိန်အထိ ခြံစည်းရိုးကာရံခြင်း၊ လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်းများ ပြုလုပ်မှုမရှိသေးကြောင်း တွေ့ရှိရသဖြင့် ဤသတင်းစာတွင်ပါသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား အပြီးဆောင်ရွက်သွားရန်၊ လူနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ရက်အတွင်း ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်မှုမရှိပါက မြေကွက်အား ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ**
**မိုင်းဆတ်မြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိတိုက်ခန်းကိုကန်ထရိုက်တာထံမှအဆင်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအားခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးကံမြင့် ၁၂/မဂတ(နိုင်)၀၇၇၆၀၈(မှ) ဒေါ်ဟာဇရာဘီဘီ ၁၂/ပဘတ(နိုင်)၀၂၄၁၉၆(မှ) | ဦးလှမိုး ၁၂/လမတ(နိုင်)၀၁၄၃၂၄ | တိုက်အမှတ်(၁၇၉/၁၈၅)၊ အခန်း (၄လွှာ/ဘီ) (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၂**

ဒေါ်တင်ဝင်းချစ် — နှင့် — ဒေါ်ကြူကြူ
**တရားလို** — **တရားပြိုင်**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ် ၁၇/ကနေ ဒေါ်ကြူကြူ(တရားပြိုင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်ဝင်းချစ်က နှစ်ဦးနှစ်ဖက် စာရင်းရှင်းလင်းပြီး စုကြေးငွေကျပ် ၅၅၈၀၀၀၀/-(ကျပ်ငါးဆယ့်ငါးသိန်းရှစ်သောင်းတိတိ)ရယူလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၀ရက် မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၃**

ဒေါ်ချိုတီ(ခ)ဒေါ်အားဖန် — နှင့် — ၁။ ဒေါ်ခင်မာရီ ၂။ ဦးဗီဝင်း
**တရားလို** — **တရားပြိုင်များ**

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ နယ်မြေ(၁၀)၊ ရွှေပန်းသီးလမ်း၊ အိမ်အမှတ် ၅နေ (၁)ဒေါ်ခင်မာရီ၊ (၂)ဦးဗီဝင်း(တရားပြိုင်များ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ချိုတီ(ခ)ဒေါ်အားဖန်က မှတ်ပုံတင်အိမ်မြေအရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၁၀ ရက်မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၂ ခုနှစ် ဇာရီမှုအမှတ်-၉၄**

ဦးသိန်းလွင် **နှင့်** ၁။ ဒေါ်သန်းသန်းအေး
၂။ မချိုမာ
၃။ မစန္ဒာကျော်
၄။ ဦးတင်ဝင်း (ကွယ်လွန်သူဒေါ်ခင်အေး
၅။ ဦးဝင်းနိုင် ၏တရားဝင်ကိုယ်စား
၆။ ဦးညီညီနိုင် လှယ်များ)
၇။ ဦးမျိုးမင်းအောင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၀၉၁/၂၀၁၁အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၆ခုနှစ် ဧပြီ ၂၈ရက် နံနက် ၁၀း၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မြေကွက်အမှတ်(၄၈၆)၊ အလျားပေ ၄၀×အနံပေ ၆၀၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ သုမာလာ (၈)လမ်းတွင်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**ကြမ်းခင်းဈေး ကျပ်သိန်း ၁၉၀၀။**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ဒေါ်မြင့်ဌါ)
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သံဖြူဇရပ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

၁။ ဒေါ်ရင်စိန် **နှင့်** ၁။ ဒေါ်စိန်ဆင် ၁၁။ ဦးပြည်တော်စိန်
၂။ ဦးအောင်ရှိန် ၂။ မခင်မာချို ၁၂။ ဒေါ်ချော
(၄င်းတို့၏အခွင့်ရ ၃။ မခင်မာစိုး ၁၃။ ဦးချစ်စိန်
ကိုယ်စားလှယ် ၄။ မောင်ဇော်နိုင်ဦး ၁၄။ ဒေါ်နု
မထွေးထွေးဝင်း) ၅။ မခင်မိုးဝင်း ၁၅။ ဒေါ်ညွှန့်
၆။ မောင်အေးထွန်း ၁၆။ ဒေါ်ခင်ထွေး
၇။ မစန္ဒာပြုံး ၁၇။ မခင်စန်းဝေ
၈။ မောင်ဇော်နီအောင် ၁၈။ မထွေးကြည်
၉။ မအေးသန္တာ ၁၉။ ဒေါ်သန်းစီ
(၄င်း၏နီးစပ်ရာ
မိတ်ဆွေဒေါ်ကိုင်း) ၂၀။ ဒေါ်လှသီ
၁၀။ ဒေါ်သန်းရီ ၂၁။ မစန္ဒာထွေး
အနင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ်

**တရားလိုများ** **တရားပြိုင်များ**

သံဖြူဇရပ်မြို့နယ်၊ အနင်းကျေးရွာ၊ ဘူတာပိုင်း၊ ဆေးရုံအနောက်နေ (၂)မခင်မာချို၊ (၃)မခင်မာစိုး၊ (၄)မောင်ဇော်နိုင်ဦး၊ (၅)မောင်အေးထွန်း၊ (၇)မစန္ဒာပြုံး၊ (၈)မောင်ဇော်နီအောင်၊ (၉)မအေးသန္တာ (၄င်း၏နီးစပ်ရာမိတ်ဆွေဒေါ်ကိုင်း) (ကွယ်လွန်သူ ဦးသောင်းလုံး၏ တရားဝင် ကိုယ်စားလှယ်များ) တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၁၀ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်(မြိတ်)**
**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အသက်(၈၈)နှစ်**

Popular Plastic Group ၏ ဥက္ကဋ္ဌဦးကျင်ဦး နှင့် Managing Director-ဒေါ်ချောစုလွင်တို့၏ ဖခင်ဒေါက်တာဦးမင်းလွင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Cedar Garden Plastic Industry

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်(မြိတ်)**
**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အသက်(၈၈)နှစ်**

Popular Plastic Group ၏ ဥက္ကဋ္ဌဦးကျင်ဦး နှင့် Managing Director ဒေါ်ချောစုလွင်တို့၏ ဖခင်ဒေါက်တာဦးမင်းလွင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Deodar Park Plastic Industry

## ဒေါက်တာ ဝင်းလဲ့မွန်

**လက်ထောက်ဆရာဝန် ပြည်သူ့ဆေးရုံကြီး (ပဲခူးမြို့)**
**အသက် (၂၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ နံ့သာဖြူလမ်း၊ အမှတ် ၁၀၁/၂နေ ဦးနေဝင်း (ဒါရိုက်တာ Fam-ous Parami Construction Co.,Ltd) (ဆည်မြောင်း -ငြိမ်း)- ဒေါ်ခင်သန်းဝင်းတို့၏ သမီး၊ ကိုငြိမ်းချမ်းကျော် (Auto-com Japan)၊ ဒေါက်တာ ဖူးပြည့်ကျော် (လက်ထောက်ဆရာဝန်၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး)တို့၏ ညီမသည် ၂၈-၂-၂၀၁၆ ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၅-၃-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၀၅**

ဒေါ်မေမျိုးခိုင် **နှင့်** ၁။ ဦးတင်ရွှေ
၂။ ဒေါ်ခင်စန္ဒာသန်း
၃။ မောင်ရဲဇင်နိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၅ လမ်း၊ အမှတ် ၄၇၀(က)နေ (၂)တရားပြိုင် ဒေါ်ခင်စန္ဒာသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ဖြင့် အပ်နှံထားသည့် ငွေကျပ်သိန်း(၂၀၀)(ကျပ်သိန်းနှစ်ရာတိတိ)အား ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် မတ် ၁၈ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမော်)
**ဒုတိယခရိုင်တရားသူကြီး (၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၁-I) ဧရိယာ ၁ ဒသမ၁၃၈ဧကအား အမည်ပေါက် ဦးကျီးညို ၅/စကန(နိုင်) ၀၄၆၉၉၅ ထံမှ ဦးထွန်းဝင်း ၁၃/တကန(နိုင်)၁၂၃၅၀၀က စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးထွန်းဝင်းမှ ၄င်း၏အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊**
**ဝါခင်းကုန်းဝိဇယာရာမ ရာကျော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်**
**ဘဒ္ဒန္တဝိဇယမဟာထေရ်မြတ်**
**သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ဝါခင်းကုန်း ဝိဇယာရာမ ရာကျော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တဝိဇယမဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၁၄-၂-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) ၅-၃-၂၀၁၆ရက် (စနေနေ့)တွင် စံကျောင်းတော်ပင့် အခမ်းအနားကျင်းပပြီး (တပို့တွဲ လပြည့်ကျော် ၁၂ရက်) ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ဝါခင်းကုန်းကန်ကောက်ရပ်ကွက် အားကစားကွင်း လောင်တိုက်ပြာသာဒ်တော်၌ အဠိမအဂ္ဂိဈာပနသာခုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာတော်များနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

## ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင် (မြိတ်)

**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)တိုးချဲ့ရပ်ကွက်၊ သုနန္ဒာလမ်း၊အမှတ် ၁၅၁၊ (ရတနာကျွန်းရိပ်သာ)နေ(ဦးမွေး-ဒေါ်ခီး)တို့၏သား၊(ဦးကျောက်ခဲ-ဒေါ်သန်းမေ)တို့၏သားသမက်၊ ဒေါ်ကျင်မြိုင်(ဖြူး)၏ခင်ပွန်း၊ ဦးမြင့်လွင် (GALAXY Shipping )၊ ဦးချစ်လွင် (USA)၊ ဦးကျင်ဦး (President -Popular Plastic Group)- ဒေါ်ချောစုလွင် (Managing Director -Popular Plastic Group)၊ ဦးချောမောင်မောင်လွင် (General Manager-SOGO Plastic Tank)၊Mr. Tan Aikkhoon-ဒေါ်ချောပုံပုံလွင်(ခေတ္တ-မလေးရှား)၊ ဦးချောညီညီလွင်၊ ဒေါက်တာချောဝေလွင် (မျက်စိအထူးကုဆရာဝန်)-ဒေါက်တာအိမွန်လွင်တို့၏ဖခင်၊ မောင်နေမင်း-မရတနာချော၊မောင်ဟိန်းထက်ဦး (ခေတ္တ-USA),Tan Jin Chun,Tan Su Ping၊ မအိမ့်ဖူးလွင်၊ မောင်ဟိန်းထက်လွင်တို့၏အဘိုး၊ မောင်မင်းဘုန်းထက်၏ဘိုးဘိုးကြီးသည် ၂၆-၂-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ဖူကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။
(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဦးမင်းလွင်(ခ)ဦးစင်းအင်(မြိတ်)**
**ဆေးရုံအုပ်ကြီး (ငြိမ်း)**
**အသက် (၈၈)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး(President, Popular Plastic Group)- ဒေါ်ချောစုလွင် (Managing Director, Popular Plastic Group) တို့၏ ဖခင် ဒေါက်တာ ဦးမင်းလွင်(ခ)ဦးစင်းအင်သည် ၂၆-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မအေးအေးကျော် မိသားစု**
A.A.K **ပလတ်စတစ်ရောင်းဝယ်ရေး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဝတ္တကမြေ၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**

## ပါမောက္ခဌာနမှူး ဒေါ်လင်းလင်းခိုင် (ငြိမ်း) (မော်လိုက်မြို့)

**သူနာပြုတက္ကသိုလ်၊ မန္တလေး**
**သူနာပြုအုပ်၊ ညိမ်းအထူးကုဆေးရုံ**
**အသက် (၆၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာရပ်ကွက်၊ ၉လမ်း၊ အမှတ် ၃၄ နေ (ဦးစိန်မင်း-ဒေါ်သောင်း)တို့၏သမီး၊ ဦးကောဝိဒဉာဏ (ရွှေတောင်ဦး-စစ်ကိုင်း)၏ ရဟန်းမယ်တော်၊ ဗိုလ်ကြီးဝင်းကြူ (ငြိမ်း)-ဒုဗိုလ်မှူးကြီး ခင်မြဝင်း (ငြိမ်း)၊ အရှင်ဉာဏိသရ (ကမ္ဘာအေး-စွန်းလွန်း)တို့၏ ညီမ၊ ဒေါ်တင်တင်မော် (လ/ထ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-အင်းစိန်)၊ ဒေါ်ယဉ်ယဉ်နု (အထက-၂၊ မင်္ဂလာဒုံ)၊ မောင်ဇော်တင့်(ခ)မောင်သန်းထိုက်၊ ဗိုလ်ကြီးဝင်းဝင်းစိန် (ငြိမ်း)၊ မမာမာခိုင်တို့၏ အစ်မ၊ ဒေါက်တာ အေးအေးဟန်၊ ရဲအုပ်ညီညီလွင်-ဒေါက်တာ မြင့်မြင့်လှိုင်တို့၏ အဒေါ်၊ မသော်တာအေးချမ်း၏ အဘွားသည် ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၅-၃-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဆွမ်းကျွေးတရားတော်နာ ဖိတ်ကြားလွှာ

**ဦးထွန်းထွန်းဦး(ခ)ဦးဖိုးကဲ**
**(မြန်မာ့တံခွန်ဆန်စက်၊ ပုသိမ်မြို့)**

ပုသိမ်မြို့၊ ရအက (၄)နယ်မြေ၊ မြေနုလမ်း၊ အမှတ် ၁၃နေ (ဦးမောင်မောင်)-ဒေါ်အင်ယား (ခ)ဒေါ်လေဝါးတို့၏ သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း (အလယ်)၊ အမှတ် (၉၇/ဘီ)၊ ၅လွှာ(ဝဲ)နေ ဒေါ်ခင်အေးနိုင် (MD G&C Myanmar Co.,Ltd)၏ ချစ်လှစွာသော ခင်ပွန်း၊ မမိုးပွင့်ဖြူ၊ မမိုးနှင်းဖြူတို့၏ ဖခင်အား ရည်စူး၍ ပြုလုပ်လှူဒါန်းအပ်သော ဆွမ်းကျွေးတရားတော်နာကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်ရှိ အထက်ပါနေအိမ်သို့ ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀မှ မွန်းတည့် ၁၂နာရီအထိ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခ ဦးရွှေသွင်
### အသက်(၈၅)နှစ်

မြန်မာစာပါမောက္ခ ဆရာကြီး ဦးရွှေသွင်သည် ၂၁-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာမိသားစု**
**ရန်ကုန်တက္ကသိုလ်**

## ကျေးဇူးအထူးတင်ရှိခြင်း
# ဦးခင်မောင်အေး
### (လေးမျက်နှာမြို့)
### အသက်(၈၄)နှစ်

၂၉-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားသော ဦးခင်မောင်အေး နာမကျန်းဖြစ်စဉ်မှစ၍ ကွယ်လွန်ချိန်အထိ စေတနာဖြင့် ကုသပေးခဲ့သော OSC အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၊ နှလုံးနှင့် အထွေထွေရောဂါအထူးကုသမားတော် ဒေါက်တာဦးလွဏ်းဝေ၊ အထွေထွေအထူးကုသမားတော် ဒေါက်တာဦးသိန်းမြင့်နှင့် I.C.U မှ ဆရာဝန်နှင့် သူနာပြုဆရာမများ အားလုံးကိုလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
# Capt: ဦးလှဝင်း (သုံးခွ)
### CDC-၂၉၇၉
### ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအပတ်စဉ်(၁)
### တပ်မတော်(ရေ)လေ့ကျင့်ရေးကျောင်း
### မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း
### အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ရေကြောင်းအတတ်ပညာရှင်များအသင်း
### အမှုဆောင်ဒါရိုက်တာ၊ ဓေယျသိဒ္ဓိသင်တန်းကျောင်း
### လင်းပါရဂူအထူးကုဆေးခန်း/ဆေးရုံ
### အသက်(၇၄)နှစ်

Capt: ဦးလှဝင်းအား နာမကျန်းစဉ်မှ ကွယ်လွန်သည်အထိ ဆေးကုသမှုပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံကြီးမှ ဦးနောက်နှင့် အာရုံကြောဆိုင်ရာ ပါမောက္ခဆရာဝန်ကြီးများ၊ လ/ထဆရာဝန်များနှင့် သူနာပြုများ၊ အိမ်တိုင်ရာရောက်ဆေးကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် တမလွန်သံသရာခရီး ဖြောင့်ဖြူးသည်ထက် ဖြောင့်ဖြူးစေရန် အခါအားလျော်စွာ လာရောက်၍ တရားများရွတ် ဖတ်သရဇ္ဈာယ်ပေးကြသော ပ သုံးလုံးဝိပဿနာအဖွဲ့ချုပ်မှ နာယကဆရာတော် ဦးဇောတိကနှင့် ဓမ္မကထိက သံဃာတော်များ၊ သာကေတ ဆုထူးပန်ဗုဒ္ဓဝိဇ္ဇာစာသင်တိုက်မှ နာယကဆရာတော် ဦးတေဇောဘာသ၊ ဘိုကလေးမြို့နယ်၊ သင်ကျောင်းရွာ၊ သင်ကျောင်းဆရာတော်(ဘုန်းတော်ကြီးသင် ပညာရေးကျောင်း)၊ ဖျာပုံမြို့နယ်၊ ဘုရားကြီးကုန်းရွာ ဆရာတော် ဦးသေယျ(ဦးပဥ္စင်းစောလွင်)၊ နေအိမ်သို့ နာရေးသတင်း ကိုယ်တိုင်လာရောက်မေးမြန်းကြသော ပါမောက္ခဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောရေယာဉ်မှူးများ၊ ရေကြောင်းအတတ်ပညာရှင်များ၊ ကုန်သွယ်ရေကြောင်းဌာနဆိုင်ရာ လူကြီးများ၊ သုံးခွမြို့နယ်အသင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ ကွယ်လွန်ချိန်မှ ရက်လည်သည်အထိ လိုလေသေးမရှိ ဆောင်ရွက်ပေးပါသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ရွှေနေအောင်ကုမ္ပဏီဝန်ထမ်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် ဆက်သွယ်မေးမြန်း ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း စစ်မှန်သော စေတနာ၊ သဒ္ဓါ၊ မေတ္တာတရားတို့ဖြင့် ကျေးဇူးတင် မှတ်တမ်းတင်အပ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးခင်ဇော်(ရေကျော်) အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မြောင်းကြီးလမ်း၊ အမှတ် ၆၁၊ ခြောက်လွှာနေ(ဦးထွန်းညွန့်)-ဒေါ်လှရီတို့၏သား၊ (ဦးကျော်မြင့်)-ဒေါ်စန်းလှိုင်တို့၏သားသမက်၊ ဒေါ်မိမိနိုင်၏ခင်ပွန်း၊ ဆပ်ဝဏ္ဏအောင်၊ ကေးစုသော်တို့၏ဖခင်၊ ဦးတင်မင်းဇော်-ဒေါ်ယုယုမေ၊ ဦးနေထွဋ်-ဒေါ်ယုယုဝေ၊ ဦးသန့်ဇင်၊ ဦးမျိုးမင်းစိုးတို့၏ချစ်လှစွာသောအစ်ကိုသည် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃- ၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အေးသီတာစိုး
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးစိုးမောင်-ဒေါ်ခင်မြင့်မြင့်)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဝင်းမြင့်-(ဒေါ်အမာ)တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း(ငြိမ်း)-ဒေါ်နိုင်နိုင်မော်၊ ဦးစန္ဒဇောတိ၊ ဦးမိုးအောင်သျှန်-ဒေါ်စန်းဝင်းမေ၊ ဦးမင်းဆွေ(ဆောက်လုပ်ရေး၊ ငြိမ်း)-ဒေါ်ခင်စန္ဒာမိုး(ကထိက၊ ပြည်တက္ကသိုလ်)တို့၏ညီမ၊ ဦးမိုးကျော်စိုး-ဒေါ်ခင်မိုးမိုးညွန့်၊ ဦးနေဝင်း-ဒေါ်အေးသင်္ဂီလှိုင်တို့၏အစ်မ၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း-၂၀၊ အမှတ်(၈၆၃/ခ)နေ ဦးအောင်ပြည့်မွန်(အကောက်ခွန်မှူး)-ဒေါ်မွန်မြတ်သူ(အကောက်ခွန်မှူး)၊ မပိုမြတ်သူတို့၏မိခင်၊ ဦးမြတ်သူရ၏ဇနီးသည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၁၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၆ ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာဝင်းလဲ့မွန်
### အသက်(၂၈)နှစ်

ချစ်သူငယ်ချင်း ဒေါက်တာဝင်းလဲ့မွန်သည် ၂၈-၂-၂၀၁၆ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ဝင်းလဲ့မွန် ကောင်းရာ သုဂတိလားပါစေ။

**TTC(၂၀၀၅)မှ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးခင်မောင်အေး (ဧရာဝတီတိုင်း လေးမျက်နှာမြို့)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ အမှတ် ၆၅၈နေ (ဦးထွန်းညဏ်-ဒေါ်စိန်ညွန့်)တို့၏သား၊ (ဦးဘကြင်-ဒေါ်ကြွေ)တို့၏သားသမက်၊ ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဦးအောင်မျိုးလွင် (Director-THANT FAMILY)-ဒေါ်တင်တင်ဦး၊ ဦးမင်းသိန်းအေး(MYANMAR AURORA Co.,Ltd.)-ဒေါ်အေးအေးမော်၊ ဦးမြင့်သိန်း-ဒေါ်တင်ချိုအေး(LAND MARK အိမ်ခြံမြေအကျိုးဆောင်)၊ ဦးအောင်ကျော်စိုး(LIZSTAR Co.,Ltd.)-ဒေါ်တင်မာအေး(New ရွှေအင်ကြင်းဖိနပ်လုပ်ငန်း)၊ ဦးသိန်းနိုင်(3/E LIZSTAR Co., Ltd.)-ဒေါ်တင်စန်းအေး(ဒေါ်လာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ (ဦးဝင်းမင်းအေး)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၉-၂-၂၀၁၆ရက် နံနက် ၆း၅၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါက်တာဦးဝင်းမြင့်
### ပါမောက္ခ(ဌာနမှူး) အငြိမ်းစား၊ ဘူမိဗေဒဌာန
### အသက်(၆၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်းနေ ပါမောက္ခ ဒေါက်တာဦးဝင်းမြင့်သည် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

မကျန်းမာစဉ်အတွင်း နှုတ်အား၊ လူအားဖြင့်လည်းကောင်း၊ ငွေအားဖြင့်လည်းကောင်း ကူညီထောက်ပံ့ကြသော ပြည်တွင်းပြည်ပရှိ ဘဝတူဝန်ထမ်းများ၊ တပည့်များနှင့် ဆွေမျိုး၊ သူငယ်ချင်းအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

# ဒေါ်အေးစန်း
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၆ လမ်း၊အမှတ် ၁၉၂/ခနေ(ဦးသိန်းအောင်-ဒေါ်တင်လှ)တို့၏သမီး၊ မခင်ချမ်းမြေ့ဦး၊ မမေချမ်းမြေ့ဦးတို့၏မိခင်၊ ဦးမောင်မောင်ဦး၏ဇနီးသည် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်လင်းလင်းခိုင်
### ပါမောက္ခဌာနမှူး(ငြိမ်း)
### (သူနာပြုတက္ကသိုလ်၊ မန္တလေး)
### အသက်(၆၂)နှစ်

ပါမောက္ခ ဌာနမှူး ဒေါ်လင်းလင်းခိုင်(ငြိမ်း)သည် ၂၈-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း
# မအေးမြဖြူ (မိုးကုတ်)
### အသက်(၄၃)နှစ်

ပါမောက္ခ ဒေါက်တာဗေယျာထွန်း(ရောဂါဗေဒ)၏ ချစ်လှစွာသော သမီး မအေးမြဖြူသည် ၂၃-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ရောဂါဗေဒဆရာဝန်များ**
**ဆေးသုတေသနဦးစီးဌာန**

# ဒေါ်လှကြည်
### (ဘုမ္မနိုးရွာ၊ မုံရွာမြို့နယ်)
### အသက်(၆၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဘုမ္မနိုးရွာနေ (ဦးဘဂျမ်း-ဒေါ်ရွှေလဲ့)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ် ၆၉၃နေ (ဒုအရာခံဗိုလ်မောင်မင်း)၏ဇနီး၊(ဦးစိုးတင့်)-ဒေါ်တာတို့၏ညီမ၊ ဦးတင်အောင်-ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်ကျော်ဝင်း-ဒေါ်ခင်မာကြူ၊ ဦးတင်စိုးဝင်း-ဒေါ်မာမာသိန်း၊ ဦးနှင်း-ဒေါ်လဲ့လဲ့ကြည်တို့၏အစ်မ၊ ဦးဇော်မင်းဦး(အကောက်ခွန်မှူး)၊မောင်ကျော်ဗေယျ-မစုကြည်ထွေးတို့၏မိခင်၊တူ/တူမ ၂၄ယောက်တို့၏အဒေါ်သည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးကျော်သန်း(ခ)အာနီ
### (စစ်တွေမြို့)
### အသက်(၆၂)နှစ်

စစ်တွေမြို့နေ (ဦးအုန်းမောင်-ဒေါ်ရွှေစိန်)တို့၏သားသည် ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့)တွင် စစ်တွေမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးမောင်မောင်အေး
### General Manager
### Great Momentum International Trading Co.,Ltd.
### အသက်(၅၂)နှစ်

ကျောက်ပန်းတောင်းမြို့၊ မြို့မကွက်သစ်ရပ်၊ ဇောတိကလမ်း၊ အမှတ် ၁၆၉နေ (ဦးကံကောင်း) - ဒေါ်မြရွှေတို့၏သား၊ (ဦးမြမောင်-ဒေါ်ရီရီ)တို့၏သားသမက်၊ မခင်မြဝေ၊ မရီရီမြင့်တို့၏မောင်၊ ကိုမောင်ကျော်၊ မောင်ရဲမြင့်(ခ) ဖိုးချိုတို့၏အစ်ကို၊ မအေးအေးမြင့်၏ခင်ပွန်းသည် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ၁၅၁၊ ရတနာလမ်း၊ အမှတ် ၂ (သုံးလွှာ) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၆ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်စောရင် (သံတွဲ)
### မြန်မာ့လေကြောင်း
### (ပျံသန်းရေးဌာန)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမ အရှေ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၇၄/က-၂နေ (ဦးအောင်ပန်း-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးကျော်ဟန်)၏ချစ်လှစွာသောဇနီး၊ ဆရာဦးသန်းထိုက်ဟန် (M.B.C)-ဒေါ်ခင်ဆွေတင့်၊ ဦးမျိုးလှိုင်-ဒေါ်မိုးပွင့်ဟန်တို့၏ မိခင်၊ မနိုနိုမြတ်နိုးလှိုင်၊ မိုင်စုမြတ်မွန်ဟန်၊ မဒီဒီတွယ်တာလှိုင်၊ ဆလိုင်းပြည့်စုံဟန်တို့၏အဘွားသည် ၂၈- ၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် နံနက် ၉နာရီတွင် အင်းစိန် ရွာမနှစ်ခြင်း အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးတင်လှိုင်(ဟာကြူလီ)
### မော်လမြိုင်
### (၆၅ သတ္တု၊ နတ်မောက် ကျောင်းသားဟောင်း)
### အသက်(၇၀)

မော်လမြိုင်မြို့၊မြိုင်သာယာ၊ အမှတ် ၃၇၈၊ သမိန်ဗရမ်းလမ်းနေ (ဦးဝိုင်း-ဒေါ်အမာ)တို့၏သား၊ ဒေါ်သန်းရှင်၏ခင်ပွန်း၊ ဒေါက်တာအေးမီလှိုင်(လ/ထ ကထိက၊ ဓာတုဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၊ ဒေါ်ငွေမီလှိုင်၊ ဒေါ်ယဉ်မိုးလှိုင် (သရုပ်ပြ၊ ဓာတုဗေဒဌာန၊ တောင်ငူတက္ကသိုလ်)တို့၏ ဖခင်သည် ၂၉-၂-၂၀၁၆ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးခင်မောင်ညွန့်
### မိုက္ကရိုဝေ့(ဗ်)တာဝန်ခံ
### (အင်ဂျင်နီယာ၊ ငြိမ်း)
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ဒလမြို့
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ (၂)ရပ်ကွက်၊ ယုဇနမြိုင်လမ်း၊ အမှတ် ၁၅နေ ဒေါ်နှင်းနှင်းဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီတာနှင်း၊ ဒေါ်ဖြူမာနှင်း (CHD-Bank)၊ ဒေါ်ဝေဝေနှင်း၊ ဒေါ်သူဇာနှင်း (A.A Electronic)၊ ဦးကြည်တိုးခင်တို့၏ ချစ်လှစွာသောဖခင်၊ မအေးငြိမ်းဟန်၊ မထက်ထက်ဟန်တို့၏ အဘိုးသည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄း၄၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သမ္ဗန်ဆိပ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၃-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးကြည်စိန်
### အသက်(၅၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ညောင်ပင်ကွင်းရွာနေ (ဒေါ်မိတင်)၏ခင်ပွန်း၊ ဦးသောင်းတင်-ဒေါ်ခင်ဝေ၊ ဦးချွန်-(ဒေါ်မြရီ)၊ (ဦးသန်းမြ)-ဒေါ်အုန်းရီ၊ ဦးမင်းနိုင်-ဒေါ်တင်နုကြည်(အထက၊ မလိဂမ်းကျောင်းအုပ်)၊ ဦးဉာဏ်သိန်း-ဒေါ်သူသူရိန်၊ ဗိုလ်ကြီးဇော်မင်းနိုင်-ဒေါ်လှလှဌေး၊ ဦးစည်သူနိုင်-ဒေါ်စီစီချိုတို့၏ဖခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၂ယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၆ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ညောင်ပင်ကွင်းရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တနန္ဒိယ
### (သာသနဓဇ ဓမ္မာစရိယ၊ မင်္ဂလဓမ္မဇောတိကဓဇ)
### သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကန်တော်အုပ်စု၊ ရဘဲကျေးရွာ၊ ရတနာဒီပကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၏ညီတော် ဘဒ္ဒန္တနန္ဒိယသည် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) ၂၇-၂-၂၀၁၆ရက် နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီနှင့်တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ
ရဘဲရွာ၊ တောင်သာမြို့နယ်

# ဦးကြင်ဖေ အသက်(၇၈)နှစ်
### (အရာခံဗိုလ်၊ တပ်မတော်-လေ၊ ငြိမ်း)၊ လေ/၇၃၅၃

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဦးအေးမောင်-ဒေါ်အေးကြွယ်)တို့၏သား၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ဒေလီယာလမ်း၊ အမှတ် ၁၄(B)နေ ဒေါ်ခင်မေသန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒု-ဗိုလ်မှူးကြီးဝင်းကိုကို-ဒေါ်ခင်သီတာ၊ တပ်ကြပ်ကြီးအောင်ကျော်ဦး(တပ်မတော်-ရေ)၊ ဦးအောင်နိုင်ကြည်(လေယာဉ်မှူးကြီး၊ MAI)-ဒေါ်ချစ်ချစ်ထွေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးစောလွင်
### (အထက်တန်းပြ၊ ငြိမ်း)
### အသက်(၇၈)နှစ်

မွန်ပြည်နယ်၊မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်နေ (ဦးချန်ထွန်း-ဒေါ်မြဇင်)တို့၏သား၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၄၀၆နေ ဒေါ်မြမြသန်း(အထက်တန်းပြ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးထွန်းထွန်းဦး)-ဒေါ်ယုယုစော၊ ဒေါ်နီလာစော၊ (ဦးအောင်အောင်စော)၊ ဒေါ်ရီရီဝင်း၊ ဦးအောင်နိုင်စော-ဒေါ်ဥမ္မာသွင်၊ (ဦးမျိုးနိုင်စော)၊ ဦးမျိုးခိုင်စောတို့၏ဖခင်၊ မောင်ငြိမ်းချမ်းဝင်း၊ မမြတ်သော်တာ၊ မောင်ဇေယျာထွန်း၊ မောင်ကောင်းကင်မိုးတို့၏ အဘိုးသည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် မော်လမြိုင် ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သထုံမြို့ ကျောက်တန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
# ဦးအောင်ဝင်း(အောင်ရတနာပို့ဆောင်ရေး) အသက်(၆၂)နှစ်
### ကန်တော်ကလေး

ရေနံချောင်းမြို့၊ သုံးဆယ့်ခြောက်ကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်ဖွားမို)တို့၏သား၊ (ဦးစောမောင်-ဒေါ်မြစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၅နေ ဒေါ်မြင့်မြင့်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးညွန့်)-ဒေါ်တင်တင်သွယ်၊ (ဦးစိုးငြိမ်း)-ဒေါ်အေးသောင်းတို့၏ညီ၊ (ဦးအောင်သောင်း)-ဒေါ်မြင့်မြင့်သိန်း၊ ဦးတင်မောင်သန်း-ဒေါ်တင်အုန်းကြည်၊ ဦးသန်းဦး-ဒေါ်တင်အုန်းကြူတို့၏မောင်၊ ကိုညွန့်ဝင်းဗိုလ်-မသန္တာတို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေး၊ မြေး ၁၃ယောက်တို့၏ အဘိုးလေးသည် ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၆ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါက်တာဥက္ကာဝေမျိုး အသက်(၃၆)နှစ်
### BDS (MDY), First Casa Dental Clinic, Dip. D.Sc(Ygn)

မန္တလေးမြို့နေ ဒေါက်တာခင်မောင်ဝေ - (ဒေါ်ခင်မျိုးမော်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးသိန်းဝင်း-ဒေါ်ညွန့်ကြည်တို့၏သားသမက်၊ ကိုတင်ကိုအောင်-မဆွေဆွေမာ၊ ကိုမင်းမင်းအောင်-မသီရိဝေမျိုး၊ ကိုတင့်ဇော်မောင်-မနန္ဒာဝေမျိုး (နန္ဒာအတွင်းဝတ်အမျိုးမျိုးရောင်းဝယ်ရေး၊ မန်းမြန်မာပလာဇာ)တို့၏ညီ/မောင်၊ မချောသီသီဟန်၊ ကိုကျော်ပြည့်ဟိန်း(ခ)ဖိုးပြည့်(ပတ္တမြားFM)၏အစ်ကို၊ မောင်မင်းခန့်ကို၊ မလဲ့နန္ဒာမောင်၊ မောင်လင်းနန္ဒာအောင်တို့၏ဦးလေး၊ သန်လျင်မြို့၊ စိတ္တသုခလမ်း၊ အမှတ် ၇နေ ဒေါက်တာဖြူဖြူအောင်၏ချစ်လှစွာသောခင်ပွန်း၊ မမေဘာရဏီဝေမျိုး၏ချစ်လှစွာသောဖခင်သည် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၃း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် သန်လျင် အမိုးနီအအေးတိုက်မှ သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါက်တာဝင်းလဲ့မွန်
### လက်ထောက်ဆရာဝန်
### ပြည်သူ့ဆေးရုံကြီး(ပဲခူးမြို့)
### အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊နံ့သာဖြူလမ်း၊အမှတ် ၁၀၁/၂နေ ဦးနေဝင်း (ဒါရိုက်တာ Famous Parami Construction Co.,Ltd.)(ဆည်မြောင်း၊ ငြိမ်း)-ဒေါ်ခင်သန်းဝင်းတို့၏ တစ်ဦးတည်းသောသမီး၊ ကိုချမ်းငြိမ်းကျော်(Autocom Japan)၊ ဒေါက်တာဖူးပြည့်ကျော် (လက်ထောက်ဆရာဝန်၊ သင်္ဃန်းကျွန်းစံပြဆေးရုံ)တို့၏ညီမသည် ၂၈-၂-၂၀၁၆ရက် နံနက် ၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၃-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်ကျင်လှ
### အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကညင်ချောင်းကျေးရွာနေ (ဦးစုရင်-ဒေါ်မိုး)တို့၏သမီး၊ (ဦးကျင်ကီး)-ဒေါ်ကျင်မြ၊ (ဦးကျင်မြ-ဒေါ်အေးသာ)တို့၏ညီမ၊ ဦးချေးလေး-ဒေါ်လှကြည်၊ ဦးကျင်ပို-ဒေါ်ထွေးညို၊ ဦးထွန်းလှိုင်-ဒေါ်ခင်ရီ၊ ဦးညွှန့်ဇော်-ဒေါ်ခင်စန်း၊ (ဦးညွန့်နိုင်)တို့၏အစ်မ၊ (ဦးကျင်ဝှက်)၏ဇနီး၊ ဦးလှရွှေ-(မလွမ်းသိန်း)၊ ဦးကြီးရှိန်-ဒေါ်ခင်လှဌေး၊ ဦးစံတင့်-မခင်မာဌေး၊ ကိုလေးနိုင်-မခင်မြင့်တို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ အမှတ် ၂၈၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ နိုင်ငံတကာအဆင့်မီကျောက်ကပ်အစားထိုးကုသမှုအောင်ပွဲများ

မန္တလေး ဖေဖော်ဝါရီ ၂၉

**မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးကုသမှုကို ၂၀၀၁ ခုနှစ်က စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၄ခုနှစ်အထိ ကျောက်ကပ်ဝေဒနာရှင် ခုနစ်ဦးကို အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကာ ကြားကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ ပြန်လည်လုပ်ဆောင်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီလအထိ ကျောက်ကပ်ခွဲစိတ်ကုသမှု လူနာ ၁၄ ဦးကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့သည်။**

**သတင်းဆောင်းပါး**
**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



ထို့ကြောင့် အထက်မြန်မာနိုင်ငံမှ ပြည်သူများအားထားရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးကုသမှု အောင်မြင်စွာလုပ်ဆောင်ခဲ့သည့် ဆရာဝန်ကြီးများနှင့် လူနာများအားတွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့၏ပီတိစကားသံများကို ကြားသိခဲ့ရသည်။

**ဒေါက်တာတင်တင်မိုး (ဆေးရုံအုပ်ကြီး)**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

ကျောက်ကပ်အစားထိုးလုပ်ငန်းဆိုတာ အင်မတန်မှ ကျယ်ပြန့်တဲ့လုပ်ငန်းကြီးပါ၊ လုပ်ကိုင်ရတဲ့အခါမှာ ဆေးရုံမှာရှိနေတဲ့ ကုသရေးဌာနပေါင်း မြောက်မြားစွာနဲ့ အထောက်အကူပြုဌာနတွေရော ရောဂါရှာဖွေရေးဌာနတွေပါ ပူးပေါင်းပြီးလုပ်ဆောင်ရပါတယ်။ ကျယ်ဝန်းပြီး အလွန်အရေးကြီးပါတယ်။

အဓိကပါဝင်ပြီး လူနာတွေကိုရှာဖွေပေးရတဲ့ ဌာနကတော့ ကျောက်ကပ်ဆေးပညာဌာနပါ၊ အဲ့ဒီကျောက်ကပ်အတွဲတွေ ရှာပေးလိုက်တဲ့အပေါ်မှာ ဆေးပညာဌာန၊ နှလုံးခွဲစိတ်ကုဌာန၊ နှလုံးသွေးကြောဆေးကုဌာန စတဲ့ဌာနတွေက လူနာတွေကိုခေါ်ယူပြီး အကြိမ်ကြိမ်စစ်ဆေးရပါတယ်။

*စာမျက်နှာ ၉ ကော်လံ ၁* ●

**ယနေ့ ဖတ်စရာ**

**ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်မည့် အိုဘားမား၏အစီအစဉ် အကြိတ်အနယ်ဆုံးဖြတ်နေရ** စာ ၄

**ကလေးမြို့လမ်းဆုံအနီး သုံးထပ်တိုက်အဖီပြိုကျ လူနှစ်ဦး ပိမိသေဆုံး** စာ ၁၃

# မန်စီးတီးတို့ ကက်ပီတယ်ဝမ်းဖိုလ်လုပွဲတွင် အစဉ်အလာကြီးမားသည့်လီဗာပူးကိုနိုင်ပြီး ဖိုလ်စွဲ

**သီဟ-ရေးသည်**

၂၀၁၅-၂၀၁၆ အင်္ဂလန်ကက်ပီတယ်ဝမ်းဖလား ဖိုလ်လုပွဲစဉ်ကို လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ဖေဖော်ဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့)ညက လီဗာပူးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ် မန်စီးတီးအသင်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဖိုလ်စွဲခဲ့သည်။

ယင်းပွဲစဉ်တွင် နည်းပြဂျာဂျန်ကလော့ပ်၏လီဗာပူးအသင်းသည် ၄-၄-၁-၁ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး နည်းပြပယ်လီဂရီနီ၏မန်စီးတီးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၄၉ မိနစ်တွင် အဂူရိုဖန်တီးပေး၍ ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် ကွင်းလယ်ကစားသမား ကော်တင်ဟိုက လီဗာပူးအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ရာ အချိန်ပို မိနစ် ၃၀ ထပ်မံကစားစေခဲ့သည်။ အချိန်ပိုတွင်လည်း နှစ်သင်းစလုံး ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ ပယ်နယ်တီအဆုံးအဖြတ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ လီဗာပူးအသင်း စတင်ကန်သွင်းခဲ့ပြီး အီမရီကန်းတစ်လုံးတည်းသာ ဂိုးအဖြစ်ပြောင်းလဲနိုင်ပြီး လုကပ်စ်၊ ကော်တင်ဟို၊ လယ်လာနာတို့သွင်းဂိုးများကို မန်စီးတီးဂိုးသမား ကာဘယ်လာရိုက လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ မန်စီးတီးဘက်မှ ဖာနန်ဒင်ဟို သွင်းဂိုးမဝင်ခဲ့ဘဲ နားဇက်စ်၊ အဂူရို၊ ယာယာတိုရေးတို့သွင်းဂိုးများ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ပွဲပြီးချိန်တွင် မန်စီးတီးအသင်း လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ❖




မန်စီးတီးတို့ ကက်ပီတယ်ဝမ်းဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS